
www.burmeseclassic.com

ညိုမင်းဦး

(း တက္ကသိုလ်)

# ကြိုးပစ်အပိုင်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်
-၂၄၁/၉၉ (၃)
မျက်နှာဖုံးခွင့်ပြုချက်
၃၃၉/၉၉ (၅)
မျက်နှာဖုံးစိတ်ကူး
ယဉ်မင်းဦး(ဆေးတက္ကသိုလ်)
ကွန်ပျူတာ ပုံဖော်
သီဟလတ်
ပထမအကြိမ်
အုပ်ရေ
၁၀၀၀
၁၉၉၉၊ ဩဂုတ်လ
တန်ဖိုး
၂၀၀ ကျပ်
ထုတ်ဝေသူ
ဦးမြသန်း(၀၁၀၅၀) အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ သမာဓိလမ်း၊ ခွဲစုံရပ်၊ ကမ္ဘာအေး။
ပုံနှိပ်သူ
ဒေါ်ခင်လှ(၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်။
မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန်(၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်စက်
အမှတ် ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်။
ဖြန့်ချိရေး
နေလစာပေ၊ ၁၉၈၊ ၂၉ လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-(၀၁)၅၇၁၁၆၁

BURMESE CLASSIC .com

● ဆရာမ ယဉ်မင်းဦး ကိုယ်တိုင်က ငယ်ရွယ်သူလည်းဖြစ်၊ မိန်းကလေးတွေရဲ့ လက်ငင်းဖြစ်တည်မှုကို ကိုယ်စားပြု ရေးဖွဲ့နေတဲ့ စာရေးဆရာမလည်း ဖြစ်နေတော့ ခုခေတ် မိန်းကလေးတွေဟာ သူတို့ရဲ့ ရုပ်ရည်အလှကို သူတို့ရဲ့ အရည်အချင်းတစ်ရပ်လို အထင်ကြီးပြီး အားကိုးမှုတွေ ပိုများလာတာ တွေ့ရတယ်။ အဲဒါ မှားယွင်းမှုတစ်ခုစီ ဦးတည်နေမလား။ ဆရာမ အမြင်ကို သိပါရစေ။

❑ ဟုတ်ကဲ့။ 'ကြွက်သိုရုပ်ခန့်' လို့ အဆိုရှိတော့ မိန်းကလေးအချို့ ဟာ သူတို့ရဲ့ ရုပ်ရည်အလှ ကိုယ်ကာယအလှကို မက်မော တွယ်တာ အားကိုးကြမှာပဲ၊ လူအများရဲ့ အသိအမှတ်ပြုခြင်း ကို ခံချင်ကြမှာပဲ။ ဒါပေမဲ့ ရုပ်ရည်ချောမောလှပမှုဟာ အချိန်တွေ ကြာလာတာနဲ့အမျှ နုပျိုမှုတွေ ပျောက်ဆုံးပြီး

www.burmeseclassic.com

www.burmeseclassic.com

အလှဂုဏ်တွေ ကျဆင်းလာစမြဲပါ။ ဇရာကို ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူး။ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေးနဲ့ စိတ်ထားအလှတွေကတော့ နှစ်တွေကြာလေ၊ ဘဝအတွေ့အကြုံ များလာလေမို့ ရင့်ကျက်တည်ငြိမ်ခြင်းနဲ့ အတူ အသိဉာဏ်တွေပါ တိုးတက်မြင့်မားလာစမြဲပါ။ တန်ဖိုးတက်လာစမြဲပါ။

•

အဲဒီလိုမဟုတ်ဘဲ ရုပ်ရည်တစ်ခုတည်းကိုပဲအားကိုးနေတဲ့ ရုပ်ရည်အလှပဲရှိပြီး ဘာအသိဉာဏ်မှမရှိတဲ့ မိန်းမတစ်ယောက်ဆိုရင်တော့ ယောကျ်ားတွေရဲ့ အဖျော်ဖြေခံ၊ အဖြည့်ခံ သက်သက်ပဲဖြစ်ကြရတော့မှာပါ။ ဒါဟာ မှားယွင်းမှုတစ်ခုပဲ။

ကျွန်မတို့ဟာ ပုခက်လွှဲသော လက်ပိုင်ရှင်တွေပါ။ လောကမှာ မြင့်မြတ်ပါတယ်ဆိုတဲ့ ယောကျ်ားတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ တော်လှန်ရေးသမားတွေ၊ တီထွင်ပါရဂူတွေကိုတောင် မွေးထုတ်ပေးနိုင်တဲ့ မိခင်လောင်းတွေဖြစ်တဲ့ ကျွန်မတို့ မိန်းမတွေရဲ့ ဖြစ်တည်မှုကို ပုရိသ ယောကျ်ားတွေအတွက်ပဲ စိမ်ခံပစ္စည်းသဘောမျိုး ဖြစ်သွားရတယ်ဆိုရင် အဲဒီအဖြစ်ဟာ အသည်းနာစရာ ကောင်းလွန်းလှပါတယ်။

(၁၉၉၈၊ မေလ ရှက်နုဝေမဂ္ဂဇင်း အင်တာဗျူးမှ ကောက်နုတ်ချက်)

## အက်တိုးပစ်အပျိုစင်

ကမ္ဘာကြီးမှာ မိန်းမရှိသည်။

မိန်းမတို့တွင် အပျိုစင်၊ အိမ်ထောင်ရှင်မ၊ တစ်ခုလပ်၊ မုဆိုးမ ဟူ၍ ဝိသေသ အမျိုးမျိုးရှိကြသည်။

မိန်းမတစ်ယောက်၏ တန်ဖိုး ဂုဏ်သိက္ခာကို မည်သို့ ဆုံးဖြတ်ကြပါသနည်း။

ကျွန်မ ယုံကြည်ချက်အရ ပြောရလျှင်

ထိုမိန်းမ၏ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်ကျင့်တရားနှင့် စိတ်ထားပြည့်ဝ မြင့်မားမှုကသာ အရေးကြီးသည်။

ယဉ်မင်းဦး (ဆေးတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏အမှာ

မိန်းမသားတစ်ယောက်၏ ဘဝမှာ တစ်ခါတည်းသာ ရှိပြီး တန်ဖိုးမဖြတ်နိုင်သော ပိုင်ဆိုင်မှုမှာ 'အပျိုစင်' ဆိုသော ဂုဏ်ဖြစ်သည်။

အပျိုစင်ဘဝသည် ဂုဏ်ရှိသည်မှန်သော်လည်း ကံမကောင်းအကြောင်း မလှ၍ အိမ်ထောင်ပြိုကွဲပျက်စီးရသော တစ်ခုလပ်မိန်းကလေးများကို၎င်း တစ်ခုလပ်ဆိုသည့် လေ့ကားထစ်ကြောင့် တန်ဖိုးနှင့် ဂုဏ်သိက္ခာ နိမ့်ဆင်းလျော့ကျသွားတာမျိုး မဖြစ်စေချင်ပါ။

မိန်းမတချို့မှာ သူမတို့၏ လော်မာ ဖောက်ပြားမှုကြောင့် မဟုတ်ဘဲအိမ်ထောင်ဖက်ယောကျ်ား၏ အမျိုးမျိုးသော ချို့ယွင်းချက်ကြောင့်သော်လည်းကောင်း၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ ရိုက်ခတ်မှုကြောင့်သော်လည်းကောင်း၊ ဒါမှမဟုတ် ကံတရား၏ စေ့ဆော်မှုကြောင့်သော်လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သင့်ဘဲ တစ်ခုလပ် ဖြစ်သွားကြရသူများ ဖြစ်သည်။

လောကဥ္ဇ မိန်းမတစ်ယောက်၏ တန်ဖိုးနှင့် ဂုဏ်သိက္ခာကို သံချေးတက်နေသော ရှေးရိုး အစဉ်အလာ ပြဋ္ဌာန်းချက်ကြီးအတိုင်း အပြိုစင်ဟူသော၊ တစ်ခုလပ်ဟူသော ဝိသေသနှင့်သာ မှတည် သတ်မှတ်ကြမှာပဲလား။ ၎င်း လူမှုရေးပဒေမှာ မိန်းမတစ်ယောက်၏ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်ကျင့်တရားနှင့် စိတ်ထား ပြည့်ဝ မြင့်မြတ်မှုတို့ကို ထည့်သွင်းရေးဆွဲ မထားသင့်ပေဘူးလား။

တစ်ခုလပ် မိန်းမတစ်ယောက်အပေါ်မှာ ပုံသေနည်းတစ်ခုတည်းနှင့် မှားယွင်းဆုံးဖြတ်တတ်ကြသော လူမှုအသိုင်းအဝိုင်းတချို့ နားလည်ခံစားမိစေဖို့နှင့် သဘောပေါက်သွားစေဖို့အတွက် ခေတ်ပြိုင် ခံစားမှုတစ်ခုအနေဖြင့် လက်ရှိ ရေစီးကြောင်း တစ်ခု၏ တစ်စိတ်တစ်ဒေသကို ရင်နှာနာနှင့် လှစ်ဟ ဖွင့်ပြလိုက်ရခြင်း ဖြစ်ပါသည်။

မိန်းမသားတစ်ယောက်၏ အလွန် ကျဉ်းမြောင်းသော လမ်းကြောင်းတစ်ခုပေါ်မှာ သူမ၏ ဂုဏ်သိက္ခာ၊ သူမ၏ မူသေတန်ဖိုးတစ်ခုကို လောကပါလတရား၏ စစ်မှန်သော အဆုံးအဖြတ် အရ ရှာဖွေ ပေးနိုင်ပါစေဟု ရည်ရွယ်ပြီး ကျွန်မ ဤဝတ္ထုကို ရေးဖွဲ့ပါသည်။

ယဉ်မင်းဦး (ဆေးတက္ကသိုလ်)

# အပိုင်း ၁

www.burmeseclassic.com

www.burmeseclassic.com

၁

မရေရာသော သေချာမှုများ၊ ရေရာသော မသေချာမှုများ၊ အားလုံးသောအရာများသည် တရားမျှတမှု၏ အဆုံးအဖြတ်ကို အမှန်တကယ် ခံယူလိုက်နာနေသင့်ပါသလား၊ ဒါမှမဟုတ် တရားမျှတမှုများကို ဥပေက္ခာပြုနေသင့်ပါသလား ဆိုတာ သူမ မဝေခွဲနိုင်သေးပါ။

စင်စစ် ဘက်လိုက်တတ်သောအမှန်တရားဆိုတာ ခေါင်းမြီးခြုံ မင်းသားတစ်ပါးလို လှည့်ဖျားလိမ်လည်တတ်မှု မကင်းဘူးလို့ သူမ စဉ်းစားမိခဲ့လျှင် လောကသစ္စာကို ဘယ်တုန်းကမှ ကိုးကွယ်ဆည်းကပ်မိခဲ့မှာ မဟုတ်ပါ။ တစ်ခုံတစ်ယောက်သောသူက တရားမျှတသော အယူအဆတစ်ခုဖြင့် သူမအား ဆုံးရှုံးနစ်နာသွားစေသည် ဆိုခဲ့ပါလျှင်

www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီ ဆုံးရှုံးနစ်နာမှုများသည် အမှန်တရားစင်စစ် ဖြစ်ပါသည်ဟု သူမ ဝန်ခံပေးဖို့ လိုမည်မထင်ပါ။ သူမကိုယ် သူမ မှာ ယွင်းမှုများကျူးလွန်မိပြီဟု တရားသေ မပြောနိုင်သေးမချင်း ဘယ်သောအခါမှ သူမ နောင်တရလာမှာ မဟုတ်သလို ဘယ်သောအခါမှ ခေါင်းညိတ်ပြရန် သူမ ကြိုးစားလိမ့်မည် မဟုတ်ပါ။

သို့သော်လည်း ဒီနေ့အထိ မိမိကိုယ်မိမိပျော့ညံ့သူ တစ်ယောက်ဟု သူမ မဆုံးဖြတ်ရသေးပါ။ သူမကိုယ်သူမ သနားစရာကောင်းသော မိန်းမတစ်ယောက်အဖြစ် မခံယူ ရသေးပါ။

၂

ယခုကဲ့သို့ညမျိုးမှာ ရေခဲစိမ်ထားသော စက္ကူအိမ်လေးကို စွန့်ခွာလာရတိုင်း သူမ အလွန်စိတ်ချမ်းသာနေတတ်သည်။ အနှစ်မရှိသော ဒြပ်ထုတစ်ခု၏ ဘဝပုံရိပ်များကို ခင်တွယ် မက်မောနေပါသေးလားလို့ တစ်စုံတစ်ယောက်သောသူက သူမကို မေးလာခဲ့လျှင် သူမ အဖြေရ အတော်ခက်ပါလိမ့် မည်။ လှောင်ချိုင့်ထဲက ထွက်ပြေးလွတ်မြောက်လာခဲ့သော ငှက်ကလေးတစ်ကောင်၏ လွတ်လပ်ပျော်ရွှင်ခွင့်များထက် အတိတ်ကာလ၏ ဒဏ်ရာဒဏ်ချက်များက ပိုမို ဖိစီးနှိပ်စက်



နေတတ်ကြောင်း ကို အဲဒီငှက်ကလေး၏ နှလုံး သားကသာ ပို၍ နားလည်သဘောပေါက်နိုင်မှာပါ။

တကယ်တမ်း သူမ ပြုပြလိုက်သည့်တိုင်အောင်လည်း နှုတ်ခမ်း ထောင့်စွန်း က ခပ်မဲ့မဲ့ အရိပ်ကလေးတွေကို သူမ ဘယ်လိုမှ ဖျောက်ပစ်လို့ ရနိုင်ဦးမည် မဟုတ်ပါ။

အလွန်သစ္စာကြီးသော သော့ခလောက်တစ်လုံးကို ချောက်ခနဲပိတ်လိုက်ရသည့် အချိန်ရယ်၊ ချောက်ခနဲဖွင့်လိုက် ရသည့်အချိန်ရယ် အဲဒီအချိန်နှစ်ချိန်ဟာ အလွန်ပါလွှာတဲ့ အုတ်တံတိုင်းတစ်ခုရဲ့ ဟိုဘက် သည်ဘက် ဘဝများကို ကူးသန်းခွင့် ရရှိချိန်တစ်ခုသာ ဖြစ်သည်။ ခြေရာချင်းထပ် နေသည့် တစ္ဆေတစ်ကောင်၏ ညှဉ်းပန်းနှိပ်စက် ခြောက်လှန့် မှုများကတော့ လွတ်ငြိမ်းချမ်းသာခွင့် ရနိုင်ဦးမည် မထင်ပါ။

သူမ ငှားရမ်းနေထိုင်ရာ ရပ်ကွက်နှင့် မန္တလေး ပြည်သူ့ဆေးရုံကြီးက သိပ်မဝေးလှပါ။ ခြေလျင်လျှောက် လျှင် တစ်ဆယ့်ငါးမိနစ်လောက်သာ ကြာပေလိမ့်မည်။ သူမ ဤဆေးရုံကြီးမှာ လက်ထောက်ဆရာဝန်အဖြစ် တာဝန် ချထားခြင်းခံရသည့် (Posting)ကျသည့်နေ့မှစ၍ နေ့စဉ် လမ်းလျှောက်သွားခဲ့သည်။ မျှော်လင့်ခြင်းနှင့်အားမာန်များ ဆိုတ်သုဉ်းပျောက်ကွယ်နေသည့် မိန်းမတစ်ယောက်၏ လုပ်ငန်းခွင် ထိခိုက်ပွန်းရှမှုများ သည် အဲဒီ တစ်ဆယ့်ငါး မိနစ်

www.burmeseclassic.com



တာ လမ်းလျှောက်လိုက်ရသည့် ဖြေသိမ့်မှုတစ်ခုကြောင့်သာ ခံသာနေပါသည်။

သာ ဖွာ လှနာဆောင်ရှိရာသို့ ညဂျူတီ (Night Duty) ဝင်ရန် လမ်း လျှောက်လာရင်း ရှားပါးလှပစွာပွင့်နေသော စိန်ပန်းပြာပွင့်များကြားမှ မပီဝို တဝါ သာနေသော လမင်းကြီး ကို အမှတ်တမဲ့ မော့ကြည့်လိုက်တော့ တမင် မေ့ဖျောက်ထားသော သူ့ကို သတိရလိုက်မိသည်။

သူမ ရင်ခုန်သွားသည်။

ရင်ခုန်ခြင်းနှင့်အတူ မျက်ဝန်းထဲမှာ ဝေ့ဝဲလာသော မျက်ရည်တစ်စသည်လည်း အလွယ်တကူ လျှောဆင်းကျသွားသည်။ အို လွယ်လိုက်တာ မျက်ရည်စက်ကလေးရယ်၊ ဟောဒီ ဆေးရုံဝင်းအတွင်းရှိ လှပသန့်စင်သော ဥပစာလမ်းမကြီးပေါ်မှာ။

သူနှင့် သူမသည် အပြာရောင် ဓာပဝါလွှမ်းခြ ထားသော လမင်းကြီး ကို ကြိမ်ဖန်များစွာ မော့ကြည့်ခဲ့ကြ ဖူးသလို ငြိမ်းချမ်းမှု၏ အငွေ့အသက်များကို အားပါးတ ရှူရှိုက်လျက် မျှော်လင့်ခြင်း အိပ်မက်တစ်ခုကို မြင်မက်ကြည် ကြဖို့လည်း အားထုတ်ခဲ့ကြဖူးသည်။ လောကဓံအကြောင် တရားများက ရုတ်တရက် ပုတ်နှိုးလိုက်ခြင်းဖြင့် ထိတ်လ ဖွယ်ရာ လန့်နိုးလာရလိမ့်မည်ဟု လုံးဝ ထင်မှတ်မထား



မိကြ။ တကယ်တော့ အလွန်အချိန်နှောက်ကျမှ သိလိုက်ရသည့် သူမ၏ "ပျော့ညံ့မှု" တစ်ခုကြောင့်ပါပဲ၊ ပြီးတော့ တွေဝေလိုက်လျောတတ်သော သူမ၏ အားနာတတ်မှု။

သူကိုယ်တိုင်ကလည်း။

၃

စိတ်ချမ်းမြေ့ဖွယ်ကောင်းလှသော အလေ့အကျင့်တစ်ခုကို မမျှော်လင့်ဘဲ သူမ ကောက်ယူရရှိခဲ့သည်ဟု ဆိုရပါမည်။

အဲဒါကတော့ဆေးရုံကြီးသို့ ဂျူတီဝင်ရန်သွားသည့် အခါတိုင်းနှင့် ဂျူတီချိန်ကုန်ဆုံးပြီးနောက် မိမိအိမ်သို့ ပြန်လာသည့်အခါတိုင်း သိပ်မဝေးလှသော ခရီးတစ်ခုကို လမ်းလျှောက်တတ်လာခြင်းပင် ဖြစ်သည်။

ဘဝထဲမှာ၊ နှလုံးသားထဲမှာ၊ အသိဉာဏ်ထဲမှာ၊ စိတ်ကူးတွေထဲမှာ အစွန်းအထင်း အငြိအတွယ် အားလုံးသော အရာများကို ဆေးကြောပစ်ချင်နေသည့် သူမအတွက် လွယ်ကူရှင်းသန့်သော ဖြေသိမ့်မှုတစ်ခုတော့ ရှိသင့်ပါသည်။

ဂျူတီဆိုတဲ့ စည်းဝိုင်းထဲမှာလည်း အထောင် အသောင်းသော မျက်လုံးထဲက ပူလောင်ရှုတ အကြည့်ရှုးရှူး တွေ၊ နှုတ်ခမ်းထောင့်စွန်းက သကော်တနိမိတ်ပုံ လက္ခဏာ တွေ၊ ရင်ကို ပြင်းပြစွာ မထိခိုက်မိစေဖို့ ဥပေက္ခာ အဘော

www.burmeseclassic.com



အကွယ်တွေနဲ့၊ ဘာပဲဖြစ်ဖြစ် ခံစားရတာပါပဲ၊ အဲဒီ နယ်နိမိတ် စည်းဝိုင်းထဲမှာပဲအချိန်ပိုင်းတစ်ခုကို လွန်မြောက်သွားအောင် ဖြတ်သန်းနေရတဲ့ ဝေဒနာ။ နောက်ဆုံးသစ္စာရှိသော သော့ခလောက်လေးကို ချောက်ခနဲဖွင့်လိုက်ပြန်တော့လည်း အထီးကျန်ဆန်မှုနှင့် သိမ်ငယ်မှုတွေသာ ဝေ့ဝဲနေသော အခန်းကျဉ်းလေးထဲမှာ။

ခေတ်ပညာတတ် မိန်းမတစ်ယောက်ဟာ စကြဝဠာရဲ့ တစ်ဖက်စွန်းမှာ အထီးတည်း လွင့်မျောနေရချိန်အတွင်း စီးကရက်နဲ့ ကွမ်းကို အဖော်ပြုလာတတ်တာ၊ တစ်ခါတစ်ရံ ဘီယာသောက်တတ်တာတွေ၊ ဒရိုင်းဂျင်၊ ဝီစကီ၊ ချီးဗားစ်ရီဂယ်လ်၊ ဘလက်အင်ဂိုက်စတဲ့ အပြင်းစားတွေကို တွယ်တာလာတတ်တာမျိုး၊ အဲဒီလို အချိန်ကိုအမှုန့်ချေပစ်ဖို့ ကြိုးစားရန်လည်း သူမ စိတ်ထဲမှာ ဘယ်လိုမှ ဘဝင်မကျနိုင်ပါ။

အကယ်၍များ သူငယ်ချင်းအပေါင်းအသင်းများကို သူမ လမ်းလျှောက်တတ်လာပြီဟု သတင်းပေးလိုက်လျှင် အားလုံးက ဝိုင်းဝန်းရယ်မောကြပေလိမ့်မည်။ သူမ ကွယ်ရာမှာ ခေါင်းကို လက်ညှိုးနှင့်ထောက်၍ မျက်လုံးမျက်ဆန်ပြူးပြလိမ့်မည် ထင်ပါသည်။ ဒါကြောင့်လည်း ပေါက်သွားပြီဆိုသည့် သူမ၏ 'လမ်းလျှောက်ခြင်း ဒဿန'ကို ဘယ်သူ့ကိုမျှ အကျယ်တဝင့်ရှင်းမပြဖြစ်တော့ပါ။



သားဖွားဆောင်မှ ကျန်းမာရေးဝန်ထမ်းများ၏ (နဖူးမှသည် ခြေမသို့တိုင် မကြာခဏကျုံ့ခဲ့ရသော) ချွေးစက်များကို စုဆောင်းထားလျှင်ပင် အလွန်လှပသော ရေကန်လေးတစ်ကန်တော့ ဖြည့်စွမ်းပေးနိုင်မည်ထင်သည်။ သည်းတွားသံတွေ၊ သွေးစက်တွေ၊ ချွေးစက်တွေ၊ ပြီးတော့ ရယ်မောဖွယ်ကောင်းလှသော လောကကြီးကို နှုတ်ခွန်းဆက်လိုက်သည့် 'အူဝဲ' သံတွေ။

တစ်ခါတစ်ရံ မိမိဂျူတီချိန် ကုန်ဆုံးသွားသည့်တိုင် သူမ အမှတ်မထားလိုက်မိတတ်ပေ။ တာဝန်ကျ အိုဂျီမမ (On Call O.G) က "ဟဲ့ သက်မြတ်နိုး၊ ညည်းမပြန်သေးဘူးလား"လို့ ဆိုမှပဲ "သြော် ငါ့ရဲ့တာဝန်ချိန် ကုန်ဆုံးသွားပြီပဲ" သူမ သတိရတတ်သည်။ ဒါပေမဲ့လည်းလေ ဒီလောက်အခြေအနေဆိုးရွားနေတဲ့ လူနာတစ်ယောက်ဟာ သွေးပုလင်းတန်းလန်းအောက်မှာ ပြုံတစ် ပြုံတစ်လုပ်နေတဲ့ ကလေးငယ်ကို ဘယ်လိုအင်အားတွေနဲ့ မွေးထုတ်ပေးလိုက်မလဲဆိုတဲ့ သိချင်စိတ်နဲ့ပဲ 'အနန္တ ခွန်အားသစ်တစ်ရပ်'ရဲ့ မြစ်ဖျားကို ဆန်တက်နေမိတတ်သည်။

ဗိုက်ထဲက ဆာလောင်မှုနဲ့အတူ အချိန်တွေ ကုန်ဆုံးသွားစေခဲ့သော နွမ်းနယ်မှုတွေကို တနင့်တပိုးသယ်ဆောင်ပြီး သူမ ပြန်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ နေထိုင်သည့် ရပ်ကွက်လေးသို့ ဆေးရုံကြီး နောက်ဖက် မလွယ်ပေါက်မှ ထွက်လိုက်မည်ဆိုလျှင် ပိုနီးသည်။ သို့သော်လည်း ဆောက်လုပ်ဆဲအဆောက်အဦတွေနားက အုတ်ကျိုး အုတ်စတွေကို ရှောင်တိမ်းသွားရတာကိုက အလုပ်ပိုတစ်ခု လုပ်နေရသလို ပင်ပန်းသည်။ ဒါကြောင့် ကလေးဆေးရုံရှေ့ ထွက်ပေါက်က ထွက်၊ ဝင်းသီတာ လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်မှာလျှောက်၊ လမ်းလျှောက်ခြင်း အစီဖွယ်ကို သူမ ပြည့်ပြည့်ဝဝ ခံစားလို့ရပြီ။

လက်နှစ်ဖက်ကို လွတ်လပ်ပေါ့ပါးစွာ လှုပ်ရမ်းလျက် ခြေလှမ်းမှန်မှန်လျှောက်ရင်း ရင်ကိုဖွင့်ပြီးတစ်ဝကြီးအသက်ရှုရှိုက်ရသည့်မှာ ဇီဝကမ္မလောင်စာနှင့်ဓာတုဗေဒဆေးနံ့များကိုမေ့လျော့သွား စေခဲ့သည်။ ငြိမ်းချမ်းမှု၏ ဝတ်ရည်စက်လေးများကို တမြုံ့မြုံ့စုပ်မျိုရသလို ချိုမြိန်မှုကို ခံစားရသည်။

တချိန်တည်းမှာပဲ ဒီနေ့ သူမ ဘာတွေလုပ်ခဲ့ပြီးပြီလဲ ဆိုတာရယ်၊ ဘယ်လောက်လုပ်နိုင်ခဲ့သလဲဆိုတဲ့ Productive value (ထုတ်လုပ်မှုတန်ဘိုး)တွေ ၊ကိုယ့်ကိုယ်ကို ပြန်လည် သုံးသပ်အကြံပြုခြင်း (Autosuggestion) တွေ အများကြီး စဉ်းစားလို့ရသည်။



မစဉ်းစားသင့်တော့သော၊ အတွေးထဲမှာပင်ထည့်ပြီး မထားသင့်တော့သော အကြောင်းအရာတွေကို ပြန်လည်ရှင်သန်မလာအောင်ချိုနှိမ်ထားဖို့ဆိုတဲ့ သမိုင်းပေးတာဝန်တစ်ခုကို သူမ ဘယ်တော့မှ မေ့မထားသင့်ပါ။

အလွန်အဖိုးထိုက်သန်သော ကျေနပ်မှုတစ်ခုကသူမ ရင်ထဲမှာ စီးမျောပျော်ဝင်နေပြီ။

ဒီလမ်းနှင့် ဒီပလက်ဖောင်းပေါ်မှာ ဘယ်အချိန်အခါပဲ ဖြစ်ဖြစ် လမ်းလျှောက်လာရပါစေ၊ သူမ မကြောက်ပါ။

"ဆရာဝန်မလေး၊ ဆေးရုံသွားတော့မလို့လား"

"ဆရာမ၊ ဆေးရုံကပြန်လာတာလား"

ဆိုက်ကားသမား၊ အကြော်သည်မှအစ တစ်ရပ်ကွက်လုံးရှိ ကလေးလူကြီးအများအပြားကလိုက်လှဲစွာနှုတ်ခွန်းဆက် ကြိုဆိုကြသည့် စကားသံများဖြင့် သူမ အားရှိနေတတ်သည်။ ပုံကျူနှင့်ဆင်းရဲသား လက်လုပ်လက်စား အများစု နေထိုင်ကြသည့် စရိုက်ကြမ်းကြမ်း ရပ်ကွက်လေးဆိုပေမဲ့လည်း၊ သူမအတွက်ကတော့ လုံခြုံမှုအပြည့်အဝရှိပြီး လွတ်လပ်အေးချမ်းသောနယ်မြေတစ်ခုသာဖြစ်၏။ ကြမ်းတမ်းခက်မာလှသော အဲဒီလူမှုရေးစည်းဝိုင်းထဲမှ အနုနယ်ဆုံးနုလုံးသားနေရာမှာ သူမ တစ်နေရာစာ ရရှိထားပြီးပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်လေတော့လည်း၊ မတော်တဆဆိုသလို ဝမ်းနည်းစရာ အဖြစ်အပျက်လေးတွေ တွေ့ကြုံရတတ်သည်။

အဲဒီနေ့က။

သူမ ခေါင်းထဲမှာ အတွေးတွေ များနေခဲ့သည်။ သူမ၏ လုပ်သက်အတွင်း တစ်ခါမျှ မကြုံတွေ့ရဖူးသော ရောဂါဖြင့် အရေးပေါ်ကုသမှုပေးရန် လိုအပ်နေသည့်လူနာတစ်ယောက်၏ ရောဂါသမိုင်း မှတ်တမ်းများနှင့် ပတ်သက်၍ ပြန်တွေးနေခြင်းဖြစ်သည်။ ကုသမှုလမ်းကြောင်း (Line of Treatment) ကို အစကောက်မိစေရန် ဖြစ်နိုင်ခြေများကို ခေါင်းပူအောင်စဉ်းစားခဲ့ရသည့် သူမ၏ သောက၊ ပူပန်မှုတွေကို အမှတ်ရသည်။ အတွေ့အကြုံအသစ်တစ်ခုဟာ အောင်မြင်ပြီးရင် ရယ်မောဖွယ်၊ တမ်းတဖွယ်တစ်ခုအဖြစ် အရိပ်ထင် ကျန်ရစ်ခဲ့တတ်ပါလား၊ နောက်တစ်ခါ ဆိုရင်တော့။

"အလိုလေး"

လျှင်မြန်စွာပြေးဝင်လာသော တစ်စုံတစ်ယောက်က သူမ၏ ဘယ်ဘက်ခါးလယ်ကို ဖြုန်းခနဲအရှိန်ပြင်းစွာ ဝင်တိုက်မိသည်။ သူမ ဒူး ညွှတ်လဲကျသွားသည်။

ရုတ်တရက် မော့ကြည့်လိုက်တော့။



အို ဆယ်နှစ်သာသာလောက်ပဲ ရှိဦးမည့် ကလေးမလေးတစ်ယောက်။ သူလေးခမျာလည်း ပက်လက်လန်လဲသွားရှာသည်။ ညစ်နွမ်း နွမ်းအင်္ကျီအနားစများ ဖွာလန်ကြဲလျက်၊ ဘောင်းဘီတိုကလေးက ဘာအရောင်ဆိုတာ ပြောရခက်သည်။

ကလေးက သူမကို စိတ်ဝင်စားဟန်မရှိပါ။ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် လှည့်ပတ်ရှာဖွေနေသည်။

ပြီးတော့ တစ်စစီ ကျိုးပဲ့ကြေမွသွားသော ကိတ်မုန့်ခြောက် အစလေးများကို နှမြောတသစွာလိုက်ကိုင်ကြည့်ပြီး နည်းနည်းကြီးသော မုန့်အပဲ့စလေးကို ပါးစပ်ထဲ ကမန်းကတန်း ထိုးထည့်လိုက်သည်။ နောက်တမြုံ့မြုံ့ဝါးနေတော့သည်။ ပြီးမှ သူမကို သတိရလာဟန်နှင့် မော့ကြည့်သည်။

"သမီးလေး၊ ဘယ်နား နာသွားသေးလဲဟင်"

အို ကလေးမလေး နောက်ထပ်ကောက်ယူလိုက်သည့် ကိတ်ခြောက်အစလေးက ပေပွလို့ပါလား။

"အဲဒါတော့ မစားပါနဲ့ကွယ်၊ မကောင်းလို့ပါ သမီးရယ် နော်"

ကလေးလက်ထဲမှ မုန့်စလေးလှမ်းယူလိုက်သော သူမ လက်ကို ဆတ်ခနဲပုတ်ချလိုက်ပြီး ကလေးက သူ့ပါးစပ်ထဲသို့ ရုတ်တရက် ထိုးသိပ်ထည့်လိုက်သည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သူမအာ ရန်လိုသော အကြည့်စူးစူး ဖြင့် စိုက်ကြည့်နေပြန်သည်။

သူမ အလွန်အမင်း စိတ်ထိခိုက်သွားသည်။ သူမသာ အိပ်မက်ထဲမှာ လမ်းလျှောက်နေခြင်း မဟုတ်ခဲ့ပါက ပြေးလာသော ကလေးငယ်တစ်ယောက်ကို အသာလေး ရှောင်တိမ်းပေးနိုင်မှာပါ။ တစ်နေရာရာမှ တစ်နည်းနည်းနဲ့ ရလာနိုင်ခဲ့သော အခွင့်ထူးတစ်ခုသည် သူမကြောင့် အလိုလိုကြေမွပျက်စီးသွားခဲ့ပါပကော။ မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရသည့် ဖြစ်ရပ်တစ်ခုပေမယ့် စိတ်မကောင်းဖြစ်ရတာ ရင်နဲ့အမျှ။

"ရော့ သမီးငယ်၊ အန်တီပေးတဲ့ပိုက်ဆံနဲ့ မုန့်တွေ အများကြီး ဝယ်စားနော်"

ကလေးက ခေါင်းတခါခါ။ ငွေဆိုတာ သူကလေးအတွက် စက္ကူတစ်ရွက်မျှသာ။ ကျိုးပဲ့ကြေမွသွားသော မုန့်တစ်ချပ်လောက် တန်ဖိုးရှိပါရဲ့လား။

"ဟဲ့ မိတူး၊ ဘာဖြစ်နေတာလဲ၊ ဪ ဆရာမ"

ကလေးငယ်၏ မိခင်ဖြစ်ဟန်တူသူ မိန်းမ တစ်ယောက် အပြေးအလွှားရောက်လာသည်။

'ဒီလိုပါ အစ်မရယ်၊.....'

သူမက အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်တွင်.....၊



"ဒီကောင်မလေးဟာ ဒီလိုပဲ ရှုပ်ပြာ ရုပ်ပြာနဲ့၊ ပိုက်ဆံမပေးနဲ့ ဆရာမ၊ အကျင့်ပါတယ်၊ လာ မိတူး၊ သွားမယ်"

ဪ ရှိခြင်း၌ကျင်လည်သူနှင့် မရှိခြင်း၌ ကျင်လည်သူများသည် မိမိ၏ ရှိခြင်း မရှိခြင်းကို အလေ့ အကျင့်ဖြင့် ဖြတ်သန်းနေကြလေသလား။

နေ့ရက် အတန်ကြာသည့်တိုင်အောင် အဲဒီ ကလေးငယ်၏ အကြည့်စူးစူးတစ်ချက်ကို သူမ မေ့ဖျောက်ပစ်လို့ မရနိုင်ခဲ့ပါ။

## ၄

လမ်းလျှောက်ခြင်းသည် ဆေးရုံကြီး အလယ်ပေါက်ဂိတ်ဝမှာ အဆုံးသတ်သွားသည်။ ရောင်စုံမီးပွင့်များ ထိန်ထိန်ညီးနေသော လမ်း ၃၀ ပေါ်မှာ ကားတွေ၊ ဆိုင်ကယ်တွေ၊ ပန်းတိုင် ကိုယ်စီနှင့် သွားလာလှုပ်ရှားနေကြသော လူတွေ၊ ဈေးသည်တွေ။ အဲဒါတွေကို ကျောခိုင်းပြီး ဂိတ်ပေါက်ဝထဲ ဝင်လိုက်လျှင် သားဖွားဆောင် ၃ ရှေ့နားက ထိုင်ခုံလေး ပေါ်မှာ.....၊ လွန်ခဲ့ပြီဖြစ်သော အတိတ်ကာလဆီက.....၊ သူနှင့် သူမ.....၊ အမှတ်ရစရာ.....။

www.burmeseclassic.com

www.burmeseclassic.com



"သူ"ရဲ့ ချက်ဝန်းထဲမှာ အရည်လဲ့နေတဲ့ နာကျင်မှုတွေ.....၊ သူ့ရဲ့ နှုတ်က ပေါက်ကွဲပွင့်အန်လာတဲ့ ချော်ရည်ပူတွေ.....၊ သူ့ရဲ့ ရင်ထဲက မီးတောက် မီးလျှံတွေ.....။

"ရက်စက်တယ်ဆိုတဲ့ စကားရဲ့ သက်ရောက်မှုအားဟာ ဘယ်လောက် ပြင်းထန်စူးရှတယ်ဆိုတာ ကျွန်တော်သိလိုက်ပါပြီ ဆရာဝန်မကြီး ဒေါ်သက်မြတ်နိုးရယ်၊ အဲဒီအတွက် လောင်ကျွမ်းကျန်ရစ်ခဲ့တဲ့ ပြာပုံလေးကို ကြည့်ပြီး ခင်ဗျား ကျေနပ်ပါ၊ ပျော်ပါ၊ ပျော်ရွှင်မှုတွေနဲ့ တည်ဆောက်လိုက်တဲ့ ခင်ဗျားတို့ရဲ့ အိမ်ထောင်ရေး သာယာချမ်းမြေ့ပါစေလို့ ဆုတောင်းပေးခဲ့ပါတယ်"

ကွဲအက်နာကျည်းသံစဉ်၊
တုန်ခါနေသော လှိုင်းတစ်လှိုင်း၊
ကြေမွသွားတဲ့ အချစ်တစ်ခု။

ချာခနဲလှည့်ထွက်သွားခဲ့သော သူ၊ သူမ၏ ချစ်သူ၊ အချစ်ကို အဦးဆုံး ဖွဲ့တည်ရစ်ပတ်မိခဲ့သူ၊ သူမကို တစ်စက်ကလေးမှ ငဲ့မကြည့်တော့။ သူမမှာ မချိပြုံးလေးဖြင့် ကျန်ရစ်ခဲ့သည်။ မချိပြုံးလေး၏ အထက်နားက မျက်ရည်စများ ဝေ့ဝဲနေသော သူမ၏ အယူခံလွှာကိုပင် သူ မစူးစမ်းနိုင်တော့ဘဲ ကျောခိုင်းသွားခဲ့ခြင်း ဖြစ်သည်။ သူမ၏ နှုတ်ဖျားမှ



'ကိုကိုရယ်'ဟု နောက်ဆုံး ညည်းတွားခဲ့သည်ကိုလည်း သူ မကြားနိုင်ခဲ့ပေ။

ဒီဂိတ်ပေါက်ကဝင်.....၊ ဒီနေရာလေးကို ရောက်တိုင်း.....၊ မျက်ရည် တစ်ပေါက်ကို အမြဲတမ်း ဂိတ်ကြေးပေးခဲ့ရပေမယ့်လည်း သူမကတော့ ဒီနေ့အထိ ဒီနေရာလေးကပဲ ဖြတ်သန်းချင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၂

www.burmeseclassic.com

www.burmeseclassic.com

# ၁

သားဖွားလူနာဆောင်ရှိရာသို့ ညဂျူတီဝင်ရန် လမ်းလျှောက်လာရင်း စိန်ပန်းပြာပွင့်များကို မျက်နှာရှောင်လွှဲပြီး လမင်းကြီးကို မော့ကြည့်လိုက်သည်။ လဝန်းပြာပြာမှာအရိပ်ထင်လာသော ရုပ်ပုံလွှာများ၊ ခွတ်အတင်း မေ့ဖျောက်ခြင်ငှာ မစွမ်းသာပါလေ။ ယနေ့တိုင် ထင်ရှား ပီပြင်နေဆဲ ပုံရိပ်အပိုင်းအစများ။ သူမ မျက်စိစုံမှိတ်လိုက်သည်။

ဒေသကောလိပ်မှာ ပညာသင်ကာလ နှစ်နှစ်တာကုန်ဆုံးသွားပြီးနောက် အခြေခံပညာအတက်တန်း ရမှတ်ရယ်၊ ဒေသကောလိပ် ပထမနှစ်နှင့် ဒုတိယနှစ် ရမှတ်တွေရယ် ပေါင်းပြီး ဆေးတက္ကသိုလ် တက်ခွင့်ရခဲ့ခြင် ဖြစ်သည်။

သူမ မန္တလေးဆေးတက္ကသိုလ်၌ ဆက်လက် ပညာသင်ကြားခွင့် ရခဲ့သည်မှ အစပြု၍ ဇရာမ စာအုပ်ထုထုကြီးတွေနှင့်ဖွဲ့စည်းထားသည့် ခန္ဓာဗေဒ၊ ပြီးတော့ ယန္တရားလည်ပတ်မှုနှင့် လုပ်ငန်းတာဝန်များကို အသေးစိတ်သင်ကြားရသော ဇီဝကမ္မဗေဒ။ ပေါက်ပေါက်ရှာရှာ လေလာခွဲစမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်ခဲ့ကြသည့် မဟာပညာရှင်များကြောင့်သာ သူမတို့ ဦးခေါင်းမှ ခြေဖျားအထိ ဒုက္ခအတော် ရောက်ခဲ့ရပါသည်။

အဲဒီနေ့များက သူမဘဝမှာ ပါဠိဘာသာဖြင့်ရေးသား ထားသောတရားစာများကိုဖတ်တတ်၊ ရွတ်တတ်ပြီးအဓိပ္ပာယ် အနက် လုံးစေ့ပတ်စေ့ မသိနားမလည်နိုင်တဲ့ သူလိုပါပဲ။

ရှေးတုန်းက ဂရိပညာရှင်များ အာရုံစူးစိုက် လေ့လာ ခဲ့ကြပြီး ရေးမှတ်ခဲ့ကြတဲ့ ဆေးပညာမှတ်တမ်းများသည် 'လက်တင်' စကားလုံးတွေချည်း ဖြစ်နေသောကြောင့် ဆေးပညာရပ်ဝေါဟာရ အဘိဓာန်စာအုပ်ကို ခဏ ခဏ လှန်လှောရှာဖွေ မှတ်သားနေရသည့်ဒုက္ခ။ ပြီးတော့ ငါးတန်း ရောက်မှ 'အေ ဘီ စီ ဒီ' စတင် သင်ကြားခဲ့ရပြီး နဂိုကမှ အင်္ဂလိပ်စာ အခြေခံအားနည်းသည့် သူမအတွက် အင်္ဂလိပ် လိုသင်၊ အင်္ဂလိပ်ဘာသာဖြင့် ဖြေရမည့် ဒုက္ခ။

သူမ အတော်ကြိုးစားရပါမည်။ အပတ်တကုတ် အားထုတ်နိုင်ပါမှ။

ပို့ချချက် (Lecture) တစ်ခုနှင့်တစ်ခုအကြား ခေတ္တ အားလပ်ချိန် (Break) ပေးထားချိန် ဆယ်မိနစ်အတွင်း ဒါမှမဟုတ် အကြောင်းတစ်ခုခုကြောင့် သင်ခန်းစာ၊ ဘာသာရပ်ပို့ချမည့် ဆရာ၊ ဆရာမ မလာသဖြင့် အနားရ သည့် စာသင်ချိန်တွေမှာ၊ ပြီးတော့ အဆောင်မှာ ပိုမိုနေသော ကိုယ်ပိုင်အချိန်တွေ၊ အဲဒီအချိန်တွေကို ခပ်ပေါ့ပေါ့ အရည်ဖျော်ပစ်လိုက်ရမှာ အားနာစရာ ကောင်းလှပါသည်။



သက်မြတ်နိုးအတွက်တော့ အသစ်အဆန်း ဖြစ်နေ သော မျက်နှာစိမ်းစာသားများအားလုံးကို ရင်းနှီးကျွမ်းဝင်ဖို့ လိုအပ်နေပြီ။

"ဟေ့ နိုးနိုး၊ နင့်ကိုပြောနေကြတာဟ၊ နင် မခံနဲ့"

ဟင် ဘာဖြစ်နေကြတာလဲ။ ခန္ဓာဗေဒ စာအုပ်ထူ ကြီးကို အပိုင်းလိုက်ခွဲချုပ်ထားသော ဦးခေါင်းနှင့်လည်ပင်း (Head and Neck) အပိုင်းစာအုပ်ငယ်ကို သဲကြီး မဲကြီး ငုံ့ ဖတ်နေသော (စာသင်ခန်းမ၏ ရှေ့ဆုံးခုံတန်းမှ) သက်မြတ် နိုးကို ဘေးနားမှာ ကပ်ထိုင်နေသူ အေးမာက ပခုံးချင်း တွန်းတိုက်လိုက်သည်။

"နင့်ကို ဟိုကောင်တွေ ချိတ်ပြောနေတာ နိုးနိုးရဲ့"

"ဘာပြောလို့လဲ"

"နင် မကြားဘူးလား၊ ဟောကြည့်၊ ဒီကောင်တွေ လာပြန်ပြီ"

ဩော် ဘုန်းမြင့်မော်တို့ အုပ်စုပဲ၊ စာအလွန်တော်သော အုပ်စုပါ၊ ဘာဖြစ်လို့ ဘရုတ်ကျနေတာလဲ မသိ။

"ဒီက မောင်လေးက မောင်ဘုန်းမြင့်မော်ရဲ့ကိုယ်စား မေတို့ အစီအစဉ်မှာ အဗျူးခံမယ်ပေါ့နော်"

"ဟုပ်ကဲ့ ခင်ည"

"မောင်လေးက အမှတ်သိပ်နည်းနေတာဆိုတော့ ဒီတစ်ခါ မှန်အောင်ဖြေကွယ်၊ ဟိုလေ မောင်လေး ဘုန်းမြင့် မော်မှာ ချစ်သူ ရှိပါသလား"

"No, Sir"

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး မှန်မှန်ဖြေပါ၊ ချစ်သူဆိုတာ မောင်လေးရဲ့ ရည်းစား၊ ဟို ဘဝအဖော်မွန်၊ နောက်ပြီး ခနီးလောင်း လျှာ၊ မဟေသီကို ပြောတာကွယ်"

"No, No, No, No"

"ဒြော် မမက ချစ်သူနာမည်ကို မေးတာ မဟုတ်သေးပါဘူး နော်၊ ချစ်သူ ရှိ မရှိဘဲ ဖြေပေးပါ"

"No"

"ချစ်စနိုးနဲ့ တစ်လုံးတည်း အဖျားခွတ်ခေါ်တာလား ဟင်"

သူတို့အုပ်စု မျောက်ကလေးတွေလို တခွိခွိဖြစ်နေကြစဉ် သူမကတော့ အိတ်ဆောင်ဆေးပညာအဘိဓာန်စာအုပ်ငယ် (Pocket Medical Dictionary) လေးကို တဖျတ်ဖျတ် ရှာဖွေလို့ကောင်း ဆဲ။

"ဟဲ့ မိနီး၊ နင် ဒီလိုပဲ ငြိမ်နေတော့မှာလား"

"ငြိမ်မနေလို့ ဘာလုပ်ရမှာလဲ အေးမာရယ်"

"တစ်ခုခုတော့ ပြန်ပြောပေါ့ဟ"

"မောတော့ တိတ်သွာ ပါလိမ့်မယ် သူငယ်ချင်း"

အေးအေး မာက သူတို့အုပ်စုကို မျက်စောင်းတခဲခဲနှင့် မကျေနပ်လေ သူတိုက ပိုဆိုးလေ။

"ဟောကောင် ဘုန်းမြင့်၊ မင်း ပြောတော့ ပိုလ်မယာဘူးဆိုကွ၊ အခုတော့ လူရည်ချွန်လည်း မင်း မရ၊ ပညာရည်အဆင့် (Position) ကလည်း ဒုတ်ယ၊ အစမ်းစာမေးပွဲတွေ



(Completion test) မှာ ပထမနေရာကို အရမယူတော့တာ ဘာသဘောလဲရှင်းစမ်းပါဦးကွာ"

ဘုန်းမြင့်မော်ရဲ့ အဖြေကို စိတ်ဝင်တစား နားစွင့်နေကြသူတွေထဲမှာ သူမလည်း ပါသည်။ သူ့ မျက်နှာရိပ်ကို မသိမသာ အကဲခတ်ကြည့်မိသည်။

"ငါ ညံ့လို့ပေါ့ကွာ"

"လုံးဝ မဖြစ်နိုင်ဘူး သူငယ်ချင်း၊ ငါသိတယ်၊ ဒီကောင် အုံ့ပုန်း၊ ဦးစားပေးတာ၊ ဦးစားပေးတဲ့သဘော၊ ဒီကောင်က ပဲခူးသားဆိုတော့ ရာဇဝင်နိပါတ်တော်တွေထဲက အတိုင်း ကြားဖူးကြမှာပေါ့၊ အတောင်ညောင်းလို့ နားစရာနေရာမရှိရှာတော့တဲ့ ဟင်္သာမလေးကို သူ့ကျောပေါ်မှာ တင်ထားတဲ့ အမောင် ဟင်္သာဖိုလေးလေး၊ ဟဲ ဟဲ"

"ဟာ သိပြီ၊ အနင်းခိုင်းထားတာပေါ့ ဟုတ်လား၊ ဟား ဟား"

အားလုံး က ဝါ ခနဲ ဝိုင်းရယ်လိုက်ကြချိန်မှာ သူမလည်း မချုပ်တည်းနိုင်တော့ဘဲ ရယ်မောလိုက်မိတော့သည်။ သတိရ၍ မဝံ့မရဲနှင့် ဖျတ်ခနဲခိုးကြည့်လိုက်တော့ ရဲရဲတွတ်နီမြန်းနေသော ဘုန်းမြင့်မော် မျက်နှာလေး ကို သူမအား ခပ်စိန်းစိန်း စိုက်ကြည့်နေသော အကြည့်စူးစူး နှင့်အတူ တအံ့တသြ တွေ့လိုက်ရသည်။ အို ရောက်ရှိနေသည့်နေရာမှ မြေလျှိုးမိုးပျံလို့ ထွက်ပြေးလွတ်မြောက်သွားချင်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



"စေတနာကောင်းလှချည်လား လူကလေးရယ်"

ဆေးတက္ကသိုလ် စတင်ရောက်ခဲ့ရသည့် နေ့မှစ၍ ဦးစွာ သိကျွမ်းခဲ့ရသူက ဘုန်းမြင့်မော်။ တိုက်တိုက်ဆိုင်ဆိုင်။ ဆေးတက္ကသိုလ် ဝင်ခွင့်ရရှိခဲ့သော ရမှတ်ပေါင်းမှာ နှစ်ဦးစလုံး တူညီနေကြသည်။ ဆေးတက္ကသိုလ် ဒုတိယနှစ် အမ်ဘီ အကြီးတန်းအတွက် လူရည်ချွန်ရွေးချယ်ပွဲကျတော့လည်း နှုတ်ဖြေမှာ အမှတ် ပွတ်ကာသီကာမျှဖြင့် သူမ လူရည်ချွန်အဖြစ် အရွေးချယ်ခံခဲ့ရသည်။

ခန္ဓာဗေဒ ဘာသာရပ်မှ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု သင်ကြားပြီးတိုင်း ဖြေဆိုရလေ့ရှိသော လပတ်စာမေးပွဲ (Completion test) တိုင်းမှာလည်း သူမနှင့် ဘုန်းမြင့်မော် ရမှတ်တွေက မတိမ်းမယိမ်း။

ဘာပဲဖြစ်ဖြစ်၊ ဆေးကျောင်းမှာ သူသည် သက်မြတ်နိုးအတွက် ပထမဦးဆုံးသော မိတ်ဆွေ၊ သူငယ်ချင်း တစ်ယောက် ဖြစ်ခဲ့သလို သူ၏ နူးညံ့သိမ်မွေ့သော နှလုံးသားနှင့် ဖော်ရွေရိုင်းပင်းတတ်သော ယဉ်ကျေးမှု စာမျက်နှာများကို သူမ ဖတ်ရှုခဲ့ရပြီးပြီ။

ဆေးတက္ကသိုလ် လူရည်ချွန်စာမေးပွဲ ဖြေဆိုကြစဉ်က

ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲအတွက် အစမ်းလေ့ကျင့်ရင်း သူမ ခြေခေါက်လဲသွားခဲ့သည်။ ကြံ့ခိုင်စွမ်းရည်အတွက် လူရည်ချွန်လောင်းလျာများသည် မီတာ ၁၀၀၊ မီတာ ၈၀၀



ပြေးပွဲ၊ အိပ် ထ မ တင်၊ ခါးရှေ့ကုန်းထိ၊ အလျားခုန်၊ ဒိုက်ထိုး စသည်ဖြင့် ပြိုင်ပွဲခြောက်မျိုးကို သတ်မှတ်စံချိန်ထက် ကျော်လွန်အောင် ကြိုးစားကြရသည်။ သတ်မှတ်စံချိန် မမီသူများကို ယင်းစာမေးပွဲ ကျရှုံးအဖြစ် သတ်မှတ်ပြီး ထိုစံချိန်ထက် ကျော်လွန်မှသာ မိမိတင်ထားသော စံချိန်အလိုက် ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် ဆုံးဖြတ်အမှတ်ပေးခြင်းဖြစ်သဖြင့် သက်မြတ်နိုးတစ်ယောက် အသေအကြေ လေ့ကျင့်နေချိန် မမျှော်လင့်ဘဲ လဲကျသွားခဲ့ခြင်းဖြစ်သည်။ သူမ နာလွန်းသဖြင့် တော်တော်နှင့် ပြန်မထနိုင်ပေ။

လုံး၀ မထင်မှတ်ထားသော အရိပ်တစ်ခုက သူမ၏ ခြေထောက်ပေါ် စီးမိုးကျရောက်လာပြီးနောက်

"သိပ်နာနေသလား သက်မြတ်နိုး၊ အို ခင်ဗျား ခြေထောက် ရောင်နေပြီ၊ ဆရာကြီးတို့ကို ရက်ရွှေ့ဆိုင်းပေးဖို့ ကျွန်တော် သွားတောင်းပန်လိုက်မယ်၊ ခင်ဗျား စိတ်မပူနဲ့နော်"

"အို ရပါတယ်၊ ကျွန်မ ဖြစ်အောင်ပြိုင်မယ်၊ ဖြစ်ပါတယ်ရှင်"

အမှန်မှာတော့ သူ ကို သက်မြတ်နိုး မယုံရဲရဲဖြစ်နေဆဲပင်။ အဓိကပြိုင်ဖက်နှစ်ယောက်အကြားမှာ ရိုးသားခြင်းနှင့် ရိုင်းပင်းမှုဆိုတာ ဖြစ်နိုင်ခြေမရှိသော ဟန်ဆောင်ခြင်းတစ်ခုဟုသာ သူမ သံသယဝင်ခဲ့မိသည်။ သို့သော်လည်း တစ်ခါ

www.burmeseclassic.com

တစ်ရံ သူမ၏ အယူအဆ မှားယွင်းနေတတ်ကြောင်းကို ဘယ်သူကမှ ရှင်းမပြရဘဲ ပြန်တွေးကြည့်လေ အခြေပေါ်လေ။

ချွေးသီးချွေးပေါက်များကြားမှ အံကြိတ်ထားသော သူမ၏ မျက်နှာကို ဘုန်းမြင့်မော်အတန်ကြာ စိုက်ကြည့်နေသည်။ ပြီးတော့ အသိရခက်စွာ သူပြုံးသည်။

"ခင်ဗျား လူရည်ချွန်ဖြစ်ထိုက်ပါတယ် သက်မြတ်နိုးရယ်"

ပြောပြောဆိုဆို မြင်ကွင်းထဲမှ ချာခနဲလှည့်ထွက် ပျောက်ကွယ်သွားခဲ့သော သူ၊ ခဏနေတော့ မြင်ကွင်းရှေ့ ပြန်ရောက်လာသည်။

"ရော့ လီနင်မင့် (Liniment) ကို ရွှဲရွှဲလိမ်းလိုက်၊ ဟောဒီမှာ မျှော့ကြိုးပတ်တီး (Elastic Bandage) အဲဒါလေး သေချာစည်းပြီးမှ ပြေးပါ၊ တီခိုက်မိတဲ့ ညာဘက်ခြေထောက်မှာ အာရုံမရောက်စေနဲ့၊ ပုံမှန်ခြေထောက်တစ်ချောင်းလို သဘောထားပြီး ပြိုင်ပါ၊ အခုပြေးရမယ့် တာတိုမီတာ ၁၀၀ က ခြေလှမ်းစိပ်စိပ်နဲ့ သွက်သွက်လှမ်းနိုင်ဖို့ အရေးကြီးတယ်ဆိုတာ အတွေ့အကြုံရင့်ကျက်နေပြီဖြစ်တဲ့ ခင်ဗျားက ပိုသိမှာပါ၊ ဟုတ်ပြီလား"



သူက ပျာယီးပျာယာ တရစပ်ပြောချသွားခြင်းဖြစ်သော်လည်း သက်မြတ်နိုးရင်ထဲသို့ တသိမ့်သိမ့် စီးဝင်သွားသဖြင့် 'ကျေးဇူးတင်ပါတယ် ကိုဘုန်းရယ်၊ နိုးနိုးသိပ်ကို အားရှိသွားပါပြီရှင်' ဆိုတဲ့ စကားစုလေးဟာ သူမနှုတ်ဖျားမှ ပွင့်ထွက်သွားခြင်းလား၊ ရင်ထဲမှာပဲ ပုံ့တင်ထပ်ကျန်ခဲ့တာလားဆိုတာ သူမ မဝေခွဲတတ်တော့ပါ။ သေချာတာ တစ်ခုကတော့ ပကတိကြည်လင်နေခဲ့သော သူမနှလုံးသားမှာ အမျိုးအမည်မသိနိုင်တဲ့ လှိုင်းတစ်ခု ဖြတ်သန်းတုန်ခါသွားစေခဲ့ပြီဆိုတာ။

"ဘယ်လိုလဲ ဘုန်းမြင့်မော်၊ ပွဲမဝင်ခင်အစမ်းလေ့ကျင့်နေတုန်းက ကောင်းလိုက်တဲ့စံချိန်တွေ ဘယ်သွားထားလိုက်သလဲ၊ တကယ်ပြေးတော့ ဘာလို့ကျသွားရတာလဲကွာ"

"ဟို အမောဆို့သွားလို့ ဖြစ်မှာပေါ့ ဆရာရယ်၊ ဟဲဟဲ"

မချိပြုံးနှင့်အတူ လက်လွတ် ဆုံးရှုံးလိုက်ရခြင်းကို ကျေနပ်နှစ်သိမ့်စွာ ခံစားနေသော သူ၊ ပြီးတော့ သူမကို ခေါင်းညွှတ် အလေးပြုလိုက်ပြီး သူ၏ ညာလက်ကိုဆန့်တန်းကာ 'ဂုဏ်ယူပါတယ်' (Congratulation) လို့ လက်ကမ်းကြိုဆိုနေသော သူ။

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက်တော့ သူ၏ အပြုံးသည် ကြည်စင်နေပြီ။ သူ ဘာမှ မဖြစ်သလို။ ထို့ထက် သူမသည် သူအဓိကထားပြီး ပြိုင်ဆိုင်ခဲ့ရသည့် ပြိုင်ဖက်တစ်ယောက် မဟုတ်သလို။

၂

သူမ ဖတ်ရှုခွင့် မရနိုင်သည့် စာမျက်နှာများစွာကို ဘုန်းမြင့်မော်တစ်ယောက်တည်း ဘယ်လောက်ထိ ကျေညက်အောင် ရွတ်ဖတ်နေဖြစ်သည်ဆိုတာတော့ သက်မြတ်နိုး မသိနိုင်ပါ။

စာကြည့်စားပွဲပေါ်က အရိုးခေါင်းတစ်လုံးပေါ်မှာ ဆော့ဖ်ပင် (Text Twin) ဖြင့် 'အောင်နိုင်သူရဲ့ အလှဆုံးအပြုံး' လို့ သူ စာတန်းထိုးထားသည်။

"အောင်မြင်မှုတစ်ခုကို လက်ဝယ်ပိုင်ပိုင် ရရှိလိုက်တဲ့ အချိန့်ပိုင်းလေးအတွင်းမှာ မင်းရဲ့ မျက်နှာပေါ်က ဖြတ်သန်းသွားတဲ့ ကျေနပ်ပီတိ အငွေ့အသက်လေးရယ်၊ တောက်ပရွှန်းလက်နေတဲ့ မင်းရဲ့ အပြုံးလေးရယ်၊ အဲဒါတွေကို အမြဲတမ်း ကိုယ်မြင်နေချင် မိတယ် နိုးလေးရယ်၊ ဒါဟာ မင်းကို စတင်ဆုံတွေ့ခဲ့ရတဲ့ ရက်ပိုင်းမှာပဲ ကိုယ့်ရင်မှာ အသစ်မွေးဖွားလာတဲ့ ဆန္ဒတစ်ခုပါ နိုးနိုး"



အမှတ်မထင်ပါပဲ။ အရိုးခေါင်းပေါ်မှာ သူ၏ ပါးပြင်ကို ကပ်လျက် မချိတင်ကဲ ရေရွတ်နေခဲ့သော ဘုန်းမြင့်မော်။ 'အသက်နှင့်ထပ်တူ မြတ်နိုးမိသော မိန်းကလေး' တစ်ယောက်ကို ကာယကံရှင်မသိအောင်လျှပ်တစ်ပြက် ခိုးရိုက်ထားခဲ့သည့် ဝေဝေဝါးဝါး ဓာတ်ပုံတစ်ပုံကိုလည်း သူ၏ စာအုပ်စင် မှန်တံခါးချပ်လေးမှာ ကပ်ထားသည်။

"အမလေး၊ ကိုယ်ကျိုးနည်းပါပြီ မြင့်သန်းရေ၊ လာပါဦးဟ၊ ဒီမှာ ဘုန်းမြင့် လူရည်ချွန်ဆုနဲ့ လွဲချော်သွားရတဲ့ အတွက် အရိုးခေါင်းဖက်ပြီး ဆွေးနေတယ် ဟေ့"

"ပယောဂဆရာပါ ခေါ်ခဲ့ရဦးမလားဗျာ"

"ဘုန်းမြင့်ရေ သတိထားကွာ၊ တို့တွေ မင်းအနားမှာ ရှိနေကြတယ်လေ၊ စိတ်ကို ငြိမ်ငြိမ်ထားနော် ချာတိတ်"

အဆောင်ဇနေ အခန်းဖော်သူငယ်ချင်းများ၏ တရင်းတနှီး ကျီစယ်မှုများ၊ ဘုန်းမြင့်မော် အားရပါးရ ဟားတိုက် ရယ်မောပစ်လိုက်သည်။ အားပါးတရ ရယ်မောနေသူ၏ ပါးပြင်နှစ်ဖက်မှာ မျက်ရည်စများက မခြောက်တတ်သေးပါ။

အလွန်ပြင်းထန်သော ပေါက်ကွဲမှုတစ်ခုကို ဘယ်အရာနဲ့များ တားဆီးလို့ ရနိုင်ပါမည်လဲ။ မန္တလေး ဆေးတက္ကသိုလ်သို့ စတင်တက်ရောက် ပညာသင်ကြားရ

www.burmeseclassic.com

www.burmeseclassic.com



သည့် ပထမနှစ်ဝက်အတွင်းမှာပင် နက်ရှိုင်းလွန်းလှသော ချစ်ခြင်း၏ ဝဲဂယက်ထဲမှာ စုန်းစုန်းမြုပ်သွားခဲ့ရလေပြီ။

## ၃

နံ့ပျံ့ခြင်း မကုန်ဆုံးသေးသော ညသည် အေးချမ်းငြိမ်သက် လှပနေဆဲရှိသည်။

လမ်းမကြီးပေါ်က လင်းလက် ဝင်းထိန်နေသော မီးရောင်များက လမ်းကြားထဲမှ ဝင်းသီတာ ကဖေးဆိုင်အထိ ပျံ့လွင့်နေသည်။

ထုံးစံအတိုင်း ဒီအချိန်မှာ ပလက်ဖောင်းပေါ်က ခုံပုလေးများတွင် လူစုံတက်စုံ နေရာယူထားဆဲ။

ရေနွေးကြမ်းအိုး တစ်အိုး၊ နှစ်အိုး၊ သုံးအိုး။

စကားတွေဖောင်ပွဲလိုက်၊ ရေနွေးကြမ်းသောက်လိုက်။

မဖြစ်နိုင်တာတွေရော၊ ဖြစ်ပြီးတာတွေရော အသည်းအသန် ငြင်းခုံလိုက်ကြ၊ ရေနွေးကြမ်းကို ဝိုင်းအားပေးကြနှင့် လက်ဖက်ရည်ဆိုင်ထိုင်ရာမှာ လက်ဖက်ရည်ထက် ရေနွေးကြမ်းကိုသာ မနားတမ်း အားပေးဖြစ်ကြတာ အဆောင်နေကျောင်းသားအများစု၏ အလေ့အထပင် ဖြစ်သည်။

"အေးမင်းရေ၊ ဒီကောင် ဘုန်းမြင့်မော် ထိပ်ကဆံပင်တွေ တိုနံ့နံ့ဖြစ်နေတာ သိလား ဟေ့ကောင်"



"ဟာ ဟုတ်သားပဲ၊ ဘုန်းမြင့် မင်းဘာကြောင့်တာလဲ၊ ဒါက ဘာကေလို ခေါ်လဲ၊ ငါ နယ်ပြန့်သွားလို့ တစ်ပတ်လောက် ကျောင်းပျက်လိုက်တာ အတော် လိုက်မမီတော့ဘူးကွ"

"ဘာမှ မဟုတ်ပါဘူး ကွာ၊ ငါ သွား တော့မယ်"

ပြောပြောဆိုဆို ဘုန်းမြင့်မော်က ပြန်ရန်ပြင်သည်။

"အဲမယ် ဒီလို ဘယ်ရမလဲ၊ ဟေ့ကောင် ထိုင်ဦး"

အားလုံးက ဘုန်းမြင့်မော်ကို ဝိုင်းဆွဲထားကြသည်။ ပြီးတော့ နေ့လယ်က ခန္ဓာဗေဒ လက်တွေ့ချိန်မှာ သူနှင့် အတူ လူသေခွဲစိတ်ခုံတစ်ခုတည်းမှာ တွဲကျခဲ့သော ထွန်းဂင်းက အကြောင်းစုံ ဖောက်သည်ချသည်။ တစ်ဖွဲ့လုံး တဝါးဝါးနှင့် ပွဲကျနေသော်လည်း သူ လိုက်မရယ်နိုင်ပါ။ ပြန်လည်သတိရမိခြင်းနှင့် အခါအားလျော်စွာ တမ်းတရခြင်း၏ ရင်ခုန်လှိုက်မောမှုများကို သူမှတစ်ပါး အခြားဘယ်သူကများ နားလည်သဘောပေါက် နိုင်ကြမလဲလေ။

ဒီနေ့ ခန္ဓာဗေဒ ခွဲစိတ်ခန်း (Anatomy Dissection Room) မှာ တင်ပဆုံပိုင်းမှ သွေးကြောများ၊ အာရုံကြောနှင့် ကြွက်သားများ ဖြာထွက်ဖွဲ့စည်းပုံကို ၎င်းတို့၏ မူလအစနှင့် အဆုံးသတ်အထိ မျက်မြင်သိရှိသွားနိုင်အောင် လက်တွေ့ခွဲစိတ် ဖြတ်တောက်လေ့လာနေကြစဉ် ဘယ်လိုဖြစ်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



မသိ၊ ဖြုန်းစားကြီး။ ခေါင်းငုံ့နေသော သူ၏ရှေ့က ဆံပင်ဘုတ်သိုက်ကြီးကို ကတ်ကြေးဖြင့် ရတ်တရက် ကိုက်ဖြတ်ချခြင်း ခံလိုက်ရသည်။ လူသေကောင်ပေါ် ပြုတ်ကျလာသော ဆံပင်များကိုကြည့်ပြီး ပထမ သူ ကြီးစွာအံ့အားသင့်သွားရသည်။ နောက် သူ၏ ဒေါသသည် ရှူးခနဲပွင့်ထွက်လာခဲ့သည်။

မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် သူ မော့ကြည့်လိုက်တော့.....။

ဟင် သက်မြတ်နိုး၊ ကိုယ့်ဘာသာ ဘာလုပ်လို့လုပ်မိမှန်းမသိလိုက်သည့် သတိကင်းလွတ်သွားသူ တစ်ယောက်လို မျက်လုံးအဝိုင်းသားနှင့် လက်ထဲက ဆုပ်ကိုင်ထားဆဲ ကတ်ကြေးကို သူမ၏ မဟာတဟာပွင့်နေသော ပါးစပ်ဝမှာ ကပ်ထားလျက်.....။

"သူ သူက ဟို ကိုဘုန်းမြင့်မော်၊ အား ကျွန်မ ဘာတွေ လုပ်လိုက်သလဲမသိဘူး"

အယောင်ယောင် အမှားမှား ပြောဆိုရင်း အခန်းအပြင်သို့ ထိတ်လန့်တကြား ပြေးထွက်သွားခဲ့သော သက်မြတ်နိုး။

ဟင်း.....၊ ဖြစ်ရလေဗျာ။



တကယ်တော့ သူသည် သူ၏ ဆံပင်များကို အထွတ်အမြတ်ထားတတ်သူ တစ်ဦးပါပေ။ လှိုင်းလုံးလေးများလို မသိမသာ တွန့်လိပ်ခွေနွဲ့နေသော နက်မှောင်သန်စွမ်းလှသည့် ဆံပင်များကို အမြဲတမ်း တယုတယ ဖြီးသင်ထားတတ်သူ။

"တောက်"

သူ တက်ခေါက်လိုက်မိသည်။ ဒါပေမဲ့ သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချရင်း သူ့စိတ်သည် အလွန်လျင်မြန်စွာ ပြေလျော့သွားသည်။ သက်မြတ်နိုး၏ ထိတ်လန့်ဘုန်လှုပ်နေဟန် မျက်နှာလေးကို စိတ်မကောင်းကြီးစွာသတိရလိုက်ပြီး သူ့ဆံပင်များကို ပွတ်သပ်စမ်းကြည့်နေသော ဘုန်းမြင့်မော်တစ်ယောက် အခန်းအပြင်သို့ ချာခနဲလှည့်ထွက်သွားတော့သည်။ နောက်တော.....။

ခန္ဓာဗေဒ စာသင်ဆောင်နောက်ဘက်က ဘန်ဒါပင်အောက်ရှိ သစ်သားခုံဝိုင်းလေးပေါ်မှာ ခေါင်းငိုက်စိုက်ချလျက်ငုတ်တုတ်လေးထိုင်နေသော သက်မြတ်နိုးရှိရာသို့ သူ လိုက်သွားဖြစ်၏။

"ကျွန်တော့်ဆံပင်တွေကို ဘာလို့ ဖြတ်ချပစ်လိုက်ဘာလဲဆိုတဲ့ အကြောင်းပြချက်ကိုတော့ ကျွန်တော် သိဖို့လိုအပ်မယ်ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို သိပ် စိတ်ဆိုးမှာပဲနော် ကိုဘုန်း"

"စိတ်ဆိုးတယ်ဆိုတာထက် ကျွန်တော့်ကို အချုံးခံလိုက်ရသလို ခံစားရပါတယ်၊ ဒါပေမဲ့ တရားခံက နီးနီးဖြစ်နေတော့ ကျွန်တော့်ရဲ့ ဒေါသတွေ ကြာရှည်မခံတော့ဘူး။ ကျွန်တော် ဘာပြောရမှန်း မသိတော့ပါဘူးဗျာ"

"ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်နော်၊ ကျွန်မက ဒီလိုပဲ တစ်ခါတလေ နည်းနည်းကြောင်တတ်ပါတယ်"

သူသည် သက်မြတ်နိုး၏ဘေးက နေရာလွတ်မှာ ရဲဝံ့စွာ ဝင်ထိုင်လိုက်သည်။ သက်မြတ်နိုးက တစ်ဖက်သို့ အနည်းငယ်တိုးရင်း နေရာဖယ်ပေးသည်။

"ကိုယ်တော့ ဒီလိုမထင်ဘူး၊ နိုးနိုးမှာ လုံလောက်တဲ့ အကြောင်းရင်းခံ တစ်ခုခုတော့ ရှိပါလိမ့်မယ်"

"ဟင့်အင်း ဘာမှ မရှိပါဘူး၊ ရှင့်ရဲ့ ဆံပင်တစ်တွေးကြီးက ခွဲစိတ်နေတဲ့မြင်ကွင်း (Dissecting Field) မှ လှုပ်လှုပ် လှုပ်လှုပ်နဲ့ပိတ်နေလို့ လက်က အလိုလို ဖြတ်လိုက်မိသွားတာပါ၊ အဲဒီအတွက် ကိုဘုန်း ကျေနပ်တဲ့အထိ ကျွန်မ တောင်းပန်ပေးဖို့ အသင့်ပါရှင်"

'ရပါတယ်ဗျာ' ဟု သူက အလွယ်တကူ ပြန်ပြောလိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ သူ မြတ်နိုးသော ဆံပင်



များကို အဲဒီလို ခပ်ပေါ့ပေါ့ သဘောထားပြီး မဆင်မခြင် ဖျက်ဆီးပစ်ရက်သည့် မိန်းမတစ်ယောက်အား ဒီမျှလောက်နှင့် ကျေအေးပစ်လိုက်ပစ်လိုက်ဖို့ မသင့်သေး။ သို့သော်လည်း သူ ပြတ်သားစွာ မဆုံးဖြတ်နိုင်ပါ။

ဒါကြောင့် သက်မြတ်နိုးကို ကျောခိုင်းပြီး လှည့်ထွက်ခဲ့သည်။ ပြတ်ကျသွားသော ဆံပင်များကို သက်မြတ်နိုးနှင့် ထပ်တူထပ်မျှ နှမြောတသနေမိသည်။

"အဲဒါပဲကွ၊ ဒီကောင်ခံလိုက်ရတာ၊ ဒီမှာ ပြဿနာက ဒီကလေးမက ဒီကောင်ကြီး ဆံပင်ကို ဘာကြောင့် ညှပ်ချပစ်လိုက်ရတယ်ဆိုတဲ့ ဇာစ်မြစ်ပဲ၊ ကဲမင်းတို့ရော ဘယ်လိုထင်သလဲ"

"ဟာ– ဒါ စိတ်ဝင်စားစရာပဲကွ"

"ငါ ထင်တာတော့ကွာ၊ ငါတို့ကောင်တွေ ဟိုနေ့က သူ့ကို ဝိုင်းစကြတာကိုလေ၊ အင်တာဗျူး အမေးအဖြေ လုပ်တယ်ဆိုပြီး ဝိုင်းဖွကြတာကို သူ မကျေနပ်လို့ ဒီလို လုပ်ထည့်လိုက်တာ ဖြစ်မယ်ကွ"

"မဟုတ်သေးပါဘူးဟာ၊ ဒီလိုဖြစ်နိုင်တယ် သိလား ဟောကောင်၊ ဘုန်းမြင့် ဆံပင်တွေက လှိုင်းကလေးတွေလို ဘွန်နဲ့လိပ်ပြီး နက်မှောင်တောက်ပြောင်နေတာ ယောကျ်ားကြီး ဘန်မဲ့ ဒီလောက် ဆံပင်လှနေတော့ သူ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘူး ထင်တယ်၊ ဟိုကွာ (Inferior Complex) ဝင်တာမျိုးပေါ့"

"ဒီကောင်ကလည်း ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ မဟုတ်မှ လွဲရော (Jealousy) ဖြစ်တာလို့ဆိုရင် ဟုတ်ဘုတ်တုတ်"

တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေ ပေးကြသည်။ လက်ဖက်ရည် တစ်ခွက်ပြီး တစ်ခွက်၊ ဆေးပေါ့လိပ်၊ စီးကရက် တစ်လိပ်ပြီး တစ်လိပ်၊ ပြီးတော့ ရေနွေးကြမ်း တစ်အိုးပြီး တစ်အိုး။

အဖြေရှာမရနိုင်ကြသေးပါ။ အသေချာဆုံးကတော့ ကာယကံရှင် သက်မြတ်နိုးမှတစ်ပါး တခြားဘယ်သူမှ အမှန်ကို ဂဃနဏ သိမြင်နိုင်မည် မဟုတ်ပါ။

သူ၏ စိတ်ထဲမှာလည်း 'ဆန်းတော့ ဆန်းတယ်၊ နိုးနိုး ဒီလိုလုပ်လိုက်တာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ အများကြီး ဖြစ်နိုင်တယ်၊ တစ်ခုခုကို အတည်ပြုလိုက်မယ်ဆိုရင် လွဲမှား မသွားပါဘူးလို့ ဘယ်သူမှ အာမမခံနိုင်ဘူး'ဟူသော ဒွိဟ သံသယများနှင့်။

နားလည်ရခက်သော မိန်းမတစ်ယောက်အဖြစ် အားလုံးက ဒီလိုပဲနားလည်လိုက်ကြသော်လည်း ဒီနောက်ပိုင်းမှာ သက်မြတ်နိုးနှင့် သူ၏ ဆက်ဆံရေးသည် ပို၍ အဆင်ပြေတိုးတက်လာသည်။



၄

"နှင် ဘာလို့ ဒီလိုလုပ်ရတယ်ဆိုတာ သေချာ ရှင်းမပြခဲ့ဘူးလား မိနိုး"

"ဟင့်အင်း၊ ငါ ရှင်းပြရင်လဲဘာမှ ထူးလာမှာမှ မဟုတ်တာ၊ နှင်တို့ သိပါတယ်ဟာ၊ ဒီ (Completion test) လပတ်စာမေးပွဲအတွက် ငါ ဘယ်လောက် စိုးရိမ်ပူပန်နေတယ်ဆိုတာ ငါ ဘာမှ သေချာမကြည့်ရသေးလို့ ကြည့်ထားသမျှလည်း သိပ်မရှင်းလို့၊ (Dissection Room) လူသေ ခွဲစိတ်ခန်းထဲကျမှပဲ အမြင်နဲ့ Memory (မှတ်ဉာဏ်) ထဲ သွင်းတော့မယ်လို့ မှန်းထားတာဟာ၊ ငါရှာနေတဲ့ နာဗ်ကြောကြီးက တွေ့လုတွေ့ခင်နဲ့၊ ပျောက်သွားပြန်လို့ အတော်စိတ်ရှည်ရှည်ထား ပြီး ရှာနေရတာ၊ အဲဒီ ဆံပင် ဘုတ်သိုက်ကြီးက ငါ့ရဲ့ Dissecting Field (ခွဲစိတ်နေတဲ့မြင်ကွင်းကို) လာအနှောင့်အယှက်ပေးနေတာ၊ ကွယ်ထား တယ်ကွာ၊ 'ငါလဲ ဒီမှာ ဆံပင်လေး နည်းနည်းလောက် ဖယ်ပေးပါဦး'လို့ နှစ်ခါ သုံးခါ ပြောပါတယ်၊ လူကိုတော့ မော့မကြည့်အာ လို့ ပိုင်ရှင် ဘယ်သူမှန်း မသိပါဘူး၊ အဲဒါ ဆံပင်တွေက မထုံတက်တေးနဲ့ နည်းနည်းလေးမှ မရွေ့တာနဲ့ စိတ်တိုလာပြီး ကတ်ကြေးနဲ့ ကိုက်ချလိုက်တာ၊ အဲ- ဖြစ်ချင်တော့

www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းအငုံ့၊ ငါက အညှပ်၊ တိုက်ဆိုင်မှုကြောင့် ဆံပင်တွေ အထွေးလိုက်ကြီး ပြုတ်ကျလာ တော့တာပေါ့ ဟယ်၊ ကတ်ကြေးကလည်း အတော့်ကိုထက်နေတာ ဟ"

"ဟား ဟား ဟား ဟား၊ တစ်ခါတည်း ကတုံး တုံးလိုက်ပြီး ရဟန်းအမဘွဲ့ခံလိုက်ရင် ပြီးရော နိုးနိုးရာ"

မိဝေးဖဝေး တစ်နယ်တစ်ကျေးမှ တစ်ယောက်တည်း ပညာလာသင်ကြရတဲ့ ဘဝတူတွေမို့ ညီအစ်မအရင်းတွေတမျှ ချစ်ခင်တွယ်တာကြရတဲ့ သူငယ်ချင်းများ သူမ၏ အခန်း ထဲမှာ ပျော်ရွှင်စွာ ရယ်ပွဲဖွဲ့နေကြသော်လည်း တကယ်တမ်း သူမ လိုက်မရယ်နိုင်ခဲ့ပါ။

ဟိုတစ်ခါ လူ့ရည်ချွန် ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲမှာ သူမ အား နှစ်နှစ်ကာကာ ပေးဆပ်ခဲ့သော အနစ်နာခံမှု၊ ပြီးတော့ အဲဒီတုန်းက သူမကို သူ အတန်ကြာ စိုက်ကြည့် နေခဲ့သော ကြည်လဲ့ရွှန်းမြ အကြည့်စူးစူးရယ်....၊ သူမ ရင်တွင်းသို့ စူးစူးနစ်နစ် မြုပ်ဝင်သွားခဲ့တာ သူမ တစ် သက်တာ မေ့ပျောက်လို့ရနိုင်မှာ မဟုတ်တော့ပါ။

အခုတစ်ကြိမ် သူမ၏ မဆင်မခြင် အပြုအမူကစ်ခု ကြောင့် သူ ပေးခဲ့သော အစိမ်းရောင် အငွေ့အသက်များနှင့် အတူ မီးတောက်မီးလျှံထဲက မျက်လုံးနှစ်လုံး၏ အကြည့် စူးစူး.....၊ သူမ ရင်ထဲသို့ ပူလောင် စူးရှစေခဲ့သည်။



ကျေအေးခြ င်းနှင့် နားလည်ခွင့်လွှတ်မှုတို့၏ နွေးထွေးခြင်းကို တမ်းတမိသည်။ မျက်ဝန်းထဲမှာ မျက်ရည်စတို့က ထိန်းမနိုင် သိမ်းမရတော့။ မျက်တောင်နှစ်ခုကို တဖျတ်ဖျတ် ပုတ်ခတ်နေသည့်ကြားမှ တအိအိ လျှံကျလာသည်။

"ဟယ် မိနိုး ငိုနေတယ်၊ မငိုပါနဲ့ သူငယ်ချင်းရယ်၊ နင် သိပ် စိတ်ထိခိုက်နေရင်လဲ ဘုန်းမြင့်မော်ကို ငါတို့ သွားပြောတော့မယ်ဟာ၊ နင့်ကို ကတုံးမတုံးလိုက်ရလို့ နိုးနိုး စိတ်မကောင်းဖြစ်နေတယ်၊ အဲဒါ ဆံချရအောင် ကြွပါဦးလို့ သွားတောင်းပန်ပေးမယ် နော် နော် နော်"

"သွားကွာ၊ ဘာမှန်းလဲမသိဘူး"

ခေါင်းအုံးတစ်လုံးပွေ့ပိုက်လျက် အိပ်ရာပေါ် မှောက် အိပ်ပစ်လိုက်သည်။

အလွန်မြင့်မားသော တောင်တက်ခရီးတစ်ခု၏ အစ ပထမပိုင်းမှာပင် သူမ မောပန်းလွန်းလှပါပြီ။

၅

နောက်ပိုင်းမှာ ဘုန်းမြင့်မော်ကပဲ သက်မြတ်နိုးကို တမင် ရှောင်နေလေသလား၊ ဒါမှမဟုတ် အကြောင်းအားလျော်စွာ မဆုံဖြစ်ကြတာလား မသိ။

www.burmeseclassic.com

www.burmeseclassic.com



နေ့ရက်ပေါင်း များစွာ အမှတ်မထင် ဆုံတွေ့ အနိုးဖြင့် တမင် သတိထား ရှာဖွေနေခဲ့သော သက်မြတ်နိုး အတွက်တော့ သက်ပြင်းတွေ ကုဋေကုဋာဖွဲ့သီရင်း ရင်မောခဲ့ရသည်။ ကျောင်း ဝင်း နယ်နိမိတ်ကျဉ်း ကျဉ်း လေး ထဲမှာပင် သူ့ကို တွေ့အောင် မရှာနိုင်ခဲ့။ ဘာလိုလိုနှင့် နှစ်လကျော် ကြာခဲ့ပြီ။ မတွေ့မမြင်ရလေ တစ်စုံတစ်ခုသော အကြောင်းအရာကို သတိရမိလေ။ အို၊ သူ သက်မြတ်နိုး ကို တော်တော် စိတ်ခုသွားမှာပဲ၊ သူ့ သူငယ်ချင်း အပေါင်းအသင်းများကို မေးမြန်းကြည့်ရမှာလည်း မဝံ့ရဲ။

နေ့စဉ် တွေ့မြင်နေရလျှင် မသိသာလှသော်လည်း မတွေ့ရတာ ကြာလာမှပင် သက်မြတ်နိုးရင့်ထဲမှာ စူးတစ် ချောင်း နစ်ဝင်နေပြီဖြစ်ကြောင်း ရိပ်မိလာခဲ့ရသည်။

တစ်နေ့ သောအခါ မမျှော်လင့်တော့သော မျှော်လင့် ခြင်း တစ်ခုသည် သူမ၏ မျက်စိရှေ့မှောက်သို့ အလို အလျောက် ရောက်လာခဲ့လေသည်။

"သက်မြတ်နိုးကို ကိုယ် လာနှုတ်ဆက်တာပါ"

"ဟင် ဘာဖြစ်လို့လဲရှင်"

"ကိုယ် ရန်ကုန်ကို ကျောင်းပြောင်းတော့မယ်"

"အို"



ခေါင်းငုံ့လျက် မျက်လွှာနှစ်ဖက် စုချထားသော သူ၏ မျက်ဝန်းထဲမှာ ဘာတွေရှိနိုင်သလဲ။ သက်မြတ်နိုး မသိပါ။ အဲဒီ နှလုံးသား၏ ပြတင်းတံခါးများဆီက အဖြေ မှန်ကို ရှာဖွေကြည့်ချင်နေမိသည်။ သေချာတာတစ်ခုကတော့ ညီညာတိကျစွာပြုပြင်ထားသော သူ၏ ဆံပင်များကို မြင်လိုက်ရသည့် တစ်ခဏ သက်မြတ်နိုးရင်ထဲမှာ အတိုင်း မသိ ကြည်နူးသွားခြင်းပင် ဖြစ်၏။

အပြစ်တစ်ခု ကျူးလွန်ခဲ့မိသော တရားခံတစ်ဦး၏ ပေးဆပ်လိုက်ရသော အချိန်ကာလ တစ်ခုသည်လည်း လွန်မြောက်သွားသင့်ပါပြီလေ။

"ကျွန်မ ကိုဘုန်းမြင့်မော်အတွက် ဘာများ ဆောင်ရွက်ပေးနိုင်မလဲ ဟင်"

"ကိုယ် ပြောင်းမသွားခင်မှာ သိချင်တာလေးတစ်ခု သက်မြတ်နိုး ရှင်းပြပေးနိုင်မယ်ဆိုရင်.....၊ အဲဒါ ကိုယ် အရမ်း သိချင်ပါတယ်၊ ကိုယ်ဟာ သက်မြတ်နိုးအပေါ်မှာ ဘာတစ်ခုမှ စိတ်ဆင်းရဲအောင် မလုပ်ခဲ့ဖူးဘူးလို့ ထင်တယ်၊ သက်မြတ်နိုးရဲ့ တိုးတက်ရာလမ်းကြောင်းပေါ်မှာ ကိုယ်ဟာ ဘယ်တော့မှ ခလုတ်ကန်သင်း မဖြစ်စေခဲ့ပါဘူး၊ ဒါပေမဲ့ ကိုယ်တန်ဖိုးထားတဲ့ ကိုယ့်ရဲ့ ဆံပင်တွေကို နိုးနိုး ဖြတ်ချ

www.burmeseclassic.com

www.burmeseclassic.com



ပစ်ရက်တာ ကိုယ် ခုချိန်ထိ စဉ်းစားလို့ မရဘူး၊ အဲဒါကြောင့် ရန်ကုန်ပြောင်းဖို့ ဆုံးဖြတ်လိုက်တာ"

သြော်၊ ဖြစ်မှဖြစ်ရပလေရှင်။

တစ်ခါတစ်ရံ မိမိ အထင်ကြီး လေးစားမိသော ယောကျ်ားတစ်ယောက်သည် အလွန် ရယ်မောဖွယ်ကောင်းသော ကလေးငယ်တစ်ယောက် ဖြစ်နေတတ်မှန်း သက်မြတ်နိုး သတိမထားတတ်ခဲ့ပါ။ သူမ သတိထားမိတာကတော့ ကိုယ့်ကိုယ်ကို ဘယ်လိုမှ မထိန်းသိမ်းနိုင်တော့ဘဲ တခစ်ခစ် ရယ်မောမိသည်မှာ ပခုံးလေးတွေ သိမ့်သိမ့်ခါမျှ။

"ကိုဘုန်းမြင့်မော်ရယ် အဲဒီအတွက်တော့ ရန်ကုန်မပြောင်းပါနဲ့ရှင်၊ ကျွန်မ ထပ်ပြီး အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်မကြောင့် တိုနံ့နံ့ဖြစ်သွားရတဲ့ရှင့်ရဲ့ ဆံပင်တွေကိုလေ ဒီနေ့ ရှင့်ကိုပြန်တွေ့ရတဲ့ထိ တစ်နေ့မှ မေ့လို့မရခဲ့ပါဘူး၊ အချိန်ပြည့် သတိရမြင်ယောင်ပြီး ကျွန်မ စိတ်ဆင်းရဲနေခဲ့ရတာပါ၊ ဒီလောက်ဆိုရင် ကျေပါတော့နော် ကိုဘုန်း"

"သြော် နိုးနိုးရယ်"

'သူ့' ရင်ထဲမှ မပီဝိုးတဝါး ရေရွတ်လိုက်မိရင်း သူမ မျက်နှာလေးကို ငေးကြည့်နေမိသည်။

သွယ်လျသော သူမ၏ မျက်နှာလေးမှာ အပြစ်တင်စရာ ဘာတစ်ခုမျှ ရှာမတွေ့။ ပျော့ပျောင်း နူးအိလျက် ...



နှမ်းပြင်ပေါ် ဝေ့ဝဲကျနေသော ဆံနွယ်စလေး ရယ်၊ ညိုမှောင်ရှုန်လဲ့နေသော မျက်ဝန်း အစုံ၊ ပေါ်လွင်သော နှာတံ၊ ဘယ်ဘက်ပါး ပြင်ပေါ်က စပုယ်တင်မှဲ့လေး တစ်လုံး နှင့် ပြုံးပြုံး ရယ်မောသည့်အခါ အလွန် ချစ်စရာကောင်းသော ညီညာဖွေးဥနေသည့် သွားတန်းလေးတွေ၊ လှပညှို့သက်လှသော မျက်နှာနုနုလေးနှင့် သွယ်လျမြင့်မားသော အရပ်အမောင်း၊ ကျစ်ကျစ်လျစ်လျစ်နှင့် အချိုးကျ လှပသော ခန္ဓာကိုယ်ပိုင်ရှင်လေး။

"ဘယ်လိုလဲ ကိုဘုန်း"

"ဗျာ၊ ဟို"

တုန်ခါသွားသော 'သူ'။ လူမိခံလိုက်ရသော အကြည့်သူခိုးလေးကို မရယ်မောဖြစ်တော့ပါ။

"ထားလိုက်ပါတော့ဗျာ၊ ကျွန်တော်"

"ကိုဘုန်းမြင့်မော်၊ မပြောင်းတော့ဘူးပေါ့နော်"

"အင်း"

"ကျွန်မကို ကျေအေးပြီနော်"

"အင်း"

"ဟာ ဝမ်းသာလိုက်တာ၊ တကယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



# ၆

အချစ်သည် ကမ္ဘာဦးအစကတည်းက ဖြစ်တည်ခဲ့သောအရာဖြစ်၏။ ထို့ကြောင့် ချစ်ခြင်းသည် ရှေးဟောင်းပစ္စည်းတစ်ခုသာဖြစ်သည်။ 'တော်ဖလာ' သီဝရီအလိုအရ နှစ်ဆယ်ရာစု လွန်မြောက်ပြီးနောက် နည်းပညာခေတ်နှင့် အသိပညာခေတ် Age of Technology မှတစ်ဆင့် Age of Knowledge Society များ၌လည်း ယင်း ရှေးဟောင်းပစ္စည်းတစ်ခုသည် ပင်ကိုယ်အတိုင်း နုပျိုဆန်းသစ်နေပေဦးမည်။ နောင်လာလတ္တံ့သော ကမ္ဘာပေါင်းများစွာ အသချေ အထိတိုင်ခြေရာလက်ရာမပျက် ဖြစ်တည်နေလိမ့်ဦးမည်။

ငြိတွယ်ခြင်း၏ နားလည်မှု စည်းဝိုင်းထဲမှာ အလိုအလျောက် ရောက်ရှိသွားခဲ့ကြသည့်အချိန်မှာ တရားဝင်လိုအပ်နေသော ကျေညာချက်တစ်ခုကို နောက်ဆုံးစာမေးပွဲဖြေဆိုခါနီးမှသာ ထုတ်ပြန်ဖြစ်ခဲ့ကြပေမယ့်လည်း ဘယ်သူတစ်ဦးတစ်ယောက်ကမျှ ပိုမို အံ့သြကြတော့မည် မဟုတ်ပါ။ ဘာကြောင့်လည်းဆိုတော့ 'ဘုန်းမြင့်မော်' ဆိုသော ရိုးသားသိမ်မွေ့သည့် ဆေးကျောင်းသားနှင့် 'သက်မြတ်နိုး' ဆိုသော နုနုယဉ်ယဉ်လေး ချောမွေ့လှပလွန်းသည့် ဆေးကျောင်းသူ



တို့ နှစ်ယောက်ကို အလွန်လိုက်ဖက်သော ချစ်သူနှစ်ဦးအဖြစ် သတ်မှတ်ထားခဲ့ပြီးကြ၍ ဖြစ်သည်။

ဆေးတက္ကသိုလ်၌ တက်ရောက်ခဲ့ရသည့် သင်တန်းကာလ၏ အချိန်ပိုင်းအတော်များများကို နေရာယူထားခဲ့သော ဘုန်းမြင့်မော်၏ အလုပ်တစ်ခုကတော့ သူ၏ အိပ်စက်ခြင်း၊ စားခြင်းနှင့် စာကြည့်ခြင်းများအပြင် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ငုရွှေဝါဆောင်ရှေ့သို့ အခစားရောက်ရှိခြင်းပင်။ ပူပြင်းလှသော နွေနေအောက်မှာပဲဖြစ်ဖြစ်၊ သဲသဲမဲမဲ ရွာချလိုက်သော မိုးရေတွေအောက်မှာပဲဖြစ်ဖြစ်၊ ချမ်းချမ်းစီးစီး နှင်းမှုန်ထုကြီးအောက်မှာပဲဖြစ်နေပါစေ။ 'သူ' စောင့်နေမည်။ သက်မြတ်နိုးအတွက် ဘယ်တော့မှ မပျက်ခဲ့သော ဝတ္တရား။

'ကိုကို ရောက်နေတာ ကြာပြီလားဟင်' ဆိုသော ချိုနွဲ့သည့် သူမ၏ နှုတ်ဆက်စကားနှင့်အတူ 'သူ'၏ ညာလက်ကို ဖျစ်ညှစ်လိုက်ခြင်းသည် သူ၏ တစ်နေ့တာအတွက် အားမာန်သစ်တစ်ခု ဖြစ်သလို ညနေကျောင်းဆင်းချိန်မှာလည်း ငုဝါဆောင်ရှေ့အရောက် သူ၏ ပခုံးသားပေါ်သို့ လက်သီးဆုပ်လေးခပ်ဖွဖွတစ်ချက်ထုရင်း 'ကိုကို မပေနဲ့မမွှေ စာကြည့်နော်' လို့ နှုတ်ဆက်ခြင်းသည် သူ၏ တစ်နေ့တာ ပြည့်စုံသွားစေသော ကျေနပ်ချမ်းမြေ့မှုတစ်ခု ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် ဘုန်း မြင့်မော်ကို အဆောင်နေ သူငယ်ချင်းများက 'ကိုယ်ရံတော် (Body Guard) မောင်ဘုန်း' ဟု တညီတညွတ်တည်း ဘွဲ့ချီး မြှင့်လိုက်ကြသည်။ ဘုန်း မြင့်မော်ကလည်း လိုလားကြည်ဖြူစွာ လက်ခံယူခဲ့သည်။

ဆေးကျောင်းထဲက စာသင်ခန်းများမှာ Class တက်ချိန်များ၌ ဘုန်းမြင့်မော် သူငယ်ချင်းများနှင့် တတွဲတွဲရှိနေသော်လည်း နံနက်ပိုင်း ဆေးရုံကြီးမှာ လက်တွေ့ လူနာများနှင့် လေ့လာသင်ယူချိန်များတွင်တော့ 'သူ'၏ တာဝန်ဘယ်တော့မှ ပျက်ကွက်ခြင်းမရှိခဲ့ပါ။ သူမ အပါး အခစားမပျက်။ ခေါင်းတညိတ်ညိတ်နှင့် ပုတ်သင်ညို အရှင်လတ်လတ် ဝင်စားခဲ့သော ဘုန်းမြင့်မော်ပါပဲ။

"Ward(လူနာဆောင်) ထဲက Bed(ခုတင်)တွေပေါ်မှာ အသင့်စောင့်ကြိုနေတဲ့ ဟောဒီ Patient(လူနာ)တွေဟာ နိုးနိုးတို့အတွက် ဖတ်လို့ မှတ်လို့ မကုန်နိုင်တဲ့ ဆေးစာအုပ်တွေပဲပေါ့ ကိုကို၊ တန်ဖိုးမဖြတ်နိုင်တဲ့ ပညာရပ်တွေကိုကို အလေးအနက်အနက်ထားစေချင်တယ်"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

သူမ၏ ပခုံးစွန်းလေးဖြင့် ရုတ်တရက် တွန်းတိုက်လိုက်သဖြင့် ယိမ်းယိုင်သွားသော ဘုန်းမြင့်မော်ကို သူငယ်ချင်း



များက တဟားဟား ရယ်မောရင်း ကောင်းချီးပေးလိုက်ကြသည်။ ပျော်စရာ နံနက်ခင်းလေးတစ်ခု။

'မော်ဒန်စာရေးဆရာ ဖြစ်ချင်နေတာလေ' ဟူသော သူငယ်ချင်း ထွန်းဝင်း၏ မှတ်ချက်ပြုခြင်းကို အမှတ်ရလိုက်မိသည်။

"မင်းတို့နှစ်ယောက်ဟာ စာပေအနုပညာရှင်တွေသာ ဖြစ်ခဲ့မယ်ဆိုရင် ယန်းပေါ်ဆတ်နဲ့ ဆီမွန်ဒီဗူးဗွားတို့လို နှစ်ကိုယ့်တစ်စိတ်ပဲပေါ့"

ထွန်းဝင်း၏ ကောက်ချက်ချခြင်းမှာ လုံးဝ ဥဿုံ ပြည့်စုံမှန်ကန်ခြင်းတော့ မဟုတ်ပါ။ 'သူ' မြတ်နိုးတွယ်တာလှသော 'သူမ' ကို 'ဆတ်'က 'မဒမ်ဒီဗူးဗွား'ကို Living together(လက်မထပ်ဘဲအတူနေ) နေသလို နေပစ်လိုက်ဖို့ အတွေးထဲမှာပင် မစဉ်းစားရက်ခဲ့ပါ။ 'သူ' အလွန်တန်ဖိုးထား ဖွဲလန်းမိသော မိန်းကလေးမို့ အရိပ်တကြည့်ကြည့်နှင့် ကြည့်လို့မဝဖြစ်နေခဲ့တာ နှစ်တွေလည်း မနည်းတော့ပြီပဲ။

နောက်ဆုံးနှစ် အပိုင်း(ခ) စာမေးပွဲ အောင်မြင်ပြီးနောက် ကံအားလျော်စွာ မန္တလေး ပြည်သူ့ဆေးရုံကြီး၌ပင် 'သူ'တို့အုပ်စု အလုပ်သင်ဆရာဝန် ဖြစ်ကြရသည်။ ဤအချိန်ထိ ဘုန်းမြင့်မော်တစ်ယောက် 'သူ' အလွန်ချစ်မြတ်နိုးရသော ချစ်ဦးသူ 'သက်မြတ်နိုး'ကို သူမ၏ ဖြူဝင်းနုညို့

www.burmeseclassic.com

www.burmeseclassic.com



လှသော ပါးပြင်နှစ်ဘက်ကို တယုတယလေး မွှေးကြူမိသည်မှအပ သူမအား အလွန်သန့်ရှင်းဖြူစင်စွာ ငြိတွယ်ခဲ့ခြင်းသာ ဖြစ်သည်ဟုဆိုလျှင် သူတို့၏ သူငယ်ချင်းများက လွဲ၍ ယုံကြည်နိုင်သူ ရှားပါးပေလိမ့်မည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ် မားမားမတ်မတ် မရပ်တည်နိုင်သေးသရွေ့ မိဘလက်ဝေခံအဖြစ် 'သူ'၏ ချစ်သူကို မထားရက်နိုင်ပါ။ အသက်တမျှ ချစ်ခင်မြတ်နိုးရသော 'သက်မြတ်နိုး'အတွက် 'သူ' အများကြီး ကြိုးစားရပါဦးမည်။

ဗုဒ္ဓဘာသာဝင်၊ မြန်မာလူနေမှု အသိုင်းအဝိုင်းထဲက မြန်မာ့သမီးပျိုတစ်ဦးအဖြစ် အသက်ရှင်လာခဲ့ရသော သက်မြတ်နိုးအတွက် 'မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ' ဆိုသော ရှေးလူကြီး သူမတို့၏ ဆုံးမစကားသည် အသက်နှင့်အမျှ ဦးထိပ်ပန်ဆင်ထားရမည့် အရာသာဖြစ်သည်မို့ ယနေ့ထက်တိုင် အတူတကွ လက်ထပ်ပေါင်းသင်းနေထိုင်ဖို့ကိစ္စအထိ ဖွင့်ဟ တောင်းဆိုလာခြင်းမရှိသေးသော ချစ်ဦးသူ'ကိုကို့'ကို 'တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ နေရ နေချင်ပါတယ်ကိုကိုရယ်' ဟု သက်မြတ်နိုး မပြောသာပါ။ ကာယိန္ဒြေကဲ့သို့ နှုတ်ဣန္ဒြေကိုလည်း အသက်တမျှ စောင့်ထိန်းရမှာ သူမတာဝန်ပင်ဖြစ်၏။



"ကိုကိုကို့ နှစ်နှစ် သုံးနှစ်လောက် အလုပ်ကြိုးစားလိုက်မယ်ဆိုရင် ဆရာဝန်အိမ်ထောင်စုလေး တစ်ခုအတွက် တင့်တယ်မှုလေးရနိုင်လောက်ပြီ ထင်ပါတယ်၊ ကိုကို့ရဲ့ ကိုယ်ပိုင်ခွန်အားတွေဟာ နိုးနိုးအတွက် အကောင်းဆုံးဘဝလေးတစ်ခု ဖန်တီးပေးနိုင်လိမ့်မယ်လို့ ကိုကို ယုံတယ်၊ ကိုကို ကြိုးစားမယ် နိုးနိုးရယ်" ဟူသော ချစ်သူစကားကို ရင်မှာ ထွေးပိုက်ထားရင်း နိုးနိုး အမြဲအားရှိနေချင်တယ် ကိုကိုရယ်။

မိမိအပေါ် ချစ်တတ်လွန်းသော၊ အလိုက်သိတတ်လှသော၊ ဦးစားပေးလွန်းသော ချစ်သူကို တစ်ခါတစ်ရံတော့ သူမ နားလည်ရခက်နေတတ်သည်။

နှလုံးသား၌ စူးမှူးနှစ်နှစ် ငြိတွယ်မိပြီဖြစ်သော ချစ်ခြင်းသည် တစ်ရစ်ပြီး တစ်ရစ် နှောင်ဖွဲ့လျက်ရှိကြောင်း 'သူ' မသိတတ်လေရော့သလား။

ကာလကြာမြင့်လာသည်နှင့်အမျှ .....၊

ရင်၌ အလွန်နက်ရှိုင်းစွာ ပျော်ဝင်သွားသော အချစ်များကို ပြင်းစွာသော မီးတောက်မီးလျှံများဖြင့် လောင်ကျွမ်းလျက်စီးသွားမှာကို စိုးရိမ်မိသည့် ကိုကို။

www.burmeseclassic.com

www.burmeseclassic.com



၇

လုံး၀ မထင်မှတ်ထားခြင်းမှ ဘ၀၏ အမှတ်တရ၊ ပို၍ တိတိကျကျပြောရလျှင် အနာတရဖြစ်စေခဲ့သော လောက၏ လှည့်ဖြားတတ်မှုများကို တကယ်ပဲ သူမ လက်မြှောက် အရှုံးပေးခဲ့ရသည်ဆိုလျှင်.....၊ သူမ၏ ပြစ်ချက်တစ်ခု အဖြစ် ဖြင့်သာ ဖွဲချက်တင်ကြတော့မည်။ လောကကြီးနှင့် လောကကြီးထဲမှာ ကျင်လည်ကျက်စားနေသော လူလည်ကြီးများ၏ မသမာမှုများကို အပြစ်မြင်နိုင်မည် မဟုတ်ပါ။

မတရားမှုများ၏ တစ်ဖက်စွန်းက (ဈေးကွက်ကစားဖို့သာ အရိုးခွဲနေသော) ကုန်သည်ဝါဒစွဲ စီးပွားရေးသမားမိသားစုမှာ တာဝန်မကင်းပါဘူးလို့ ဘယ်သူကမှနားလည် ပေးနိုင်မည် မထင်ပါ။

မိမိတစ်ဦးတည်းမှာသာ.....၊ ကျဉ်းမြောင်းလှန်းသော မျက်လုံးများ၏ အကြည့်စူးစူးများ၊ လက်ညှိုးထိုးစွပ်စွဲခံလိုက်ရတာ။ အဲဒီချောက်ကမ်းပါးထဲသို့ မဖြစ်မနေ တွန်းပို့လိုက်တာက ကံကြမ္မာ၊ အတိတ်က ဝဋ်ကြွေးကြမ္မာများလား။

၈

"ဟယ်လို၊ မန္တလေးဆေးရုံကြီး သားဖွားခန်းကပါရှင်၊ အမိန့်ရှိပါ"



"-----"

"ဪ၊ ရှိပါတယ်၊ ခဏကိုင်ထားပါ၊ မမသက်မြတ်နိုး ဖုန်းလာတယ်"

သားဖွားဆရာမ (Midwife) သင်တန်းသူတစ်ဦး လှမ်းပေးသော ဖုန်းခွက်ကို သက်မြတ်နိုး လူနာစမ်းသပ်နေစဉ် လက်အိတ်စွပ်ထားလျက် (On gloves)မို့ ကိုယ်တိုင်မကိုင်နိုင်။ ဆရာမလေး တလေးတစားကိုင်ပေးထားသော ဖုန်းခွက်ကို အသာနားထောင်ရသည်။

"သမီးလေးနိုးနိုးလား၊ အန်တီစိန်ပါ သမီးရဲ့၊ သမီးနေကောင်းလား၊ အန်တီတော့ မှုးနောက်နောက်နဲ့ နေလို့ထိုင်လို့ သိပ်မကောင်းဘူးကွယ်၊ မနေ့ကလည်း မကင်းရာမကင်းကြောင်း ပုဂ္ဂိုလ်တစ်ဦးအတွက် စိန်အရောင်းအဝယ်လုပ်ပေးလိုက်ရတာ အတော့်ကို ပန်းသွားတယ်၊ တစ်နေ့ကုန်ပါပဲကွယ်၊ သမီးလေးနဲ့ မတွေ့ရတာလည်း ကြာပြီနော်၊ သမီးကို သိပ်တွေ့ချင်တာပဲ၊ ခုနက အန်တီစိန် တစ်ခေါက်ဖုန်းဆက်သေးတယ်၊ သမီး မွေးလူနာကို အပီ (Epi)ပြန်ချုပ်ပေးနေတယ်ဆိုလား၊ နာ့စ် (Nurse) တစ်ယောက်ကပြောပြတယ်ကွဲ့၊ သမီး ဒီနေ့ နေ့လယ် နှစ်နာရီ Off ဆို၊ အန်တီ ကားလွှတ်ကြိုခိုင်းလိုက်မယ်နော် သမီး၊ သွေးပေါင်ချိန်လည်း တိုင်းကြည့်ချင်တယ်၊ အဲဒါ B.P.Cuff (သွေး

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ချိန်ကိရိယာ)ပါ တစ်ခါတည်း ယူခဲ့ကွယ်၊ ညနေစာလည်း အိမ်မှာပဲစား၊ အန်တီ ပုစွန်ကင်လေးသုပ်ခိုင်းထားမယ်၊ ဟုတ်ပြီလား သမီးလေး"

မိမိ ဘာမှ ပြောလို့မရအောင် တစ်ဦးတည်း တရစပ်ပြောပြီ ဖုန်းချသွားသော ဒေါ်စိန်မမကို ဘာများ ငြင်းဆိုနိုင်ဦးမှာလဲလေ။

အနူးလွန်နေသော ဟင်းကောင်းတစ်ခွက်ကို ကြိတ်မှိတ် မျိုချလိုက်ရသလိုပါပဲ။ မိမိ၏ မိဘများနှင့် ခင်မင်ရင်းနှီးကြသော မိတ်ဆွေကြီးတွေမို့ သက်မြတ်နိုး မစိမ်းပုံ။ မန္တလေး ဆေးတက္ကသိုလ်သို့ စတင်တက်ရောက်ရကတည်းက ဖေဖေကိုယ်တိုင် အကြောင်းကြီးငယ်ရှိပါက အားမငယ်စေဖို့ လိုက်လံ မိတ်ဆက်ပြီး အပ်နှံပေးခဲ့သော ဖေဖေ၏ ငယ်ခင်က ရပ်ဆွေရပ်မျိုးများ။ သူတို့အိမ်မှာ မကြာမကြာ ကျင်းပ ပြုလုပ်ဖြစ်သော ဘုရားကိုးဆူပွဲ၊ မွေးနေ့ဆွမ်းကျွေး၊ အန္တရာယ်ကင်းဆွမ်းကျွေး၊ ပွဲလမ်းသဘင်တိုင်း မှာ သက်မြတ်နိုးကို မဖြစ်မနေ ဖွတ်အဟင်း ဖိတ်ကြားခေါ်ယူသွားတတ်သည့် မိသားစုဖြစ်၏။

ဖေဖေ့မျက်နှာကို ဖေဖေချစ်သည့်သမီး က ထောက်ထားရသည်မို့ အရှေ့နဲ့ အနောက်၊ အဖြူနဲ့အမည်း၊ အပူနဲ့အအေး ဝိရောဓိပုံသဏ္ဌာန်များရဲ့ မွှန် ကျပ်မှုတွေကို သက်



မြတ်နိုး သည် ခံနေရပေသည်။ စိန်ရောင် ရွှေရောင် တောက်မပြောင်မှု၏ အသီး အပွင့်နှင့် ပန်းသီး တစ်လုံး၏ ချိုမြိန်မှုများကိုသာ ခံစားတတ်ကြသည့်နေရာ၊ ဤနေရာသို့ လူမှုရေးတွန်းအားတစ်ခုတည်းကြောင့်ပဲ သက်မြတ်နိုး စိတ်မပါဘဲ မကြာခဏ ရောက်ခဲ့ရသည်။

ကိုကို နားလည်နိုင်ဖို့ ရှင်းပြရဦးမည်။

"ကိုကိုနဲ့ ညနေစာ အေးမေတ္တာမှာ သွားစားမယ့် အစီအစဉ် ဒီနေ့ ခဏဖျက်လိုက်ရအောင်နော်ကိုကို၊ အန်တီဒေါ်စိန်မမက နေမကောင်းလို့ သူ့ကို သွေးပေါင်တိုင်းပေးဖို့ ခဏနေ လာခေါ်လိမ့်မယ်၊ ညနေစာ သူ့အိမ်မှာ စားရမယ်တဲ့၊ ညနေ အဆောင်မပိတ်ခင် နိုးနိုး ပြန်လာခဲ့ပါ့မယ်၊ စိတ်မဆိုးနဲ့နော် ကိုကို"

'တီတီ တီတီတီ တီတီတီတီ တီ'

"ဟင် အန်တီ ဒေါ်စိန်မမရဲ့ ကားပါလား၊ သြော်နစ်နာရီတောင်ထိုးပြီပဲ၊ အန်တီစိန်တို့ကတော့ အချိန်သိပ်တိကျတာ၊ ကဲ နိုးနိုး သွားတော့မယ်၊ ညနေ အဆောင်ရှေ့က လာစောင့်နေနော် ကိုကို"

သက်မြတ်နိုးနှင့် ဘုန်းမြင့်မော်တို့ တာဝန်ကျရာ သားဖွားဆောင်ရှေ့မှာ ဟွန်းသံဆူညံစွာပေးလျက် ထိုးရပ်လာသော မာစီဒီးဗင်(စ်)ကားတစ်စီး။ အန်တီစိန်က နိုးနိုးကို

www.burmeseclassic.com

www.burmeseclassic.com



မကြာမကြာ လာခေါ်ခဲ့သောကား။ ဟင်– ဒီတစ်ခါတော့။ တရွေ့ရွေ့ နိမ့်ချလိုက်သော မှန်တံခါးမှ လှမ်းမြင်လိုက်ရသူ၊ အေအို မျက်မှန်အနက်ရောင်တပ်လျက်၊ တက်(က်စ်)ဝု(ဒ်) (Textwood)တီရှပ်အနက်နှင့်၊ ကားစတီယာရင် လက်ကိုင်ကွင်းပေါ်မှာ တင်ထားသောလက်တစ်ဖက်က စိန်ရောင်၊ ရွှေရောင် ပြိုးပြိုးပြက်ပြက် နေရောင်အောက်မှာ လက်ခနဲ၊ ပြက်ခနဲ။ ခေါင်းကိုမော့ပြီး စီးကရက်တစ်လိပ်ကို ဟန်ပါပါ ရှိုက်ဖွာနေဟန်က တစ်လောကလုံးမှာ သူတစ်ယောက်တည်း အသက်ရှိသည့်ပုံ။ တစ်စုံတစ်ယောက်ကို အလေးတယူ ပျူပျူငှာငှာ လာရောက်ကြိုဆိုပုံမပေါ်ပါ။ သူ ဘယ်သူလဲ။

"ဒီက ဟို အန်တီ ဒေါ်စိန်မမ လွှတ်လိုက်တာလားရှင့်"

"––––"

ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ ရုတ်ခြည်းဆိုသလို ကားရှေ့ခန်းတံခါးပွင့်လာသဖြင့် သက်မြတ်နိုး ကမန်းကတန်း တိမ်းဖယ်ပေးရင်း သူ့ကို လှည့်ကြည့်မိလိုက်သော အခါ သူမအား ခပ်စိန်းစိန်း စိုက်ကြည့်လျက် မပွင့်တပွင့် အပြုံးတစ်စနှင့်အတူ ဆိုဖာခုံပေါ်သို့ မေးဆတ်ပြလိုက်သဖြင့် သူမမှာ ယောင်တိယောင်ကန်းဖြင့် ဝင်ထိုင်လိုက်မိတော့



သည်။ သတိဝင်လာ၍ သူမ၏ချစ်သူ ကိုကိုအား လက်ပြနှုတ်ဆက်ရန် လက်မြှောက်လိုက်ရင်း လှမ်းအကြည့်။ အို ဘယ်လို မျက်လုံးတွေလဲ။ သူမ အဲဒီလို အကြည့်မျိုးတွေကို ကြောက်တယ်။ သူမ ရင်တုန်လိုက်မောလာသည်။

နိုးနိုး ဘာလုပ်ရမလဲ။ ကိုကိုကရော၊ ဟင်– ကိုကိုရဲ့ ခုံးစမ်းတဲ့ အကြည့်စိမ်းတွေအောက်မှာ နိုးနိုး အသက်မရှုင်ပါရစေနဲ့ ကိုကိုရေ။

ရုတ်တရက် ဝူးခနဲ မောင်းထွက်သွားသော မာစီဒီး ကား၏ လေအေးပေးစက် (Air Con:)မှ တဒီးဒီး မောင်းနှင် ထုတ်လွှတ်ပေးသော လေအေးများက သက်မြတ်နိုး ရင်ကို ဘယ်သို့မှ ငြိမ်းအေးစေနိုင်မည် မဟုတ်ပါ။ မီးလောင် ပေါက်ကွဲတော့မည့် ဘီဆူးဗီးယပ်(စ်) မီးတောင်ကြီးကို မြင်ယောင်မိသည်။ သူမ ချစ်မြတ်နိုးလှသော ကိုကိုသည် သူမနှင့် ဝေး၍ ကျန်ရစ်ခဲ့သည်။ သူမအား ငေးမော တွေဝေလျက်။

လေးလံဖိစီးလာသော သက်မြတ်နိုးရင်ကို ဖွင့်လျက် သူမ အသက်တစ်ဝ ရှိုက်သွင်းလိုက်သည်။ ပြီးတော့ သက်ပြင်းရှည်ကြီး မှုတ်ထုတ်ပစ်လိုက်သည်။ ဟူး.....။

"ဒရိုင်ဘာက ဘာဖြစ်လို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ မာမီ ခိုင်းလို့ ကျွန်တော် လာကြိုတာပါ"

"ဒါဖြင့် ရှင်က"

"ကျွန်တော်က ဒေါ်စိန်မမရဲ့ တစ်ဦးတည်းသောသား ထွင့်ခေါင်၊ မှတ်ထားနော်၊ မနေ့ကမှ မြန်မာပြည် ပြန်ရောက်ခဲ့တာ"

"သြော် ကျွန်မသိပြီ၊ အန်တီစိန်တစ်ခါပြောဖူးပါတယ်၊ အိမ်မှာချိတ်ထားတဲ့ ဓာတ်ပုံက ရှင်နဲ့ သိပ်မတူဘူးနော်၊ ကျွန်မ ရုတ်တရက် မမှတ်မိတာ စိတ်မရှိပါနဲ့ရှင်"

သူ့ကို စောင်းငဲ့ အကဲခတ်ကြည့်ရှုရမှာ သက်မြတ်နိုး မဝံ့ရဲပါ။ လူမှုရေးပညတ်ချက်တစ်ခုမှာ ပညာတတ်မိန်းမ တစ်ယောက်၏ သိမ်မွေ့မှု အားနည်းသွားမှာလား။ ရှေ့တည့်တည့်သို့ တူရူကြည့်ရင်း သက်မြတ်နိုး ငြိမ်သက်စွာပဲ လိုက်ပါလာခဲ့သည်။

ကားပြတင်းပေါက်ကို ဖြတ်လျက် ပြင်းထန်သော အရှိန်နှင့် တဖျတ်ဖျတ်တိုက်ခတ်နေသော လေထုကြောင့် ပုံပျက်ပန်းပျက် လွင့်ပါနေသော ဆံနွယ်စများက သူမ၏ မျက်လုံး၊ ပါးပြင်တို့ကို နာကျင်ကျိန်းစပ်စေ၏။ သူမ၏ လက်ချောင်းများက နိုင်နင်းအောင် ကာရံထိန်းသိမ်းခြင်းငှာ မလွယ်ကူလှပါ။



"ကိုထွင့်ခေါင် ကားမောင်းတာ သိပ်မြန်နေသလားလို့၊ ဟို တဆိတ်ကျေးဇူးပြုပြီး ဖြည်းဖြည်းမောင်းပါရှင်"

"မမြန်ပါဘူးဗျာ၊ နိုင်ငံခြားမှာ ဒီအရှိန်လောက်နဲ့ဆိုရင် နှေးလွန်းလို့ အဖမ်းတောင် ခံရဦးမယ်၊ တံခါးပိတ်ပေးမယ်လေ"

"ဟင့်အင်း၊ ကျွန်မက ကျုံးဘေးရောက်ရင် ကျုံးရေပြင်ပေါ် ဖြတ်တိုက်လာတဲ့ လေကို အားပါးတရ ရှူချင်တာ၊ လမ်းလျှောက်ရင်း ရှုရတာအပြင် ဖြည်းဖြည်းမောင်းနေတဲ့ကားပေါ်က ရှုရတာ ရင်ထဲမှာ သန့်စင်အေးချမ်းသွားတာပဲရှင့်၊ ရပါတယ်လေ၊ ရှင့်ကားပဲရှင့်သဘောပေါ့၊ ရှင် အဆင်ပြေသလို သင့်တော်တဲ့ အရှိန်နှုန်းနဲ့သာ မောင်းပါ"

"ကျွန်တော်တို့ မြန်မာပြည်ကလူတွေမှာ အချိန်တွေ တအားချမ်းသာကြတယ်၊ အများကြီး ပိုလျှံနေကြတယ်နော်၊ သူတို့ရဲ့ လွင့်ပစ်လိုက်ရတဲ့ အချိန်တွေကို ကျွန်တော် အရမ်းနမြောတာပဲ၊ ကျွန်တော်ကတော့ ဟိုမှာ တစ်နေ့ အဆိုင်းသုံးဆိုင်း ခွဲပြီး အလုပ်လုပ်ကြရတဲ့နေရာမှာမို့ တစ်နေ့ အိပ်ချိန်စားချိန်၊ အနားယူချိန် စုစုပေါင်း မှ ခုနစ်နာရီပဲ ရှိခဲ့လို့လား မသိဘူး၊ အမြန်နှုန်း ဟာ ကျွန်တော့်ရဲ့ အလေ့အကျင့်တစ်ခုလို ဖြစ်နေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာကိုဆိုလိုတယ်ဆိုတာ ကျွန်မ သိပါတယ်၊ တစ်ကမ္ဘာလုံးမှာရှိကြတဲ့ လူတွေအားလုံးမှာ အပန်းဖြေ အနားယူချိန်နဲ့ အိပ်စက်ချိန် အလုံအလောက်ရှိရပါတယ်၊ လူမပြောနဲ့၊ စက်တွေတောင်မှ နှစ်ဆယ့်လေးနာရီလုံးလုံး အပြည့်အဝ အလုပ်မလုပ်နိုင်ကြပါဘူး၊ ဂျပန်မှာဆိုရင် နေ့ဝက်ထက်ကျော်ပြီး အပြိုင်အဆိုင်လုပ်နေရတဲ့ ဒါရိုက်တာ လူကြီးတွေဟာ တစ်ပတ်ကို အနည်းဆုံး တစ်ရက်တော့ အနားယူရပါတယ်၊ တစ်လမှာ အနည်းဆုံး တစ်ခါတော့ Psycho-analysis (စိတ်ကို ခွဲခြမ်းစိတ်ဖြာ စစ်ဆေးခြင်း) လုပ်ကြလေ့ရှိပါတယ်၊ အဲဒီလို မကျင့်သုံးရင် ကိုယ့်ကိုယ်ကို သတ်သေမှုတွေ များလာတယ်လို့ ကျွန်မ ဖတ်ဖူးပါတယ်"

'ကျွိ ကျွိ ကျွိ'

"တောက် ဘယ်လိုကောင်တုန်းကွ၊ အနားရောက်မှ Signal (အချက်ပြမီး) ကပ်ပြပြီး ကပ်ကွေ့ချသွားတာ အမြင်ကပ်ကပ်နဲ့ ဆောင့်တိုက်ပစ်လိုက်ပြန်လို့ ခါ ပြတ်သွားဦးမယ်"

"ဟင်း....."

"ဒါနဲ့ ကိုထွဋ်ခေါင်ကို ကျွန်မ တစ်ခုလောက်မေးချင် ပါတယ်၊ အခု ဒီအချိန် ဒီနေရာမှာ ဖြည်းဖြည်းမောင်းမယ် အစား မြန်မြန်မောင်းလို့ ပိုလာမယ့်အချိန် ဆယ့်ငါးမိနစ်



လောက်ဟာ ရှင့်အတွက် ဘယ်လောက်အသုံးကျသလဲ၊ ရှင် ဘယ်လို အသုံးချမှာမို့လဲ၊ ကျွန်မ သိချင်လို့ပါနော်"

သူ မဖြေနိုင်ပါ။ အမှန်တော့ မန္တလေးမြို့ကို ပြန်ရောက်ကတည်းက သူ ဘာလုပ်ရမလဲ၊ သေသေချာချာ မစဉ်းစားမိသေးပါ။

"ဟယ် သမီးလေးကို မတွေ့ရတာ ကြာသွားလို့လား မသိဘူး၊ ပိုလှလာတယ်၊ သမီးလေးက သိပ်ချစ်စရာကောင်းတာပဲ၊ လာ လာ သမီး၊ သမီးကို တအံ့တသြဖြစ်သွားအောင်လို့လေ၊ သားလေးကို အကြိုလွှတ်လိုက်တာ၊ လူစိမ်းဖြစ်နေလို့ သမီး လိုက်မှ လိုက်လာပါ့မလားလို့ အန်တီစိန် စိတ်ပူနေတာ၊ ဒါ မနေ့ကမှ ပြန်ရောက်လာတဲ့ အန်တီစိန်ရဲ့ တစ်ဦးတည်းသော အချစ်ဆုံးသား ထွဋ်ခေါင်တဲ့၊ အင်း သမီးထက် ခုနစ်နှစ်လောက်ကြီးတယ်ဆိုတော့ သမီးရဲ့ ကိုကိုပေါ့ကွယ်၊ သားလေးကတော့ အန်တီပြောလွန်းလို့ သမီးကို ကောင်းကောင်းသိထားပါတယ်ကွယ်၊ သမီး အန်ကယ်လ်ကလည်း တဖွဖွမေးနေတယ်၊ လာ သမီးလေး"

ကျုံးနံဘေးက လေပြေညင်းထက် ညင်သာ အားကောင်းသော လေကြောင်းသစ်တစ်ခုတွင် သူမ တလိမ့်လိမ့် စီးမျောသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"130 by 90ပဲရှိတယ် အန်တီ၊ အန်တီက ဝလည်း ဝတော့ ဒီလောက်တော့ ရှိမှာပေါ့၊ စိတ်မပူပါနဲ့ အန်တီရဲ့၊ သွေးမတက်ပါဘူး"

"အန်တီ သွေးမတက်တာဟုတ်ရဲ့လား သမီးရယ်၊ ခေါင်းထဲမှာ နောက်ကျိကျိနဲ့၊ အန်တီ့ ရင်ထဲလဲ သိပ်မကောင်းဘူးကွယ်၊ မနေ့က အချိုကြီးကိုင်လိုက်ရတာ လူတွေကလည်း ဂရိတ်တွေ၊ အန်တီ တော်တော်ပင်ပန်းသွားတာ သမီးရဲ့"

"ကဲမာမီ၊ ထမင်းစားကြရအောင်ဗျား၊ ကျွန်တော် စောင့်နေတာ ကြာလှပြီ၊ ထမင်းဝိုင်းရှေ့မှာ တစ်ယောက်တည်း ငုတ်တုတ်၊ ပေါ်မလာနိုင်ကြတာနဲ့ လာခေါ်တာ၊ ပြီးမှ ဆက်တော့"

အင်း၊ ဒီတစ်ခါတော့ ကိုထွင့်ခေါင်၏ အလျင်စလိုနိုင်မှုကို သူမ ကျေးဇူးတင်ရမလိုပင်။ သူမ အလုပ်သင် ဆရာဝန်အဆောင်သို့ အမြန်ပြန်ရောက်ဖို့လိုအပ်နေသည် မဟုတ်လား။

"ကျွန်တော် ခင်ဗျားအတွက် ဘာဖောက်ပေးရမလဲ သက်မြတ်နိုး၊ ထမင်းစားပြီး Juice (အချိုရည်) တစ်ခုခုတော့ သောက်သင့်တယ်လေ"



"တော်ပါပြီ ကိုထွင့်ခေါင်၊ ကျွန်မ ရေနွေးကြမ်း သောက်ပြီးပါပြီ၊ လုံလောက်ပါပြီ၊ ကျေးဇူးပဲနော်"

သူသည် ဆက်တီစားပွဲပေါ်မှ ပန်းကန်ပြားထဲတွင် ခက်ရင်းနှင့် အသင့်စားရန်တည်ထားသော ပန်းသီး စိပ်ကလေးများကို တစ်ချက်ငေးကြည့်လိုက်ပြီးမှ အခန်းထောင့်သို့ သွားကာ ရေခဲသေတ္တာထဲမှ ပန်းသီးတစ်လုံးထုတ်ယူလိုက်သည်။ ပြီးလျှင် ပန်းသီးကို အားရပါးရ ကိုက်ဖဲ့ဝါးရင်း သက်မြတ်နိုးနှင့် အနီးကပ်ဆုံး ဆိုဖာထိုင်ခုံပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ကိုယ်က သက်မြတ်နိုးကို အိမ်မှာခေါ်ထားဖို့ မာမီ့ကို ပြောနေတာ၊ အဆောင်မှာဆိုတော့ အနေအစား ဆင်းရဲမှာပေါ့လို့"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မက လာနေချင်ဦးတော့ ဖေဖေက ခွင့်ပြုမှာ မဟုတ်ပါဘူး၊ ဖေဖေက သူများကို မှီခိုတတ်တဲ့စိတ်၊ သက်သာတဲ့နေရာမှာ ရေသာခိုနေချင်တဲ့ စိတ်ကို အားမပေးပါဘူး၊ ကျွန်မ ကိုယ်နှိုက်ကလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ရဲ့ ရပိုင်ခွင့်ဖြစ်တဲ့ အဆောင်က အခန်းလေးထဲမှာပဲ ကိုယ့်ရဲ့ ဘဝတူသူငယ်ချင်းတွေနဲ့ အတူနေရတာကို ပိုပြီး နှစ်သက်ပျော်ရွှင်မိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ကိုယ့်ညီမလေးတစ်ယောက်လို ချစ်ခင်မိလို့ စေတနာနဲ့ ပြောတာပါကွာ"

သူမ၏ ပြဋ္ဌာန်းပိုင်ခွင့်ရှိသော နယ်မြေလေးသည် တဖြည်းဖြည်း ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာလျက်၊ တစ်ဖက်သား ကို ပိုင်ပိုင်နိုင်နိုင် စူးစိုက်ကြည့်ပြီးမှ ပြုံးတေ့တေ့ပြင့် စကားပြောတတ်သော ကိုထွဋ်ခေါင်သည် ကြိုးစလေးတစ်ချောင်းကို လျှော့ချည် တင်းချည်ပြုကာ ကြိုးဝိုင်းဘောင်တွင်းသို့ တွန်းပို့နေပြီလား။ မြန်မြန်ပြန်ချင်လှပါပြီ။

"အမလေး ကိုယ်ကျိုးတော့နည်းပြီထင်တယ် သားရေ၊ မာမီတို့ ခုချက်ချင်းလိုက်မှဖြစ်မယ်၊ ကိုရေ၊ ဒရိုင်ဘာကိုကားမြန်မြန်ထုတ်ခိုင်း၊ မမတို့ သွားကြစို့၊ ဒက်ဒီနဲ့ မာမီကားယူသွားမယ် သား၊ မင်းက သမီးလေးကို ညှော်စကားပြောနေရစ်နော်၊ ကိုရေ လာ မြန်မြန်"

"လာပါပြီကွာ၊ ဘယ်လိုဖြစ်ရပြန်တာလဲ"

"မနေ့က စရံရိုက်ထားတဲ့ စိန်တွေ၊ ဝယ်လက်ကယ်ကြည့်လို့ ပေးလိုက်တာ၊ အဲဒါ အခု လစ်ပြေးပြီတဲ့ ကိုရဲ့၊ အခုလေးတင်ပဲ ချို့ ဖုန်းဆက်တယ်၊ ခဏလေးနော် သမီး၊ သားရေ၊ နိုးနိုးနဲ့ စကားပြောနေရစ်ခဲ့၊ မာမီတို့ ချက်ချင်းပြန်လာခဲ့မယ်"



အို . . . . ၊ သူမ စကား ပြန်ခွင့်ပင် မရနိုင်ခဲ့ပါ။ ထိတ်ထိတ် ပျာပျာနှင့် အလောသုံးဆယ်စီစဉ်ရင်း အပြေးတစ်ပိုင်း ထွက်ခွာသွားသော ဒေါ်စိန်မမကို တောင်းဆိုမှုတစ်စုံတစ်ရာ မပြုနိုင်အောင် သူမ၏ အားနာစိတ်က ချုပ်ထိန်းတားဆီးထားသည်။

ဒုက္ခပါပဲ။ အဆောင်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း လည်တဆန့်ဆန့် ဖြစ်နေတော့မည့် ကိုကို၊ ကိုကို အတော်လေး စိတ်ပူနေရှာတော့မည်။

အင်းလေ၊ သိန်းပေါင်းများစွာ တန်ဖိုးရှိသည့် ပစ္စည်းအတွက်ဆိုတော့လည်း မိမိအရေးကိစ္စကိုသာ ဦးစားပေး တစ်ကိုယ်ကောင်းဆန်ခြင်းထက် သူတစ်ပါးအရေးအတွက် အနစ်နာခံခြင်းကိုသာ သက်မြတ်နိုး ပျော်ဝင်မြတ်နိုးမိတတ်ပါသည်။ သူမ နည်းနည်းပါးပါး နောက်ကျလို့လည်း အကြောင်း မဟုတ်နိုင်ပါ။

"ကိုယ့်ညီမက စကားလည်း မပြောဘူး၊ ပျင်းနေပြီလား"

"အို မဟုတ်ပါဘူး"

"ညီမလေးနာမည်က သိပ်ချစ်စရာကောင်းတယ်နော်၊ မာမီတို့ခေါ်တာ ဘာတဲ့၊ နိုးနိုး၊ ကိုယ်လဲအဲဒီလိုပဲခေါ်မယ်၊ ညီမလေးကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်၊ ပြောစရာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာထက် အသိပေးစရာဆိုရင် ပိုမှန်လိမ့်မယ်၊ ညီမလေး သိဦးမှာ မဟုတ်သေးဘူးလို့ ကိုယ် ယူဆတယ်လေ”

“ဘာများ ပါလိမ့်ရှင်”

“ဟိုလေ၊ အင်း- နောက်မှပဲပြောပါတော့မယ်လေ”

ဩော်- စကားလေးတစ်ခွန်းကို ကျားကွက်ရွှေ့သလို ကစားတတ်တာ စီးပွားရေးသမားတစ်ယောက်၏ သင်္ကေတ များလား။ နိုးနိုး နာရီကိုသာ ငုံ့ကြည့်နေမိသည်။

“ဒါနဲ့ House(အလုပ်သင်ဆရာဝန်ကို အတိုကောက် ပြောခြင်း ဖြစ်၏။) ပြီးရင် ဆ.မ (ဆေးကုသခွင့်လက်မှတ်) ရပြီဆိုတော့ အဲဒီအခါကျ နိုးနိုး ဘယ်မှာဆေးခန်းထိုင်မှာလဲ၊ အစဉ်အစဉ် ဆွဲပြီးပြီလား၊ တစ်လကို ပျမ်းမျှ ဘယ်လောက် ဝင်အောင်ရှာမယ်လို့ ခိတ်ကူ ထားလဲ”

“ဆရာဝန်တစ်ယောက်ရဲ့ ကိုယ်ပိုင်ဆေးခန်း (G.P) ကို သေချာပေါက် အမြတ်အစွန်းရနိုင်မယ့် ကုန်ပစ္စည်း အရောင်းအဝယ် ကိန်းဂဏန်းတွေနဲ့တော့ တိုင်းတာ တွက် ချက်လို့ ဘယ်ရနိုင်ပါ့မလဲရှင်”

“အတော်မရေရာတဲ့ (Business) လုပ်ငန်းတစ်ခု ပဲနော်၊ နိုးနိုး တို့ရဲ့ တန်ဖိုးရှိလှတဲ့အချိန်နဲ့ ငွေအားလူအားတွေကို ရင်းနှီးမြှုပ်နှံထားရတာ၊ အဲဒီအတွက် ထိုက်တန်တဲ့ အကျိုး အမြတ်ကိုတော့ ရအောင်ယူရမှာပေါ့ နိုးနိုးရဲ့”



“ကျွန်မက လူနာတွေဆီက ညှစ်ထုတ်လို့ထွက်လာ တဲ့ ထောင်နဲ့သောင်းနဲ့ချီတဲ့ ငွေစက္ကူတွေထက် လူနာတွေရဲ့ ရင်ထဲက အလိုလိုပွင့်အန်ကျလာတဲ့ ပဲကြီးလှော်တစ်ထုပ်၊ ကြက်ဥတစ်လုံးကိုပဲ ပိုပြီး နှစ်ခြိုက် တန်ဖိုးထားတာပါ ကိုထွန်းခေါင်ရယ်၊ ရောဂါဝေဒနာခံစားနေရလို့ ကျွန်မကို အားကိုးတကြီးကြည့်နေတဲ့ မျက်လုံးနဲ့ ရောဂါဝေဒနာ ပျောက်ကင်းသွားလို့ ကျွန်မရဲ့ စေတနာ မေတ္တာကို အသိ အမှတ်ပြု လေးစားတဲ့ မျက်လုံးတွေကိုပဲ မက်မောလိုလား မိတာပါ”

“ဟား ဟား ဟား ဟား၊ နိုးနိုးက သိပ်စိတ်ကူးယဉ် တဲ့ ကလေးမပဲ၊ စာရေးဆရာမလုပ်ပါလား”

ဟင်း.....၊ အန်တီစိန်တို့ကလည်း ကြာလိုက်တာ၊ အပြင်မှာ မှောင်စပြုနေပြီ၊ ခရေကိုင်းကလေးတွေပေါ်မှာ ငှက်ကလေးတွေတောင် အစီအရီ အိပ်တန်းတက်နေကြပါ ပေါ့လား၊ သူမ ပြန်ချင်လှပါပြီ။

“ဟို၊ မရှိမသေ ကိုထွန်းခေါင်၊ ကျွန်မကို ကား တစ်စီးလောက် စီစဉ်ပေးပါလား၊ ကျွန်မ သိပ်များ မှောင်သွား မလား၊ စိတ်ပူနေကြမှာ စိုးလို့ပါ”

“ဟား ဟား ဟား၊ အဲဒါ စီစဉ်လို့ရရင် မင်းကို ကိုယ် လိုက်ပို့ပေးပြီးပြီပေါ့၊ အိမ်က ဟိုင်းလက်စ်ကား

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အင်ဂျင်ချထားတာ၊ ဒီနေရာကလည်း မင်းသိတဲ့အတိုင်း အရှေ့ဘက်ထွက်လိုက်ရင် ရန်ကင်းတောင်ပဲရှိတော့တယ်၊ ကားအသွားအလာ အလွန်ကျဲပါးတဲ့နေရာပဲ၊ မာမီတို့ ပြန်လာတော့မှာပါ၊ စောင့်လက်စနဲ့ ခဏစောင့်လိုက်ပါဦး"

"ကျွန်မကို ဖုန်းတစ်ချက်လောက် ဆက်ခွင့်ပြုပါနော်"

"အိမ်က ဖုန်းပျက်နေတာကြာပြီလို့ မာမီက ပြောတယ်၊ သူများကခေါ်ရင်ဝင်လာပြီး ကိုယ်က ခေါ်လို့မရဘူး၊ အော်တိုကို မဝင်တာတဲ့၊ ကဲပါလာ၊ (tea) လက်ဖက်ရည်သောက်ရအောင်"

"ဟင့်အင်း မဖြစ်ဘူး၊ ကျွန်မမှာ ချိန်းထားတာရှိတယ်"

"ဘာလဲ၊ ကိုဘုန်းမြင့်မော်နဲ့ ချိန်းထားတာ ပြောမလို့လား"

"ဟင် ရှင်ဘယ်လိုသိတာလဲ"

"အို– ကိုယ့်ကို သိပ်ပြီး အထင်မကြီးပါနဲ့ ကလေးမရယ်၊ ကိုယ်က မင်းအကြောင်းကို မာမီတို့ပြောမှ သိရတဲ့လူပါ၊ မင်းဘေးမှာ မာမို့ အရိပ်တွေ အများကြီး"

သက်မြတ်နိုး တုန်လှုပ်သွားမိသည်။ ဖဖေ့ မျက်နှာနှင့်လူကြီးမိဘ တစ်ယောက်ကဲ့သို့ ရှိသေခဲ့မိသော အန်တီ



ဒေါ်စိန်မမကို ပထမဦးဆုံးအကြိမ် ကြောက်လန့်စိုးရွံ့စိတ်ဝင်မိသည်။

ဒီကနေ့မှပဲ နေအဝင်စောလို့ စောစောမှောင်နေသည်ထင်မိ၏။

ဘုရားရေ၊ သတင်းကြေညာနေပြီ။ အတော့်ကို မှိုချုပ်နေပြီပဲ။ သူမ အိမ်ရှေ့သို့ထွက်ကြည့်မိသည်။ ခြံဝင်းထဲမှာ မီးရောင်စုံလေးများ လင်းထိန်နေပေမယ့် ပုဏ္ဏရိက်ပင်များရဲ့ ဟိုဘက်မှာ ပိန်းပိတ်အောင်မှောင်မည်းနေသည်။ ကတ္တရာလမ်းကိုပင် ဖြောင့်ဖြောင့်တန်းတန်း မမြင်ရ။ လမ်းမီးများကား မလင်းတချို့ ကျွမ်းတချို့။

"မင်း စိတ်ပင်ပန်း မခံပါနဲ့တော့၊ စိတ်အေးအေးထားပြီး အနားယူပါ နိုးနိုး"

ဆိုဖာပေါ်မှာ ခြေပစ် လက်ပစ်ထိုင်ချမိသော သက်မြတ်နိုး၊ ရင်ထဲမှာ ပူလောင်လှသဖြင့် မျက်ဝန်းနှစ်ဖက်မှ ရစ်ဝဲလာသော မျက်ရည်စများကို ထိန်းချုပ်ခြင်းငှာ မတတ်နိုင်တော့ပါ။

"မင်း ကိုယ့်ကို မယုံလို့လား ဟင်"

"မဟုတ်ပါဘူးရှင်၊ ကျွန်မ ပြန်ချင်တဲ့အချိန် မပြန်ရတာ စိတ်အနှောင့်အယှက် ဖြစ်မိလို့ပါ၊ ကျွန်မကို စိတ်မရှိပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ရော့– ဒီမှာ အိမ်မကြီးရဲ့ တံခါးသော့တွဲ၊ သံဘာဂျာ တံခါး တွေကို သေချာသော့ခတ်ပြီးရင် မင်း ဘာမှ စိုးရိမ်စရာ မလိုတော့ဘူး၊ အဲဒီတော့ တံခါးပိတ်ပြီး တိုက်ထဲမှာ မင်းစိတ်တိုင်းကျ နေနိုင်တယ် နိုးနိုး၊ ကိုယ်ကတော့ ကားဂိုဒေါင် အပေါ်ထပ်မှာ သွားအိပ်ပေးပါ့မယ်"

"အို– မဟုတ်ဘူး၊ အားနာစရာ....၊ မလုပ်ပါနဲ့ ကိုထွဋ်ခေါင် ရယ်၊ ဟိုလေ၊ ကျွန်မ"

"ကဲ–ဒါဖြင့်၊ မာမီကလည်း သူ့အခန်းတံခါး သော့ပိတ်သွားတာဆိုတော့ ဒီလိုလုပ်ပါလား၊ ကိုယ့်အခန်းမှာ နိုးနိုး သွားအနားယူပေါ့၊ ရော့ ကိုယ့်အခန်းသော့၊ အထဲက Lockချထားလိုက်၊ ကိုယ် ဒီဆိုဖာပေါ်မှာပဲအိပ်ရင်း စောင့်နေမယ်"

ဒီတစ်ခါတော့ သက်မြတ်နိုး မငြင်းသာတော့ပါ၊ သူညွှန်ပြသည့် အခန်းထဲသို့ ဝင်ရောက်ခဲ့ပြီး အိပ်ရာထက်မှာ လှဲလျောင်းနေမိသည်။ တံခါးကို ဆွဲစေ့ခဲ့သော်လည်း Lock မချဖြစ်ခဲ့ပါ။ lock ချလိုက်ရမှာ အားနာခဲ့မိ၍လား၊ သူမ မသိပါ။

ဝေဒနာသည်လူနာများ၊ ရောဂါများ၊ ဆေးကုထုံး များနှင့် ဆရာသမားများ၊ အထက်အကြီးအကဲ သမားတော်ကြီးများအကြား လူးလာဆန်ခတ် စိတ်ရောကိုယ်ပါ ပင်ပန်း



နွမ်းနယ်ခဲ့ရသော ဆရာဝန်ပေါက်စကလေး သက်မြတ်နိုး တစ်ယောက် အပူအပင်တွေအောက်မှ ခေတ္တ ကင်းလွတ်သွား ရသည်။ သတိမရှိတော့သော ခန္ဓာကိုယ်လေးက ပျော့ခွေ လျက်။ သူမ၏ နှာသီးဖျားမှ တရှူးရှူး ထွက်ပေါ်လာသော အသံကသာ စည်းချက်မှန်မှန်။

၉

တစ်စုံတစ်ယောက်သောသူသည် သူမ၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်နှိုးနေကြောင်း သူမ အာရုံက ခံစားသိလိုက်သည်။

လေးလံကျိန်းစပ်နေသော မျက်လုံးများကို ဇွတ် အတင်း အားယူဖွင့်ကြည့်လိုက်သောအခါ သူမ မျက်နှာပေါ် အုပ်မိုး၍ကြည့်နေသောသူ၊ သူမ၏ ပခုံးနှစ်ဖက်ကို ယခုတိုင် တင်းကျပ်စွာ ပွေ့ဖက်ထားသူ၊ သူ့မျက်လုံးထဲက အကြည့် များ။

"အို ကိုထွဋ်ခေါင်၊ ဘာလဲ၊ ဘာလုပ်တာလဲ"

သူမ အလန့်တကြားဖြင့် သူ့လက်နှစ်ဖက်ကို ပုတ်ချ လိုက်သည်။

"မာမီတို့ပြန်လာပြီ ညီမလေး"

လက်ကနာရီကို ကပျာကသီ ကြည့်လိုက်မိတော့ ၁နာရီ ၂၅ မိနစ်။ ဟင်း....၊ သွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မာမိကပြောတယ်၊ ညီမလေး ဒီမှာပဲအိပ်လိုက်ပါတော့တဲ့၊ မနက်လင်းတော့ ကိုယ်လိုက်ပို့ပေးပါ့မယ်၊ ကဲ အိပ်တော့နော်"

"ဘုရားရေ"

ရက်စက်လှသော ကံကြမ္မာက သူမ၏ ကိုယ်ခန္ဓာထဲသို့ အိပ်ဆေးများစွာ စားသုံးပြီး ယခုလို ရုတ်ခြည်းဝင်ရောက်လာနိုင်သည်ဆိုတာ သူမ ကြိုတင်သိမြင်နိုင်ခဲ့မည်ဆိုလျှင် သူမ Dexedrine (ကျောင်းသားတချို့ မအိပ်ချင်ရန်သောက်သော ဆေးပြား)များ သောက်သုံးထားမိမည် ထင်ပါသည်။

ယခုတော့။

ဒေါ်စိန်မမတစ်ယောက် အခန်းထဲသို့ ခေါင်းပြူကြည့်ပြီး သူမ၏သား ထွဋ်ခေါင်ကို ခေါင်းညိတ် ပြုံးပြသွားခဲ့သည်ကိုပင် သက်မြတ်နိုး မမြင်နိုင်တော့ပါ။

သက်မြတ်နိုး တကယ်တမ်း ကြည်ကြည်လင်လင်ဖြင့် နိုးထလာသောအခါ နံနက် ရှစ်နာရီ ထွန်းစပြုပြီ။ သူမ ရုတ်ခနဲထထိုင်လိုက်သည်။ သူမ၏ ခုတင်ဘေး၌ Dream Bed ပေါ်မှာ ခွေခေါက်အိပ်ပျော်နေသော ကိုထွဋ်ခေါင်ကို မြင်လိုက်ရတော့ သူမ အလွန် တုန်လှုပ်သွားသည်။



သူမ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်ပြန်တော့ ဘာတစ်ခုမျှ မရေရာပါ။ ယနေ့နံနက် ရှစ်နာရီအချိန်၌ မိမိမှာ မနေ့ည ရှစ်နာရီအချိန်က သက်မြတ်နိုး ဟုတ်ပါသေးရဲ့လားဆိုတာ မိမိကိုယ်တိုင် မပြောတတ်ပါ။

"တောက်"

"အို– ဆောရီးနော် ညီမလေး၊ ကိုယ် အိပ်မောကျသွားတယ်၊ ညီမလေး ဂျူဘီဝင်ရဦးမှာ မဟုတ်လား၊ ကိုယ့်ကို ငါးမိနစ်လောက် အချိန်ပေးနော်၊ ကိုယ်အမြန် ကိုယ်လက်သန့်စင်လိုက်မယ်၊ Dininig Room (ထမင်းစားခန်း) မှာ မာမိတို့ စောင့်နေလိမ့်မယ်၊ နိုးနိုး Breakfast (နံနက်စာ) စားနှင့်ကွာ"

ထမင်းစားခန်း ထဲမှာ။ သူမအား ဆီးကြိုဝိုင်းကြည့်နေကြသော မျက်လုံးအကြည့်များ။ သူမ ရင်ဆိုင်ကြည့်ရမှာ။ သူမ၏ ရင်ထဲမှာ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ အားငယ်ထိတ်လန့်ခြင်း၊ ဝမ်းနည်းစိုးရိမ်ခြင်း များ ဗလုံးဗထွေး။

"သမီးလေး နိုးလာပြီလား၊ သမီးလာ ငါး သောက်၊ ဒီမှာ ဘဲသားမုန့်ရှရှလေး ကောင်းတယ်၊ စား သမီး၊ မနေ့ညက အန်တီစိန်တို့ စစ်ကိုင်းထိ လိုက်သွားရတယ် သမီးရေ"

www.burmeseclassic.com

www.burmeseclassic.com



သူမ လေစီးကြောင်းထဲ မျောပါသွားရပြန်သည်။ တကယ်တော့....၊ ဒေါ်စိန်မမ....၊ သူဆွဲငင် ခေါ်ယူသွားခဲ့သည့် လေပွေလှိုင်းထဲမှာ တစ်စစီ ကောက်ယူ ဆက်စပ်ကြည့်လျှင် ရုပ်လုံးပေါ်လာမည့် အကောင်အထည်တွေ အများကြီးပါပဲ။

"လာ နိုးနို၊ သွားကြစို့"

"ဟင် သားလေးက Breakfast မစားတော့ဘူးလား"

"ပြန်လာမှပဲ စားတော့မယ်မာမိ၊ နိုးနိုး ဂျူတီဝင်ရမှာ နောက်ကျနေပြီလေ"

အို၊ ကိုးနာရီတောင် ထိုးခါနီးနေပြီ။ ဘုရား ဘုရား။

သက်မြတ်နိုး အဆောင်ပြန်ချိန်မရတော့ပါ။ ဆေးရုံကို တန်းဝင်ရတော့မည်။ လူနာဆောင်ရှေ့ ကားထိုးရပ်လိုက်စဉ်မှာပင်....။ သူမကို စောင့်ကြို ဆီးကြည့်နေကြသော သူမ၏ သူငယ်ချင်းများ၊ သူမ၏ ချစ်သူ ဘုန်းမြင့်မော်နှင့် ဘုန်းမြင့်မော်၏ သူငယ်ချင်းများ။ သူမအား စိတ်ပူနေကြမည့် မျက်လုံးများ။ ဒါတင် မကသေးပါဘူး။ သူကိုယ်တိုင် အဓိပ္ပာယ်မဖော်ရဲသော အကြည့်စူးစူးများ။

ကမ္ဘာသစ်တစ်ခု၏ အစိမ်းရင့်ရောင် အငွေ့အသက်များကို သူမ ခံစားလိုက်ရသည်။ Ward (လူနာဆောင်) ထဲမှာ ရှိသမျှ ဝန်ထမ်းအားလုံး ကုန်ပြီလား။ ဆရာဝန်



ဆရာမ၊ အလုပ်သမား အားလုံးသော အကြည့်များသည် လူနာဆောင် အဝင်ပေါက်သို့ သူ့ထက်ငါ အပြိုင်အဆိုင် အလုအယက်။ သိသိသာသာ တချို့၊ မသိမသာ တချို့။

သူမနေရာ မှားယွင်းရောက်လာခဲ့ပြီလား။ သူမ၏ လက်ပွန်းတတီးသူငယ်ချင်းများ၊ အေးအေးမာတို့၊ နှင်းသက်စံတို့၏ နွေးထွေးလိုက်လှဲသော အင်အားရှိ အသံညံ့စီစီများ ဘယ်အရပ်ဆီသို့ လွင့်ပျောက်သွားပြီလဲ။ ချစ်သူ 'ကိုကို' ကရော။ အို ဟောဒီ Ward ထဲက လူတွေအားလုံး အတိတ်မေ့ဝေဒနာပဲ လတ်တလော စွဲကပ်နေကြပြီလားဟင်။

သူမ ခြေလှမ်းတုန့်ခနဲ ရပ်သွားချိန်။

"နိုးနိုးရေ၊ ညနေ သုံးနာရီ အဆောင်မှာ လာကြိုမယ်နော်၊ စနေ တနင်္ဂနွေ နှစ်ရက်စာ အဝတ်အစားတွေထည့်ထားပေါ့"

သူမနောက်မှ ပေါက်ကွဲ ကျယ်လောင်စွာ ထွက်ပေါ်လာသော အသံ။ ပြီးတော့ ကားဘီးနှင့် ကွန်ကရစ်လမ်း ပွတ်တိုက်အော်မြည်သံ။ ကားစက်သံ တဖြည်းဖြည်းဝေးသွားသည့်တိုင် သူမ ငေးကြောင်ရပ်နေဆဲ။

အရာရာကို ခွဲစိတ်ဖြတ်တောက်ပြီး အဖြေရှာကြည့်ဖို့ သူမမှာ အင်အားမရှိတော့ပါ။ မျက်ဝန်းအနား သတ် တစ်လျှောက် ရစ်ဝိုင်းလျှံကျလာသော မျက်ရည်စများကို ပုတ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားပစ်ရန် သူမ ရုတ်တရက် ခေါင်းငုံ့ချလိုက် ရသည်။ အမှာ အယွင်းတစ်ခုအတွက်သော်လည်းကောင်း၊ သူမ၏ ပြောင်းလဲမှုတစ်ခုခုကိုသော်လည်း ကောင်း ဖြောင့်ချက်ပေး၊ ဝန်ခံလိုက်သည့် သင်္ကေတဟု မညှာမတာ ကောက်ချက်ဆွဲကြမည်ဆိုလျှင်လည်း သူမ၏ ကံစီမံရာအတိုင်းသာရှိပါစေတော့။

လက်ဖမိုးနှစ်ဘက်ဖြင့် မျက်ရည်စများကို ပွတ်သုတ်ဖယ်ရှားပစ်လိုက်ပြီး သူမ ခေါင်းမော့လိုက်သည်။ ချက်ချင်းပင် နားကြပ်ကို ထုတ်ယူလိုက်ပြီး သူမ တာဝန်ကျရာ လူနာခုတင်များရှိရာဆီသို့ တရွေ့ရွေ့။

သူမ နောက်ကျောဘက်မှ ခပ်သုတ်သုတ် ဖြတ်လျှောက်သွားသော ဘုန်းမြင့်မော်၏ ပြင်းထန်လှသည့် အသက်ရှူသံကို ကြားလိုက်ရသည်။ သူမကို ဖြေရှင်းခွင့်မပေး။ သူမ၏ အယူခံလွှာ မျက်နှာလေးကိုပင် လုံးဝ အသိအမှတ်ပြုမသွားတော့။ သူငယ်ချင်း အေးမာတို့အုပ်စု သူမကို ရှောင်ဖယ်ဖယ်လုပ်နေကြတာတွေ။ သူမမှာ ဘာအပြစ်ရှိ-ပို့လဲဟင်။ အဲဒီ အပြစ်တွေကျေအောင် သူမဘယ်လိုပေးဆပ်ရမှာလဲ။ နိုးနိုးကို ပစ်မထားကြပါနဲ့။



၁၀

နေ့လယ် နှစ်နာရီ ဂျူတီပြီးဆုံးချိန်ရောက်မှ ဘုန်းမြင့်မော် ခွင့် သုံးရက်တင်သွားကြောင်း သက်မြတ်နိုး သိလိုက်ရသည်။ အဆောင်မှာလည်း မရှိ။ ပဲခူးပြန်သွားပြီလားလည်း မသိ။ ကိုကိုနှင့် ပတ်သက်၍ သူမ ဘာမှ စုံစမ်းလို့မရ။ ပေါက်ကွဲမှုအရှိန်သည် မသေးငယ်လှကြောင်း သူမ သတိပြုမိလာ၏။

သူမ အခန်းရှေ့ရောက်တော့ တံခါး 'မျောက်လက်' ကလေးမှာ ချည်နှောင်ချိတ်ဆွဲထားသော ကျွတ်ကျွတ်အိတ်လေး နှစ်ထုပ်။ အဆောင်ဒရဝမ်ဦးလေးကြီးမှတစ်ဆင့် ကိုကို ညစဉ်ပို့ပေးနေကျ။ သူမ၏ ဆေးတက္ကသိုလ် ပညာသင် သက်တမ်းတစ်လျှောက် ကိုကိုနှင့် ချစ်သူစဖြစ်သည့်နေ့မှ ယနေ့ထိ အဲ- တစ်နေ့ကအထိတိုင်....၊ သူမ ညတိုင်း သောက်နေကျ ဘလက်(ခ်) ကော်ဖီထုပ်ကလေးနှင့် ပဲပလာတာထုပ်ကလေး။

"သြော် ကိုကိုရယ်"

ချက်ချင်းဆိုသလို ဝေ့ဝဲစီးကျလာသော မျက်ရည်စများကို မထိန်းသိမ်းနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။ အေးစက်စက် ကျွတ်ကျွတ်အိတ်လေးနှစ်ထုပ်ကို တယုတယ ဖြုတ်ယူလိုက်၏။ လွှင့်မပစ်ရက်သဖြင့် ရေအိုးစင်နား

www.burmeseclassic.com

www.burmeseclassic.com



ကတိုင်မှာချိတ်ဆွဲထားလိုက်သည်။ အတားအဆီးမရှိကျဆင်းလာသော မျက်ရည်ပေါက်ကြီးများကို သက်မြတ်နိုး အဘယ်သို့သောအင်အားများဖြင့် ပိတ်ပင်ချုပ်ထိန်းရမှာလဲကိုကိုရယ်။

သူမ၏ ချစ်သူသည် အကြွင်းမဲ့ တရား၏ တစ်ဖက်စွန်းမှာ သူမအတွက် အရာရာကို ဖန်တီးနိုင်စွမ်းအားရှိသူဖြစ်ပါလျက် သူမ၏ မနေ့ညကအဖြစ်၊ သူမ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော လူမှုရေးစည်းဝိုင်းထဲက ညလေးတစ်ညကို ဆင်ခြင်စဉ်းစား၍ သိမြင်နားလည်အောင် အဘယ်ကြောင့် အားမထုတ်ခဲ့ပါသနည်း။ သက်မြတ်နိုး မဝေခွဲတတ်တော့ပါ။

'တီတီ တီတီတီတီ တီတီ တီတီ'

ဩော် အန်တီဒေါ်စိန်မမရဲ့ ကားတောင် ရောက်နေပြီပဲ။

ဒီနေ့ အလွန်အရေးကြီးသော စကားများပြောစရာရှိသဖြင့် သူမအား မဖြစ်မနေ လာခဲ့ဖို့ မှာကြားထားတာသတိရသည်။

သူမ စိတ်ညစ်လှပြီ။ စိတ်ရှုပ်ထွေးနောက်ကျိမှုကြောင့် ခေါင်းတစ်ခုလုံးအုံခဲနေသည်။ ရင်ထဲမှာလည်း ဖြောင်းဆန်လျက်။

ကမ္ဘာလောကကြီး၏ ပြောင်းလဲရွေ့လျားနေခြင်းနိယာမကို သူမ လိုက်မမီနိုင်သေးကြောင်း သူမအာသာ



သဘောပေါက်နေမိသည်။ ပြောင်းလဲသွားသည့် မျက်လုံးတွေကို သူမ ရင်မဆိုင်ရဲသေးတာ သိသာလှသည်။

"ဟော့ နိုးနိုး ဘာလုပ်နေတာလဲ၊ လာလေ သွားကြစို့၊ အဝတ်အစားလည်း မေ့ခဲ့ဦးမယ်"

အဝေးထိန်းခလုတ် (Remote Control) ဖြင့် ထိန်းချုပ်ခေခိုင်းခံနေရသော စက်ရုပ် (Robot) လူသားတစ်ယောက်ပမာ။ သူမ၏ ဝိညာဉ်မဲ့ခန္ဓာကိုယ်ကလေးက ကိုထွဋ်ခေါင်၏ မာစီဒီးကားရှေ့ခန်းထိုင်ခုံပေါ်မှာ ငုတ်တုတ်ကလေး လိုက်ပါသွားသည်။

နန်းရှေ့က ကျူးဘေးတစ်နေရာမှာ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ခုအောက်၌ ကားလေးကို တုန့်ခနဲသို့ ရပ်လိုက်သည်။ ကိုထွဋ်ခေါင်က သက်မြတ်နိုး၏ ညာဘက်လက်ချောင်းလေးများကို ဆွဲယူ ဖျစ်ညှစ်လိုက်ရင်း။

"မာမိနဲ့ မတွေ့ခင်မှာ နိုးနိုးကို ကိုယ့်ဘဝအတွက် သိပ်ကို အရေးကြီးတဲ့စကား ပြောစရာရှိလို့၊ နိုးနိုးဘဝအတွက်လည်း ပါပါတယ်"

သက်မြတ်နိုးက သူမ၏ လက်ကို ရုန်းထွက်ယူလိုက်ပြီး ကျူးရေပြင်သို့ ငေးမောနေ၏။

"မနက်က နိုးလေးကို လိုက်ပို့ပြီး ကိုယ် အိမ်ပြန်ရောက်တော့ မာမီက ကိုယ့်ကို မေးတယ်၊ မနေ့ညက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဘို့ အခြေအနေ ဘယ်လိုလဲတဲ့၊ ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ် ခေါင်းညိတ်ပြလိုက်တယ်၊ အဲဒါ နိုးနိုးကို သိပ်ချစ်မိလို့ပါ၊ ကိုယ် နိုးနိုးကို လက်ထပ်မယ်၊ ခုတွေ့ ခုချစ်၊ ခုချက်ချင်း လက်ထပ်၊ ဖုတ်ပူမီးတိုက်လုပ်ရတာ ကိုယ့်မှာ အချိန်သိပ်မရ လို့ဆိုတာ နိုးနိုး သဘောပေါက် နားလည်ပေးပါနော်"

"ဟင့်အင်း၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ကိုထွဋ်ခေါင်၊ ကျွန်မမှာ လက်ထပ်ဖို့ ရည်မှန်းထားတဲ့ ချစ်သူရှိတယ်ဆိုတာ ရှင် သိပြီးသားပဲ"

"သိပါတယ်၊ ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက နိုးနိုးရဲ့ချစ်သူနဲ့ သူ့အသိုင်းအဝိုင်းက ကိုယ်နဲ့မင်းရဲ့ ဆက်ဆံရေးကို သံသယရှင်းရှင်း လက်ခံနိုင်ပါ့မလားဆိုတာ"

"ရှင် ဘာကိုဆိုလိုတာလဲ"

"ရှင်းပါတယ်၊ တမင်သက်သက် လုပ်ကြံထားတာ မဟုတ်ပေမယ့် မနေ့ညက မင်းနဲ့ကိုယ်နှစ်ယောက်ထဲတစ်အိမ်တည်း၊ တစ်ခန်းတည်းမှာ အတူ အိပ်ခဲ့ကြတယ်ဆိုတာ"

"အို မဟုတ်ဘူး၊ မဟုတ်ဘူး"

သက်မြတ်နိုး မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် အုပ်ကာ ထားလိုက်မိသည်။ မျက်လုံးအိမ် နှစ်ဘက်မှာ မျက်ရည်စများ ဝေ့သီရစ်ဝိုင်းလာပြန်ပြီ။



"ဒီမှာ နိုးနိုး၊ ကိုယ့်ကို ကြည့်ပါဦး၊ အဲဒီ 'မဟုတ်ဘူး' ဆိုတာ မင်း ဘယ်လိုဖြေရှင်းမှာလဲ၊ မနေ့ညက မာမီတို့ကို လိုက်ပို့တဲ့ ဒရိုင်ဘာဦးအေးထွန်းရဲ့သမီးက မင်းတို့ Ward ထဲက စပယ်ရှယ်သူနာပြု (Special Nurse) ဝေဝေလင်း၊ ဦးအေးထွန်းကတစ်ဆင့် အားလုံး သိသွားလောက်ပြီ၊ မာမီ ကိုယ်တိုင်ကလည်း ကိုယ်က မဟုတ်ပါဘူးလို့ ငြင်းရင်တောင် ယုံမှာမဟုတ်ဘူး၊ ဒီမနက်ပဲ နိုးနိုးအဖေဆီကို မာမီက ဖုန်းဆက်ပြောလိုက်ပြီ၊ ကိုယ်တို့ကို လူကြီးတွေက မကြာခင် လက်ထပ်ပေးကြတော့မှာ သိလား"

"ဟင် သွားပါပြီ၊ ရက်စက်လိုက်တာရှင်၊ ဟင့်အင်း ဟင့်အင်း၊ ဟီး ဟီး ဟီး"

ကားပြတင်းတံခါးပေါ် မျက်နှာမှောက်လျက်ရှိုက်ကြီးတငင် ငိုချလိုက်သော သက်မြတ်နိုး။ ခန္ဓာကိုယ်လေး သိမ့်သိမ့်ခါမျှ ဝမ်းပန်းတနည်း ငိုကြွေးနေသော (သူ ချစ်မိသော ချစ်သူ) သက်မြတ်နိုးကို ဘယ်လို နှစ်သိမ့် ချော့မြှူရမလဲ ထွဋ်ခေါင် အကြံထုတ်နေရသည်။

"ကဲတိတ်ပါ ညီမလေးရယ်၊ ဒီလိုမှ လက်မထပ်ရင်လည်း ကိုယ်ရော နိုးနိုးပါ ဂုဏ်သိက္ခာတွေ ကျဆင်းကုန်ကြလိမ့်မယ်၊ ညီမလေးက မိန်းကလေးဆိုတော့ ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် ပိုစဉ်းစားပေးပါတယ်ကွယ်၊ ဒါကြောင့် ခုလိုစီစဉ်လိုက်ရတာကို ညီမလေး နားလည့်လက်ခံပါ"

"ကျွန်မ ကျွန်မ ဘာပြောရတော့မှာလဲ"

ကျပ်တည်းကျဉ်းမြောင်းလှသော ဇောင်းချိုးတစ်ခုတည်း အတွင်းမှာ သူမ ပိတ်မိနေမှုပဲ၊ 'ဂုဏ်သိက္ခာ'တဲ့။ သူမ၏ သိက္ခာ။ ပြီးတော့ သူမ ဖခင်၏ ဂုဏ်သိက္ခာ။

"ကဲ- သွားကြစို့နော် ညီမလေး၊ မာမီမျှော်နေတော့မယ်၊ ကိုယ်ပြောတဲ့ အစီအစဉ်အတိုင်းပဲ၊ ကိုယ်တို့ အမြန်ဆုံးလက်ထပ်လိုက်ကြရအောင်နော်"

အိမ်ရောက်တော့ ကိုထွဋ်ခေါင်၏မိခင် ဒေါ်စိန်မမကိုယ်တိုင်ကလည်း....။

"သမီးလေးက လှလည်း လှတယ်၊ တော်လည်းတော်တယ်၊ ရုပ်ရည်အဆင်းရော အရည်အချင်းပါ ပြည့်စုံတဲ့ မိန်းကလေး၊ မာမီ့အပေါ်မှာလည်း ဂရုတစိုက်နဲ့ ကြင်ကြင်နာနာ ပြုစုတတ်တယ်၊ မာမီ့သမီးလေးသာ ဖြစ်လိုက်ပါတော့လို့ မာမီ စိတ်ကူးတွေယဉ်ခဲ့ရတာ အခု မာမီ့ဆန္ဒပြည့်ဝရတော့မှာနော် သမီး"

သူမ ခေါင်းလည်းမညိတ်နိုင်၊ ခေါင်းလည်း မခါလိုက်ပါ၊ သူမ၏ လက်မောင်းအိုးကို ဖျစ်ညှစ်ဆုပ်ကိုင်ထား



သော ဒေါ်စိန်မမ၏ လက်ချောင်းတုတ်တုတ်ကြီးတွေအတွင်းက ရုန်းထွက်နိုင်ဖို့ သူမမှာ ခွန်အား ရှိပါသေးရဲ့လား။

မျှော်လင့်ခြင်း မျက်လုံးများကို စိတ်မကောင်းစွာကြည့်ရင်း သူမ ရပ်တန့်နေဆဲ လေ့ကားထစ်များပေါ်မှ ခုန်ချလိုက်ဖို့လည်း ဖြစ်မလာနိုင်သေးပါ။ လမ်းခွဲတစ်ခု၏ ဧရပ်ပေါ်မှာ ငုတ်တုတ်ထိုင်ပြီး စောင့်ဆိုင်းနေရသည့် ရင်မောဖွယ် ကာလတစ်ခု။

## ၁၁

အစိမ်းရောင်အကြည့်တွေ၊ မဲ့ပြုံးတွေ၊ ပြီးတော့ ရေအိုးစင်နားက တိုင်ပေါ်မှာ ယခုထိ ချိတ်ဆွဲထားဆဲ (ချဉ်စူးစူးအနံ့နှင့်အတူ) ကျွတ်ကျွတ်အိတ်လေး နှစ်ထုပ်။

သက်မြတ်နိုး၏ လော်မာမှု လုံးဝမပါဘဲ မလွဲသာ မရှောင်သာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကံတရား၏ ကျားကွက်ပေါ်က စစ်တုရင်အရုပ်ကလေးအဖြစ်ကို ချစ်သူ ကိုကို့ အား မျက်နှာချင်းဆိုင် ရှင်းပြနိုင်ဖို့ သူမ အသည်းအသန် ကြိုးပမ်းအားထုတ်ခဲ့ပါသော်လည်း အချည်းနှီးပင်။ အချစ်ကြီးချစ်ခဲ့ ရသော ချစ်ဦးသူတစ်ယောက် မိမိကိုယ်တိုင် သံသယဖြင့် စွဲချက်တင်ထားခဲ့သော ချစ်သူကို ထုချေလွှာတင်ခွင့်ပင် မပေးတော့ဘဲ ဥပေက္ခာပြုထားရက်နိုင်သည်လား ကိုကိုရယ်။

www.burmeseclassic.com



သူ ဒီလောက် ထိခိုက်မိနေပြီဆိုလျှင်တော့ နောင် တစ်ချိန် သူနှင့် သူမ အိမ်ထောင်တစ်ခုကို ထူထောင်ကြချိန်မှာ ဒီသံသယတွေ ဘယ်လောက်အတိုင်းအတာအထိ လိုက်ပါနေဦးမှာလဲ။ သံသယတစ်ခုကြောင့် အိမ်ထောင်တစ်ခုလုံး ကွဲကြေပျက်စီးသွားပြီး ဘဝနှစ်ခု နစ်မွန်းမသွားဘူးလို့ ဘယ်သူအာမခံနိုင်မလဲ။

ဖြေနိုင်သည့်လူ တစ်ယောက်မှမရှိ။

သူမ အနားမှာ ဘယ်သူမှ ရှိမနေပါ။

ကြေကွဲ နာကျည်းဖွယ် မျက်လုံးများ၊ ထိတ်လန့်ကြောက်ရွံ့စရာကောင်းလှသော အကြည့်စူးစူးများ၊ ခံပြင်းတုန်လှုပ်စေသော နှုတ်ခမ်းနှစ်လွှာ၊ ရက်စက်ရိုင်းပျသော လက်သည်းများ၊ အို– အားလုံးကို ကြောက်လှပါသည်။ အားလုံးကို သူမ အရှုံးပေးလိုက်ပါတော့မည်။ တော်ကြပါတော့၊ ရပ်တန့်ကြပါတော့။ သက်မြတ်နိုး သူတို့ကို ဒူးထောက်လက်မြှောက်လိုက်ပါပြီ။ အနိုင်ယူလိုသူများ ကျေနပ်နိုင်ကြပါစေတော့။

တဖွဖွတိုက်တွန်းနေသော ဒေါ်စိန်မမ၊ တတွတ်တွတ်တောင်းဆိုနေသော ကိုထွဋ်ခေါင်တို့ကို အားနာရလွန်းသော သူမ....၊ ဇလားခွက်ကို ဖြည်းညင်းလေးလံစွာ စောင်းငှဲမှောက်ချလိုက်လေသည်။



## ၁၂

What is food to one man may be poison to other.

လူတစ်ယောက်၏ စားစရာသည် အခြားလူများအတွက် အဆိပ် ဖြစ်နိုင်သည်။

လူခရီတပ် (Lucretius)

ရောမလူမျိုး ကဗျာဆရာနှင့် တွေးခေါ်ပညာရှင်

တကယ်တမ်း ဘဝသစ်တစ်ခုထဲကို တိုးဝင်လိုက်မိချိန် ဘဝပျောက်ဆုံးသွားခဲ့ရသော သူမ၊ ကိန်းဂဏန်းကြီးကြီးတွေကိုသာ နေရာပေးတတ်သော ဒီမိသားစု၏ ပါးစပ်ဖျားမှာ တန်ဖိုးမဲ့သွားရတော့သည်။ လူတစ်ယောက်၏ တန်ဖိုးဆိုတာကို အဲဒီလူ ရှာဖွေနိုင်မည့် ပျမ်းမျှ တစ်လဝင်ငွေ၊ ဘာစ်နှစ်ဝင်ငွေ၊ ဆယ်နှစ်ဝင်ငွေ စသည်ဖြင့် အဲဒီလူအသက်ရှင်နိုင်မည့် သက်တမ်းခန့်မှန်းခြေနှင့် မြှောက်ယူတွက်ချက်တတ်သည့် စီးပွားရေးသမား ခင်ပွန်းသည်အား သူမအားလည်းခံယူထားသော ရှင်သန်မှုနှင့် တန်ဖိုးဟူသည်ကို နားဝင်အောင်မှ သူမ ရှင်းမပြနိုင်ခဲ့ပဲလေ။ သူမ တန်ဖိုးထားမြတ်နိုးသော ချစ်ခြင်းမေတ္တာ၊ စေတနာ၊ ကရုဏာ၊ အကြင်နာ၊ အနစ်နာခံခြင်း၊ ထောက်ထားငဲ့ညှာခြင်း၊

www.burmeseclassic.com



သံယောဇဉ် စသည့် ရင်ထဲက (တိုင်းတာပြ၍မရသော) Abstract Norms ဆိုတာတွေသည် သူတို့အတွက်တော့ ရယ်မောပြောင်လှောင်ဖွယ်ရာ ပြက်လုံးများ။

ချစ်ဦးသူ၏ သံသယကြောင့် အိမ်ထောင်ရေး ထိခိုက်ပျက်စီးသွားမှာ စိုးရွံ့မိသဖြင့် နှလုံးသားကို စွန့်လွှတ်ဆုံးရှုံးခဲ့ရသော သက်မြတ်နိုးမှာ ယခုတော့လည်း ခင်ပွန်းသည် ထွင့်ခေါင်၏ ပြင်းထန်သော သံသယအောက်မှာ အလူးအလဲ ခံစားနေရ၏။ သူမကို ယုံကြည်မှုမပေးဘဲ သူမ၏ အပျိုစင်ဘဝကို အရယူခဲ့သော ခင်ပွန်းသည်ကို ခံပြင်းနာကျည်းမိသည်။

'မင်း အကောင်က'

'မင်းအကောင် အဲဒီဆေးရုံမှာရောက်နေတာ မင်းတို့အဆက်အသွယ်မရှိကြဘူးဆိုတာ ငါက တော်းမို့ ယုံရမှာလား'

'ငါ့လိုနွားမျိုး မင်း ရှာကြည့်ပါဦး'

'မင်းတို့ဖြစ်ချင်တိုင်း ဖြစ်ခဲ့ပြီးမှ ငါက'

'ငါက နိုင်ငံခြားမှာ အလုပ်လုပ်နေတဲ့သူ၊ နိုင်ငံခြားမှာပဲ အနေများတာဆိုတော့ မင်းတို့အတွက် ဟန်ကျတာပေါ့ကွာ'

အလွန်လေးလံသော ကျောက်တုံးကြီးနှင့်အကြိမ်ကြိမ် ထုနှက်ချိုးဖဲ့ခြင်း ခံလာရသောအခါ ....၊ အလွန်ညစ်ညမ်းပုလောင်သော ချော်တုံးချော်ခဲများနှင့် အခါခါပစ်ခွဲခြင်း



ခံလာရသောအခါ ....၊ ကြမ်းတမ်းလေးလံသော လှိုင်းတံပိုးများ၏ တိုက်ခိုက်လိုက်စားခြင်း ခံရဖန်များလာသော အခါ ....၊ အက်ရာထင်လာသော ကြွေအိုးတစ်လုံးသည် အစိတ်စိတ်အမွှာမွှာ ကွဲကြေပျက်စီးခြင်းသို့ ....။

မှိတ်ထားဆဲ မျက်လုံးများကို ဘယ်သောအခါမှ ပြန်မဖွင့်တော့ပါဘူးဟု ပိတ်ထား၍ရသော်လည်း နှလုံးသား၏ တံခါးချပ်များကို လုံးဝဥဿုံ ပိတ်ထားလို့ မရခဲ့ပါ။

နောက်ဆုံးတော့ အားနာစိတ်ကြောင့် အချစ်ကို စွန့်လွှတ်ခဲ့ရသော သက်မြတ်နိုးက သူမ၏ အားနာတတ်မှုကို စွန့်လွှတ်လျက် တစ်ကမ္ဘာလုံးကို စစ်ကြေညာဖို့ ဝန်မလေးတော့ပါ။

မိမိသဘောဖြင့် မိမိ အဲဒီ တိုက်ကြီးပေါ်က ဆင်းလာခဲ့သည့်အချိန်မှာ ....။

ဒဏ်ရာဒဏ်ချက် ခြောက်မြားစွာဖြင့် ....၊ ဒီပွဲကို သူမ အနိုင်ရလိုက်သည်ဟု မှတ်ယူ၍ တစ်ကမ္ဘာလုံးကို လက်ဖြင့်မွှေ့ပြီး နောက်ပြန်လှည့်လိုက်သည်။ နေမင်းကို လက်ဝါးဖြင့် အုပ်ကာထားလိုက် ....၊ လဝန်းကို လွယ်အိတ်ထဲမှာ တိတ်တိတ်ကလေး ဖွက်ထားလို့ရပေမယ့် ပန်းပွင့်လေးများကို စောင်ခြုံပေးခဲ့လို့ ရပါ့မလား။ ဖျားနာနေဆဲ ဂီတသံစဉ်တွေကို ချော့မော့ ထားရစ်ခဲ့ဖို့လည်း လိုဦးမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၃

www.burmeseclassic.com

www.burmeseclassic.com

၁

ဒေါက်တာသက်မြတ်နိုး၏ လေးနက်သော ခံယူချက် တစ်ခုမှာ ဆရာဝန်တစ်ယောက် ဖြစ်ရခြင်း၏ အနှစ်သာရသည် ဝန်ထမ်းဆရာဝန်ဘဝကို ခံယူကာ ကျရာဆေးရုံတွင် ရောဂါဝေဒနာစုံ၊ အလွှာစုံ၊ စရိုက်စုံလူနာများအား ဆေးကုသပေးနိုင်ခြင်းပင် ဖြစ်သည်ဟု။

အလုပ်သင်ဆရာဝန်ကာလ ပြီးပြီးချင်း သူမ အလုပ်လျှောက်ထားခဲ့ရာ မန္တလေးပြည်သူ့ဆေးရုံကြီး၌ပင် တာဝန်ချထားခြင်း ခံရသည်။

တကယ်တမ်း မဟာသမုဒ္ဒရာ၏ ဝဟိုချက်မှာ မိုးစက်မိုးပေါက်ကလေးတွေ ရှာချနိုင်ဖို့ သူမ ရည်ရွယ်ခဲ့တာမဟုတ်ပါ။ သူမ၏ မိုးရေစက်ကလေးများသည် ကန္တာရ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု၏ အိုအေစစ်၊ ဒါမှမဟုတ် အနည်းဆုံးတော့ မိုးနည်းရေရှား ရပ်ဝန်းဒေသအတွက်သာ တန်ဖိုးရှိစွာ ရှာချချင်မိ၏။

သို့သော်လည်း သူမမှာ ပန်းတိုင်သို့ရောက်အောင် ခရီးဆုံးသည်ထိ ဆက်လျှောက်ရဦးမည်။ သူမ ဆက်လက်၍ သင်ယူရဦးမည့် ဘွဲ့လွန် ဆေးပညာရပ်တွေအတွက် သင်ကြားရေး ဆေးရုံကြီးမှာဆိုတော့ ဆရာသမားများ၏ ပဲ့ပြင်မှုအောက်မှာ အကောင်းဆုံး သင်ကြားနာယူနိုင်မည်။ လေ့လာဆည်းပူးနိုင်မည်။

သက်မြတ်နိုး ခံယူထားသော အယူအဆတစ်ခုကတော့။

လောက၌ ကိန်းဂဏန်းများဖြင့် စကားမပြောဘဲ တန်ဖိုးတစ်ခု အမြဲတမ်း မူသေရှိသော အသက်မွေး ဝမ်းကျောင်း လုပ်ငန်းထဲမှာ ဆေးပညာရှင်၊ ဆရာဝန်များလည်း ပါဝင်သည်။ အဲဒီ (မူသေတန်ဖိုးတစ်ခု အမြဲရှိနေတတ်သော) ဆရာဝန်များကို ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုလျှင် သုံးမျိုးသုံးစား ခွဲခြားလို့ ရနိုင်ပါသည်။

ပထမ အမျိုးအစားကတော့ ဘယ်လို အခြေခံအကြောင်းအရင်းနှင့်ပဲဖြစ်စေ ဆရာဝန်ဖြစ်လျှင် ငွေများများရအောင် ရှာနိုင်မည်။ ဆရာဝန်ဖြစ်လိုခြင်းသည် မိမိပညာဖြင့် မိမိ ကိုယ်ပိုင်လုပ်ငန်း တစ်ခုအဖြစ် ငွေ ဖောဖောသီသီ



ရှာဖွေရရှိနိုင်ဖို့ သူဌေးတစ်ယောက် ဖြစ်လာနိုင်စေဖို့ နဂိုကတည်း က ရည်မှန်းထားခဲ့သူ၊ တံဆိပ်ရိုက်ပြီး ဆရာဝန်။

ဒုတိယအမျိုးအစားက ရောဂါသည် လူနာများ၏ ဝေဒနာခံစားရတာတွေကို ရင်မှာ စာနာ ကရုဏာပွားသူ၊ လူမမာများရဲ့ အားကိုးအားထား အကြည့်တွေကို ခံယူနှစ်ခြိုက်တတ်သူ၊ မိမိတတ်ကျွမ်းသော ဆေးပညာ၊ မိမိ၏ စွမ်းဆောင်ချက်ကြောင့် ရောဂါသည် လူနာများမှာ ရောဂါဝေဒနာ ပျောက်ကင်းသက်သာသွားသဖြင့် ထင်ဟပ်လာသော ဝမ်းသာပျော်ရွှင်မှုတွေကို ချိုမြိန်မှု တစ်ခုအဖြစ် လိုလားခံစားတတ်သူ၊ မိမိ၏ ဘဝဖြစ်တည်မှုကို မူသေတန်ဖိုးတစ်ခုအဖြစ် လဲလှယ်ရယူနိုင်ရန် ရည်မှန်းအားထုတ်ခဲ့သူ ဆရာဝန်။

တတိယ အမျိုးအစားကတော့ မူလကတည်းက ငွေကြေးကြွယ်ဝပြီးသား ကျောထောက်နောက်ခံ တောင့်တင်းပြည့်စုံပြီး ဆေးကုသဖို့ထက် ဂုဏ်သိက္ခာတစ်ခုအဖြစ်သာ လိုချင်၍ ဆေးပညာသင်ယူခဲ့သော ဆရာဝန်နှင့် မိဘဆွေမျိုး အသိုင်းအဝိုင်းနှင့် ကာလဒေသတစ်ခု၏ တိုက်တွန်း တောင်းဆိုမှုကြောင့် ကိုယ်တိုင်ဆန္ဒ မပြင်းပြပါဘဲနှင့် ဆေးကျောင်းတက်ခဲ့ရသော ဆရာဝန်တို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဆရာဝန် သုံးမျိုးသုံးစားထဲမှာ ဒေါက်တာ သက်မြတ်နိုးကတော့ ဒုတိယ အမျိုးအစားတွင် ပါဝင်နိုင်ရမည်ဟု အခိုင်အမာ ယုံကြည်ထားခဲ့သည်။

ဆေးရုံကြီးနှင့် မနီးမဝေးရှိ ရပ်ကွက်လေးထဲမှာ သူမ တစ်ကိုယ်စာ နေနိုင်သောအိမ်ခန်းကျဉ်းလေးတစ်ခု ငှားရမ်းနေထိုင်ပြီး သူမ၏ တာဝန်အားလပ်ချိန် ညနေပိုင်းများတွင် လူနေသိပ်သည်းသော သာမန်လူလတ်တန်းစား၊ လက်လုပ်လက်စား အလုပ်သမားများနှင့် ဆင်းရဲနွမ်းပါးသူအများစု နေထိုင်သော ဆင်ခြေဖုံး ရပ်ကွက်ကလေးတစ်ခု၌ ဆေးခန်းဖွင့်သည်။

အဲဒီလို ဆေးရုံတာဝန်များ၊ ဆေးခန်းမှလူနာများ၊ ဘွဲ့လွန် ဆေးပညာအတွက် ဖတ်မှတ်စုဆောင်းရသော ဆေးစာအုပ် စာတမ်းများနှင့် လုံးလည်လိုက်ရင်း နောက်ကျိ လှုပ်ရှားခဲ့ရသော သူမ ဘဝလေးမှာ တဖြည်းဖြည်း အနည်ထိုင်စ ပြုလာသည်။

သူမ စိတ်အလှုပ်ရှားရဆုံးနှင့် စိတ်အပင်ပန်းဆုံး အချိန်များကတော့ သားဖွားနှင့် မီးယပ်လူနာဆောင်၏ လူနာသစ် လက်ခံရာအခန်း (O.G. Reception Room) မှာ အရေးပေါ်လူနာများ (Emergency Case) ရောက်လာသည့် အခါပဲ ဖြစ်သည်။



ထွင့်ခေါင်နှင့် လမ်းခွဲခဲ့ပြီးသည့်နောက် သူမအတွက် အကောင်းဆုံး ဖြေသိမ့်မှုတစ်ခုမှာ စိတ်ကို တံခါးဖွင့်ပေး တတ်ခဲ့ခြင်းပင် ဖြစ်၏။

သူမ သွားလေရာ ပါလာတတ်သည့် ကင်းဗတ်စ တစ်ခုပေါ်မှာ ဇလားခွက်ထဲ၌ ဖျော်စပ်ထားသော ဆေးစက်ကလေးတွေကို စုတ်တံတစ်ချောင်းနှင့်တို့ပြီး ပန်းချီ ရေးဆွဲသည်။ တစ်ခါတစ်ရံ လူမှုရေးမတည်ငြိမ်သော မျက်နှာများသူ ပန်းချီဆရာကြီး၏ ကမ္ဘာကျော် ပန်းချီကားတစ်ချပ်ကို သူမ ခွဲခြမ်းစိတ်ဖြာပြီး အဲဒီ ပန်းချီကားမိတ္တူတစ်ခုပေါ်မှာ သူမ စိတ်ကြိုက်အရောင်ဖြင့် ပြောင်းလဲရေးစပ်နေတတ်သည်။

တကယ်တမ်း အချိန်ရသည့်အခါ 'အော်တိုမက်တစ်ဇင်' ကောက်ကြောင်းများကို တစ်ထိုင်တည်း ရေးဆွဲပစ်လိုက်တတ်ပြီး တစ်ခါတလေတော့ အဲဒီ ကင်းဗတ်စကို ရေဇလုံထဲမှာ နှစ်၍ ဖျက်ဆီးပစ်တတ်လေသည်။

သူမ၏ အခန်းနံရံမများမှာ သူမ အမြတ်နိုးဆုံး Abstract ပန်းချီကားတွေထက် ဘုန်းမြင့်မော်၏ Potrait (ပုံတူ) ရောင်စုံပန်းချီကားချပ်တွေကသာ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် နေရာယူထားကြ၏။

'မွေးဖွားခြင်း' လို့ သူမ အမည်ပေးထားသော ချစ်သူ၏ ပုံတူပန်းချီကားထဲမှာ ဝင်းလက်နေသော မျက်လုံးအစုံ

www.burmeseclassic.com

www.burmeseclassic.com



ကို နှစ်လကြာအောင် ခြယ်မှုန်းခဲ့ရသလို 'သေဆုံးခြင်း' ပန်းချီကားထဲက 'သူ'၏ မျက်လုံးများကို သူမ၏မျက်ရည်စက်များဖြင့် ဖော့်စပ်ရေးဆွဲခဲ့ရဖူးသည်။ ဒါပေမဲ့ သေဆုံးသွားသော မျက်ရည်စက်တွေကို ဘယ်လိုမှ မှိအောင်မရေးဆွဲနိုင်သေးလို့ သူမကိုယ် သူမ ရှုံ့ချပြစ်တင်နေဆဲပင်။

"ဒေါက်တာ အရေးပေါ်လူနာတစ်ယောက် ရောက်နေပါတယ်"

"ဩော် ဟုတ်ကဲ့"

အလို၊ လှပ နုနယ်လွန်းသော ဆယ်ကျော်သက်မိန်းကလေးငယ်တစ်ယောက်။ လောကကြီးနှင့် အဆက်အသွယ် ပြတ်လုပြတ်ခင်။ သူမ၏ ခြေဖျားလက်ဖျားလေးတွေ အေးစက်စက်၊ တစ်ကိုယ်လုံး ဖြူဖတ်ဖြူလျော်မျက်နှာပေါ်မှာ ချွေးစေးများ။ သူမ၏ အမည်က နီလာချို။

"သမီးလေးက ခမ္ဘတာပန်းပွင့်ချိန်မှာ မဆင်မခြင်ရေသွားချိုးမိတာ ဒေါက်တာရယ်၊ ဖျားပြီး သွေးတအားဆင်းလာတာ၊ လူကလည်း ဖြူဖျော့ပြီး ကယောင်ကတမ်းဖြစ်နေတာနဲ့ ဆေးခန်းသွားပြတာ၊ အဲဒီဆရာဝန်က ကျွန်မတို့မိသားစုကုနေကျပါ၊ အခုတော့ ဆေးရုံပဲ အတင်းလွှတ်နေတာနဲ့ လာခဲ့ရတာ"



လူနာ၏ သွေးပေါင်ချိန်သည် စိုးရိမ်ရေမှတ်တွင်။ အပေါ်သွေး သုံးဆယ်ကျော်မျှသာရှိပြီး အောက်သွေးကသုညထိကိုင် စမ်းလို့မရချင်။ လူနာသည် သွေးမန်းဝင်၍ သွေးလန့်ခြင်း (Septicaemic shock) လက္ခဏာများ ပြနေပြီ။

"ဒေါ်ညိုရေ၊ လူနာခုတင်ခြေရင်း မြှင့်ပေးပါ၊ မပုက သွေးဘဏ် (Blood Bank) ကို မြန်မြန်သွားနော်၊ စားပွဲပေါ်က သွေးစာအုပ်ထဲမှာ ကျွန်မ သွေးတောင်းပုံစံဖြည့်ထားပြီးပြီ၊ ယူသွားချည်၊ သွေးနှစ်ပုလင်း အမြန်လိုနေပြီ၊ ညီမလေး (သူနာပြုဆရာမလေးများကို ခေါ်နေကျအခေါ်အဝေါ် ဖြစ်သည်။) တို့က အစ်မကို မြန်မြန်ဝိုင်းကူပေးပါ၊ လူနာအတွက် အရေးပေါ်ကုသမှု (Emergency Treatment). လိုအပ်နေတယ်"

လူနာအတွက် အလွန်အရေးကြီးသောအချိန်မို့ အရေးပေါ် ကုထုံးများကု ဇယ်ဆက်သလို တရစပ် လှုပ်ရှားဆောင်ရွက်ပေးပြီးနောက်။

"နီလာချိုရဲ့ အုပ်ထိန်းသူနဲ့ ကျွန်မ စကားပြောချင်ပါတယ်ရှင်"

"ဩော်၊ ကျွန်မက နီလာချိုရဲ့အမေပါ ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အချိန်မရွေး အသက်အန္တရာယ်စိုးရိမ်ရတဲ့ အရေးပေါ် လူနာတွေရဲ့ အခြေအနေမှန်ကို လူနာရဲ့ အုပ်ထိန်းသူ လူနာရဲ့ ဆွေမျိုးတွေကို သေချာရှင်းပြထားဖို့ တာဝန်ကျ ဆရာဝန်မှာ တာဝန်ရှိပါတယ်၊ ဒါကြောင့် အခုလို အန်တီ့ကို ကျွန်မ ခေါ်ပြောရတာပါ၊ နီလာချို့ရဲ့ အသက်ကို ကျွန်မတို့ တစ်တွေ အတတ်နိုင်ဆုံး ကယ်တင်ကုသပေးနေကြတာ အန်တီတို့ အမြင်ပါပဲ၊ နီလာချိုရဲ့ သားအိမ်ထဲမှာ ကျန်နေတဲ့ ကိုယ်ဝန် သန္ဓေသားအပိုင်းအစမှာ Infection (ရောဂါပိုးများ ဝင်ခြင်း) ရပြီး နီလာချိုဟာ Septicaemia (ခန္ဓာကိုယ်အနှံ့ သွေးမန်းတက်ခြင်း) ဝင်နေပါတယ်၊ အခု Septica Shock (သွေးမန်းတက်၍ သွေးလန့်ခြင်း) ရနေတာပါ အန်တီ"

"ဘာ၊ စကားကိုကြည့်ပြောပါ ဒေါက်တာ၊ ကျွန်မ သမီးက အပျိုစင်နုနုထွတ်ထွတ်လေးရှင့်၊ ကလေးသာသာ အရွယ်လေးမို့ ဘာမှနားမလည်ဘဲရာသီသွေးလာနေချိန်မှာ ခေါင်းလျှော် ရေချိုးမိလို့ ဒီလိုဖြစ်သွားရတာ၊ သူများသမီးပျို လေးတစ်ယောက်ကို ဒီလိုပြောဖို့ မကောင်းပါဘူး၊ မိန်းမချင်း ကိုယ်ချင်းစာသင့်တယ် မဟုတ်လား'

"ဒီ ဆရာဝန်မက ညီမလေးကို ဘယ်လောက်တောင် ပစ်ပစ်ခါခါ ပြောလိုက်သလဲ၊ 'တောက်' ဒါကြောင့် ဆေးရုံ မသွားပါနဲ့လို့ မာမီတို့ကို ကျွန်တော် ပြောတာပေါ့"



စိန်ရောင်၊ ရွှေရောင် ပြိုးပြိုးပြက်ပြက်အကြားမှ ချက်ခြင်း မီးလောင်ပေါက်ကွဲသွားနိုင်သော ဝင်းဝင်းတောက် မျက်လုံးများ၊ ရန်လို မာန်စောင်နေသော အကြည့်စူးစူးများကို (ဆေးကျောင်းမှာ ခုနစ်နှစ်လုံးလုံး အပတ်တကုပ်ပညာသင်ယူခဲ့ရသည့်) သက်မြတ်နိုး၏ လက်ထောက်ဆရာဝန်ဘဝက တည်ငြိမ်စွာ တုန့်ပြန်နိုင်ခဲ့သည်။ ချောက်ကမ်းပါးစွန်းမှာ တဲတဲလေး တင်ကျန်နေသော လူနာမိန်းကလေးအတွက် သူမ လုပ်သင့်သည်များ ဝတ္တရားတစ်ချက် မပျက်စေရပါ။ နီလာချိုအား မိန်းမချင်း ကိုယ်ချင်းစာရုံသာမက နီလာချို၏ အစ်မနေရာ၊ နောက်ဆုံး သက်မြတ်နိုး၏နှလုံးသားမှ မိခင်စိတ်ဖြင့်ပင် ယူကျုံးမရ ဖြစ်ရခြင်းနှင့် နှမြောကြေကွဲခြင်းများကို နီလာချိုအတွက် မျှဝေခံစားနေမိသဖြင့် 'ဖြစ်ရလေ မိန်းကလေးငယ်' ဟုသာ ရင်မှာ အခါခါ ညည်းတွားမိ၏။ တာဝန်ကျ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး (On call O.G) ထံသို့ ဤကိစ္စကို ဖုန်းဆက် အကြောင်းကြားရပါသည်။

တစ်ခါတစ်ရံ အသည်းအသန် လူနာတစ်ယောက်အတွက် ချွေးပြန်ရပြီးလျှင် ကိုယ်ခန္ဓာထဲက အင်အားများ ယုတ်လျော့နွမ်းနွေးသွားရသလို မိမိ၏စေတနာကို အသိအမှတ်မပြုတာ အသာထားလို့ နားလည်မှုပင်မပေးသော လူနာရှင်

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ရင်ဆိုင်ရသည့်အခါ နှလုံးသားတစ်ခုလုံး ဆုပ်ညှစ်ခံလိုက်ရသည့်အတိုင်း နာကျင်စူးနစ်စွာ ထိခိုက်ခံစားရပြန်သည်။

သူမ စောစောက ဖျက်သိမ်းလိုက်ရသော ပန်းချီကားတစ်ချပ်ကို သက်မြတ်နိုးတစ်ယောက် အမှိုက်ပုံထဲမှ ပြန်ကောက်လို့ ရနိုင်မည် မဟုတ်တော့ပါ။ ကင်းဗတ်စနှစ်ခုကို ခုတင်ခေါင်းရင်းတိုင်မှာ ချိတ်ထားလိုက်ပြီး ကမ္ဘာကြီး၏ တစ်ခြမ်းပဲ့နီယာမများကို အပုံရောင်၊ အအေးရောင်များဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်နေမိသည်။

"အစ်မ သက်မြတ်နိုး၊ လူနာသစ် တစ်ယောက်ရောက်နေပါတယ်"

"ဪ လာခဲ့မယ် ညီမလေး"

လူနာသစ်လက်ခံရာ အခန်းထဲသို့ သူမ ရောက်ရှိသွားချိန်မှာ ပထမဦးဆုံး သတိထားလိုက်မိသည်က လူနာခုတင်ဘေးမှာ ကြိမ်ဆွဲခြင်းအဟောင်းတစ်ခုကိုင်လျက် ခပ်ယို့ယို့လေးရပ်ပြီး စောင့်ကြိုနေသော အဘွားအိုတစ်ယောက်ပြီးတော့ ခုတင်ပေါ်မှာ မျက်စိသူငယ် နားသူငယ်နှင့်စိတ်ပျက်နေပုံရသော မိန်းကလေးငယ်တစ်ယောက်။ လူနာသည် မြောင်နယ်ကဖြစ်ပြီး အရေးပေါ်လူနာ မဟုတ်ပါဘဲ



ယခုကဲ့သို့ ညကြီးမိုးချုပ်မှ ဘယ်လို အကြောင်းကြောင့်သားဖွားဆောင် ရောက်လာရပါသလဲ။

"ဒီလိုပါ ဆရာရယ်၊ ကျုပ်တို့ရွာက တစ်နေ့လုံးမှ ကားတစ်စီးပဲထွက်တာ၊ ထွက်လာတုန်းကတော့ မနက်အစောကြီးကတည်းကပါပဲ၊ လမ်းမှာ ကားပျက်နေလို့ မိုးကြီးချုပ်မှ ဒီမြို့ကြီးကို ရောက်တာပါ၊ အဲဒါ ဟိုဘက်ဂိတ်ဝနားက ကျုပ်တို့သားအမကို ဒီအဆောင်မှာ တက်ရမယ်ဆိုလို့ ကျုပ်တို့ ဒီကို ရောက်လာရတာပါ"

(တောနယ်ကျေးရွာအချို့မှ အမျိုးသမီးဆရာဝန်ကိုလည်း 'ဆရာ'ဟုပင် ခေါ်ကြသည်။)

"ကဲ- ညီမငယ် ဘာဖြစ်သလဲ ပြော"

ပင်ပန်းနွမ်းနယ်မှုသည် အချိန်ကို အမြန်ကုန်ဆုံးစေလိုသော အရာတစ်ခု ဖြစ်ကောင်း ဖြစ်နိုင်သည်ဆိုတာ သက်မြတ်နိုး သတိထားမိလာသည်။

လူနာမိန်းကလေးအား တယုတယ ကိုင်တွယ်စမ်းသပ်နေသော ဒေါက်တာသက်မြတ်နိုးကို ထိုမိန်းကလေးသည် ရက်ရွံ့ကြောက်လန့်စွာ တစ်ချက်မော့ကြည့်လိုက်ပြီး ချုန်းပွဲချ ငိုလေသည်။

"အဲဒီလိုငိုနေလို့ ကိစ္စပြီးမှာတဲ့လားကွယ်၊ ညီမလေးဖြစ်ပျက်ခံစားနေရတာတွေ အားလုံး ပြောပြမှ အစ်မက ဆေးကုပေးနိုင်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အလွန် စိတ်ရှည်စာတတ်သော သက်မြတ်နိုးပင်လျှင် နုံးခွေနွမ်းလျ ခန္ဓာကိုယ်၊ အိပ်ချင်ငိုက်မြည်းသောစိတ်နှင့် ရှုပ်ထွေးနေသော အတွေးများကြားမှာ သည်းခံနိုင်မှုစွမ်းအား လျော့ပါးလာသည်။

အို– မိန်းကလေး၏ ပါးပြင်နှစ်ဖက်လုံး ဖူးရောင်နေတာပဲ၊ မျက်လုံးတစ်ဖက်က သွေးခြည်ဥလျက်၊ ညာဘက်နားဝမှာလည်း သွေးခြောက်လေးတွေ ကပ်ငြိပေကျံနေသည်ကို တွေ့လိုက်ရ၏။

"ကျွန်မ သေသွားရင်ကောင်းမှာပဲ၊ ကျွန်မ သေချင်တာ ဆရာရယ်"

"အို လောကမှာ လူရယ်လို့ဖြစ်လာရင် ရှင်ချင်တိုင်းလည်း ရှင်လို့မရသလို၊ သေချင်တိုင်းလည်း သေခွင့်မရပါဘူး ညီမရယ်၊ မဟုတ်တာတွေ လျှောက်မပြောပါနဲ့၊ ညီမလေး ခံစားနေရတဲ့ ဝေဒနာကိုသာ ပြောပါ"

"ကျွန်မကို ဗိုက်ကြီးနေပြီဆိုပြီး တစ်ရွာလုံးက ကဲ့ရဲ့အတင်းပြောကြတယ်၊ ကျွန်မရဲ့ဗိုက်က ကြီးကြီးလာတာ ဟုတ်ပါတယ် ဆရာရယ်၊ ဘယ်သူနဲ့လဲလို့ အမေက အတင်းမေးနေတာပဲ၊ ခက်တယ်ဆရာ၊ ကျွန်မမှာ ရည်းစား မပြောနဲ့၊ ယောကျ်ားလေးသူငယ်ချင်းတောင် ရင်းရင်းနှီးနှီး တစ်ယောက်မှ မရှိပါဘူး၊ ကျွန်မက အစ်ကိုတွေကို သိပ်



ကြောက်ရတာ ဆရာရဲ့၊ ဘုရားပေးပေး ကျမ်းပေးပေးပါ၊ ကျွန်မ ကျိန်ပြောရဲပါတယ်၊ အစ်ကိုကြီးက ဒီကိစ္စလည်း သိသွားရော ကျွန်မကို တိုင်မှာ ကြိုးနဲ့ချည်ပြီး လိမ့်ရိုက်တော့တာ၊ အမေက အတင်းငိုယိုတောင်းပန်ပြီး ရွာက သားဖွားဆရာမကို ပြကြည့်တော့ ဆရာမက ဒီဆေးရုံကို လွှတ်လိုက်တာ"

မိန်းကလေးတစ်ကိုယ်လုံးကို စမ်းသပ်စစ်ဆေးပြီးသောအခါ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်မှာ တွေ့ရတတ်သော လက္ခဏာများ လုံး၀ မတွေ့ရှိရပါ။

အသန့်ရှင်းဆုံး စက္ကူဖြူတစ်ရွက်ပေါ်မှာ အဘယ်ကံကြမ္မာက မင်ရည်စက်များ သွန်ချခဲ့ပါသနည်း။ ဖြူစင်ဝင်းပနေသော တိမ်တိုက်များက ဘယ်လို မိုးကြိုးမုန်တိုင်းမျိုးကိုမှ မဖန်တီးခဲ့ကြဖူးပါ။

သက်မြတ်နိုး ထင်မြင်ချက်ကို အတည်ပြုနိုင်ရန် တာဝန်ခံ သမားတော်ကြီးထံ ဖုန်းဆက်ခွင့်တောင်းပြီး တီဗွီဓာတ်မှန် (Ultrasound) ခန်းသို့ လူနာမိန်းကလေးကို ခေါ်သွားခဲ့သည်။ အဖြေက ပို၍ တိကျသေချာသွားသည်။

"ဘာမှ မစိုးရိမ်နဲ့တော့ အမေ၊ အမေ့သမီး ဗိုက်ကြီးပူနေတာ ကိုယ်ဝန်ရှိလို့ မဟုတ်ပါဘူး၊ မျိုးဥအိမ်အကြိတ်လုံး

www.burmeseclassic.com

www.burmeseclassic.com



(Ovarian Cyst) ဖြစ်လို့ပါ၊ အဲဒါကို ခွဲစိတ်ဖြတ်ထုတ်ပစ်လိုက်ရင် ကောင်းသွားမှာပါ"

"အလို မြတ်စွာဘုရား၊ မလုပ်ကောင်းပါဘူး ဆရာရယ်၊ ကျုပ်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေမှာ သူတစ်ပါးအသက်ကို သတ်ခြင်းဆိုတဲ့ ပါဏာတိပါတာကံကို သိပ်ကြောက်လို့ ရှောင်ကြဉ်ကြပါတယ်၊ ကိုယ့်ရင်သွေးကိုယ်သတ်ဖို့ဆိုတာ စိတ်ကူးထဲမှာတောင် မထည့်ဝံ့ပါဘူးကွယ်၊ ကျုပ်တို့ ဟင်းရွက်ပြုတ်ရည် သွန်တော့မယ်ဆိုရင်တောင် မြေကြီးပေါ်က ပိုးကောင်လေးတွေ သေကုန်မှာစိုးလို့ အအေးခံပြီးမှ သွန်တာပါ၊ အဖေမပေါ်တဲ့ကလေး မွေးရတဲ့ ဒုက္ခပဲကျုပ်တို့ ခံပါရစေ ဆရာရယ်"

ဩော်– ဖြစ်မှဖြစ်ရလေ အမေရယ်၊ လူနာရှင် အဘွားအိုကို လေးစားမြတ်နိုးစွာ ငေးကြည့်နေမိသော ဒေါက်တာ သက်မြတ်နိုး၊ မိမိအနားယူမည့် အခန်းသို့ ပြန်ရန်လှည့်အထွက်....၊ ပြတင်းတံခါးမှ ဖြတ်ဝင်လာသော ပြင်ပမှ သိပ်သည်းဆ မတူညီသည့် လေထု၏ တိုးဝင်ရိုက်ခတ်ခြင်း ခံလိုက်ရသည်။

သိပ်သည်းဆ မတူညီခြင်းသည် အလွန်လျင်မြန်သော အလင်းတန်းတစ်ခုကို ယိမ်းယိုင် ကွေ့ကောက်သွားစေတတ်ကြောင်း သက်မြတ်နိုးတို့ ငယ်စဉ်က ရူပဗေဒ



ဘာသာရပ်မှာ သင်ကြားခဲ့ဖူးသည်ကို ပြန်လည်အမှတ်ရမိသည်။

၂

ညနေ ငါးနာရီထိုးလျှင် ဆေးခန်းပေါက်ဝမှ လည့်တဆန့်ဆန့်ဖြင့် စောင့်မျှော်နေကြမည့် သူမ၏ လူနာ မျက်နှာများကို မြင်ယောင်လျက် သက်မြတ်နိုး ကမန်းကတန်း အဝတ်လျှော်၊ ရေချိုးပြီးလျှင် ညနေစာ ထမင်းမစားနိုင်အားဘဲ ဘလက်ခ်ကော်ဖီတစ်ခွက်သာ ပျာယီးပျာယာ ဖျော်သောက်၍ ဆေးခန်းသို့ ပြေးရသည်။ ရွှေအိုရောင် ညနေခင်းမှာ ဒေါက်တာ သက်မြတ်နိုး ပြုနေကျဝတ္တရားများပါပေ။ ဆေးတက္ကသိုလ် စတင်တက်ရောက်ကတည်းက သူမ စီးနေကျ 'ပန်းကမ္ဘာ' စက်ဘီးစိမ်းစိမ်းကလေးကို အဖော်ပြုရင်း မနေ့က ဝယ်ဖို့မှတ်သားထားသော ဆေးစာရင်းလေးအတိုင်း ဆေးရုံကြီးရှေ့က ကိုဟန်တင် ဆေးဆိုင်မှာ အလောသုံးဆယ်ဆေးဝယ်ပြီး သူမအား အားကိုးတကြီး စောင့်ကြိုနေကြမည့် သူမ၏ ချစ်သော လူနာများဆီသို့ ကပျာကသီ....။

ဒေါက်တာသက်မြတ်နိုး၏ ဆေးခန်းရှေ့တွင် ဝိုင်းအုံစောင့်စားနေကြသော လူများတွင် တစ်ဝက်လောက်သော ပရိသတ်မှာ ဝါဝါဝင်းလျက်....။ ရွှေမျှာ ညှတ်နေ

www.burmeseclassic.com

www.burmeseclassic.com



အောင် ဝတ်စားနိုင်သော သူဌေးသူကြွယ်တို့၏ အားကိုးရာ ဆရာဝန်မကြီးအဖြစ် အထင်ကြီး မစောစေချင်ပါ။ သူမ ဆရာဝန်ဖြစ်စကတည်းက သာသနာပြုပုဂ္ဂိုလ်၊ သာသနာတော် စည်ပင်ပြန့်ပွားရန် စောင့်ရှောက်နေသော ပုဂ္ဂိုလ်၊ ဘုန်းကြီး ရဟန်းများနှင့် သီလရှင်များကို ဆေးဖိုးပင်လုံးဝ မယူဘဲအခမဲ့ဆေးကုသပေးခဲ့သည့်အတိုင်း ကျောင်းထိုင်၊ ဒုလ္လဘ၊ အာဂန္တု၊ သံဃာတော်များ၏ သက်န်းနှင့် သီလရှင်များ၏ ဝတ်ရုံများဖြင့် ထိန်ထိန်ဝင်းနေခြင်းပင်။ ကျန်သည့် လူနာ တစ်ဝက်လောက်မှာ တချို့ ရောဂါဝေဒနာခံစားနေရ၍ ဆေးခန်းသို့ လာခြင်းမဟုတ်ဘဲ သူတို့၏ လူမှုရေးပြဿနာများအတွက် ဆရာဝန်မလေးထံ ယုံယုံကြည်ကြည် ရင်ဖွင့်အကူအညီ တောင်းရန် စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ သက်မြတ်နိုးမှာ ထိုသို့သော လူနာများ၏ လူမှုရေးဒုက္ခများကို သူမ တတ်စွမ်းသလောက် အကြံဉာဏ်ပေး ကူညီဖြေရှင်းပေးခြင်းအားဖြင့် စိတ်ရောဂါ၊ နှလုံးရောဂါ ဝေဒနာများ လျော့ပါး ကျဆင်းသွားရေးအတွက် သူမ တစ်ပိုင်တစ်နိုင် စွမ်းဆောင်ခြင်းဟု ခံယူထား၏။

ဆေးရုံကြီးမှ လုပ်ဖော်ကိုင်ဖက် ဆရာဝန်များက သက်မြတ်နိုးကို G.P Queen (ကိုယ်ပိုင်ဆေးခန်းအောင်မြင်သူဘုရင်မ)အဖြစ် ကင်ပွန်းတပ်ကြသည်။ မုဒိတာဖြင့် တင်စား



ခေါ်ဝေါ်သူတချို့၊ မစ္ဆေရိယစိတ်နှင့် လှောင်ပြောင် အတိုအထောင် လုပ်ချင်သူကတချို့။ မျက်မုန်းကျိုးသူတချို့က သက်မြတ်နိုး၏ ညနေခင်းအချိန် (ဆရာဝန်များ ကိုယ်ပိုင်ဆေးခန်း ထိုင်နေကျအချိန်) များစွာကို ဆေးရုံဂျူတီ ချထားရန် ဝိုင်းဝန်း တွန်းပို့ အားထုတ်ခဲ့ကြသော်လည်း သက်မြတ်နိုးကတော့ အပြုံးမပျက်။ သူတို့ ထင်မြင်ထားကြသလို သက်မြတ်နိုး၏ ဆေးခန်းရှေ့မှာ စောင့်ဆိုင်းနေသော ထူထပ်များပြားလှသည့် လူနာပရိသတ်ကြီးကြောင့် သက်မြတ်နိုး၏ ပိုက်ဆံအိတ်လေး ထူထဲဖောင်းကားလာခြင်း မရှိပါ။ အကြွေးစာရင်းစာအုပ်များသာ တစ်အုပ်ပြီးတစ်အုပ် ထူထပ်လာလေသည်။ ထိုစာရင်းစာအုပ်မှ သုံးပုံ နှစ်ပုံခန့်သော စာရင်းသည် ဘယ်တော့မှ လာရောက်ပေးဆပ်မည် မဟုတ်သော အကြွေးစာရင်းများဖြစ်၏။ သို့သော်လည်း သက်မြတ်နိုး နှစ်နှစ်ကာကာ ကျေနပ်နေပါသည်။ သူတို့၏ ရောဂါဝေဒနာများ သက်မြတ်နိုး၏ ဆေးပညာအစွမ်းကြောင့် ပျောက်ကင်း သက်သာသွားခြင်းသည်ပင် သက်မြတ်နိုး၏ အောင်မြင်မှုဟု သူမ ခံယူထားသောကြောင့်ပင်။

"ဆရာမရေ၊ ဆရာမရေ"

"ဩော်- ကြည်မာလေးပါလား၊ လာလေ ညီမ၊ ဒါနဲ့ ညီမလေး အမေရော နေကောင်းရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကောင်းပါတယ်၊ မေမေက ဆရာမလေး ပေးလိုက်တဲ့ ဆေးတွေသိပ်ကောင်းတာပဲလို့ ပြောနေသံ ကြားတယ် ဆရာမရဲ့၊ အခု သမီးလာတာ မေမေ မသိစေနဲ့နော်၊ ဟိုလေ ဆရာမကို သမီး ချစ်လည်းချစ်တယ်၊ ယုံလည်း ယုံလို့ အကူအညီတစ်ခု တောင်းချင်လို့ပါ"

"အေးပါ ညီမလေးရယ်၊ အစ်မတို့ ဆရာဝန်တွေဟာ အစ်မတို့ လူနာတွေရဲ့ အတွင်းရေးကိစ္စတွေကို အတတ်နိုင်ဆုံး လျှို့ဝှက်သိုသိပ် ပေးထားတတ်ကြပါတယ်ကွယ်၊ ညီမလေးမှာ ဘာအခက်အခဲတွေ ကြုံနေလို့လဲ"

"သမီးလေ၊ ဟို သုံးလခံဆေး (သုံးလခံကိုယ်ဝန်တားဆေး) ထိုးချင်လို့ပါ၊ အဲဒါ အမေ့ကို ပြန်မပြောပါနဲ့နော်"

ဟင်– ဘုရား ဘုရား၊ ဒီကလေးမ မနှစ်ကမှ ဆယ်တန်းအောင်ပြီး စားသောက်ဆိုင်တစ်ခုမှာ အလုပ်ဝင်စပင် ရှိသေးသည်။ သက်မြတ်နိုးဆေးခန်းမှာ ဆေးကုနေကျလည်း ဖြစ်၊ မိသားစု ပြဿနာများကို အမြဲရင်ဖွင့် နေကျလည်း ဖြစ်သော သက်မြတ်နိုးကို အလွန်ချစ်ခင်ယုံကြည်သည့် မုန့်ဟင်းခါးသည်ကြီး ဒေါ်စောငွေ၏ သားသမီး ခြောက်ယောက်အနက် ဒုတိယသမီး ကြည်မာလေးဖြစ်သည်။ ဒေါ်စောငွေမှာ ခင်ပွန်းသည် နောက်အိမ်ထောင်ပြုသွားပြီးကတည်းက သားသမီး ခြောက်ယောက်စလုံးကို ဘယ်သူ့



အထောက်အပံ့ကိုမှ မယူဘဲတစ်ကိုယ်တည်း ပင်ပင်ပန်းပန်း ရုန်းကန်ကျွေးမွေး ပညာသင်ပေးနေသူဖြစ်၏။

ဩော်– သမီးတစ်ကောင် နွားတစ်ထောင် ထိန်းရသလိုပါပဲလား။ ရှေးလူကြီးသူမတို့၏ စကားများ အလွန်မှန်နေပါပကော။ သက်မြတ်နိုးရင်ထဲမှ မိခင်စိတ်ဖြင့် ကြည်မာလေး အတွက် ပူပန်သောက ဖြစ်မိသည်။ မိမိအား ယုံကြည်အားကိုးလွန်းသော မိသားစုထဲမှ ဤမိန်းကလေးအား သူမတောင်းဆိုနေသည့်ဆေး ထိုးပေးလိုက်လျှင် မိမိတရားပါ့မလား။ အဲဒီ မိသားစုကို သစ္စာမဲ့ရာ ကျလေမလား၊ Profrssional Ethics (ဆရာဝန်များ ပဋိညာဉ်ပြဋ္ဌာန်းချက်) ကို ဖောက်ဖျက်ရာ ရောက်နိုင်သလား။

အကယ်၍ သက်မြတ်နိုးက ကိုယ်ဝန်တားဆေး မထိုးပေးခဲ့၍ ဒီမိန်းကလေးမှာ မလိုလားသောကိုယ်ဝန် (Unwanted Pregnancy) ရရှိလာခဲ့သဖြင့် တွေ့ရာနေရာမှာ ကြုံရာလက်သည်များနှင့် ဖြစ်သလို ဖျက်ချလိုက်လို့ ရောဂါပိုးတွေဝင်ပြီး သွေးမန်းတက်ခြင်း (septicaemia) ရလျှင် အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေထိ ဖြစ်သွားနိုင်သည်။ ကြည်မာလေးသည် ဒုတိယ နီလာချို ဖြစ်သွားခဲ့လျှင် သက်မြတ်နိုး၏ ပယောဂ ကင်းနိုင်ပါ့မလား။ အို ဒီမိန်းကလေးက သက်မြတ်နိုးကို ယုံကြည်စွာ ပွင့်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း အကူအညီတောင်း၍ ဆရာဝန် အစစ်အမှန်နှင့် သင့်လျော်သော ဆေးဝါးအစစ်အမှန်ဖြင့် ကြိုတင် ကာကွယ်ခြင်း ဖြစ်သဖြင့် ကလေးမ၏ အသက်ဘေး လုံခြုံစိတ်ချရပါသေးတယ်လေ။

ဟင်း....၊ ပူလောင်သော အတွေးများဖြင့် ဦးနှောက်ခြောက်အောင် သောက ပေးရက်ပါလား ညီမငယ်။

"ဆရာမရယ်၊ ဘယ်လောက်ပေးရ ပေးရ သမီးပေးပါ့မယ်၊ သမီးတို့က ကျောင်းမပြီးသေးတော့ အတူနေနိုင်ဖို့ဝေးသေးတယ် မဟုတ်လား၊ အဲဒါကြောင့်ပါ၊ သမီးကို အထင်မသေးပါနဲ့ ဆရာမရယ် နော်"

"ကဲပါ ညီမလေးရယ်၊ ညီမ ထိုးချင်တဲ့ဆေးကို အစ်မ ထိုးပေးလိုက်ပါ့မယ်၊ ညီမလေး အမေကိုလည်း အစ်မ အသိမပေးပါဘူး၊ စိတ်ချပါ၊ ဒါပေမဲ့ ငါ့ညီမကို အစ်မ တစ်ခုတော့ မှာလိုက်ပါရစေနော်၊ တို့မိန်းကလေးတွေအတွက် 'အပျိုစင်' ဆိုတဲ့ ဂုဏ်ဟာ ဘာနဲ့မှ လဲလို့မရတဲ့ ပိုက်ဆံဘယ်လောက်ပေးပေး ဝယ်လို့မရနိုင်တဲ့ သိပ်ကို တန်ဖိုးမြင့်မားတဲ့ ပိုင်ဆိုင်မှု တစ်ခုပါကွယ်၊ ဒါကြောင့် တန်ဖိုးကြီးမားတဲ့ အပျိုစင်ဘဝလေးကို ညီမလေး လက်လွတ်စပယ် သဘောမထားဘဲ တန်ဖိုးထားဖို့ အစ်မ သတိပေးလိုက်ချင်တယ် ညီမရယ်"



ခေါင်းငိုက်စိုက်ချလျက် ကျောခိုင်းထွက်ခွာသွားသော ကြည်မာလေးကို ငေးကြည့်နေမိသော သက်မြတ်နိုး ရင်ထဲမှာတော့ အလွန်လေးလံသော အရာတစ်ခုက ဖိစီးထားသလို တင်းကျပ် နာကျင်နေသည်။ ဟောဒီ ကမ္ဘာလောကကြီးမှာ နီလာချို နောက်ထပ်တစ်ယောက် မပေါ်ပေါက်စေဖို့ သက်မြတ်နိုး မျက်စိစုံမှိတ်လျက် မလုပ်ချင်သည့် အလုပ်ကို လုပ်ဆောင်လိုက်ရခြင်းပဲ။ အဲဒီ လူမှုရေးကဏ္ဍကို သူမ မတားဆီးနိုင်ပေမယ့် သူမ ဆရာဝန်တစ်ယောက်အနေဖြင့် သူမ၏ လူနာတစ်ယောက်အား အသက်ဘေးမှ ကာကွယ်ပေးလိုက်ရ၏။

"ဆရာမ၊ ဟိုလေ ထိုးနေကျဆေးလေး ထိုးချင်လို့ပါ၊ ဟို အရင်တစ်ခါထိုးထားတဲ့နေ့ကနေ သုံးလပြည့်ဖို့ ငါးရက်လိုသေးတယ်၊ ဒါပေမဲ့ မနက်ဖြန် အမေလာခေါ်မှာမို့လို့ပါ၊ အမေနဲ့ ရန်ကုန်လိုက်သွားရမှာမို့ အဲဒါ ကြိုထိုးသွားချင်လို့နော်၊ သြော် မောင်ကလဲဘာလို့ ဝင်လာရတာလဲ၊ သွားပါ၊ ချစ်စောင့်နိုင်းတဲ့ နေရာကပဲ စောင့်ပါလို့ဆို၊ နော် ဆရာမ၊ အဲဒါ ထိုးလို့ရပါတယ်နော်၊ လုပ်ပါ၊ ထိုးပေးပါဦး"

သက်မြတ်နိုး စားပွဲပေါ် လှမ်းတင်လိုက်သော လွယ်အိတ် ကလေးထဲမှာ ကျောင်းစာအုပ်တွေ။ တက္ကသိုလ်မှ ပြဋ္ဌာန်းစာအုပ်တွေလည်း ပါသည်။ သက်မြတ်နိုးထံမှာ

www.burmeseclassic.com

www.burmeseclassic.com



သုံးလခ ကိုယ်ဝန်တားဆေး လာတိုးခိုင်းနေသော ဤမိန်းကလေး၏ လွယ်အိတ်ကလေး။ ဤမိန်းကလေးက ဆေးခန်းအပြင်သို့ အတင်းထွက်ခိုင်းနေသော (သူမ၏ချစ်သူဖြစ်ပုံရသော) ကောင်လေးမှာလည်း ကျောင်းစာအုပ်များနှင့် လွယ်အိတ်ကလေး လွယ်လျက်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဖြစ်ဟန်တူသည်။ ဒါနှင့် ဤမိန်းကလေး ယခင်အခေါက်က အတူတွဲလာသော ယောကျ်ားလေးအဖော်မှာ ယခု ဤကောင်ကလေးတော့ မဟုတ်ပါ။ ဤမိန်းကလေးသည် ကိုယ်လုံးကိုယ်ပေါက် ဖွံ့ထွားလှပပြီး မျက်နှာလေးကလည်း ချောမွေ့၍ ချစ်စဖွယ်ဖြစ်သည်။ တစ်ခါမြင်ဖူးပြီးလျှင် နှစ်ခါ ပြန်ကြည့်စရာမလိုအပ်ဘဲ မှတ်မိစေနိုင်လောက်သော ထူးခြားသည့် ရုပ်ရည်ပိုင်ရှင်လေး ဖြစ်၏။

သက်မြတ်နိုး ငယ်စဉ် ဆယ်ကျော်သက်အရွယ် ကျောင်းသူဘဝကို ပြန်လည်သတိရမိသည်။ အနှိမ်းကလေးများကဲ့သို့ သတ္တိမရှိ၊ အတင့်မရဲဝံ့ပါပေ။ သူမ၏ ဘွားအေဖြစ်သူ မကြာခဏ သွန်သင်ပဲ့ပြင်၊ အမွေအဆက်ဆက် ပေးခဲ့သည့် ဟိရိဩတ္တပ အရှက်နှင့် အကြောက်တရားကို ကြီးစွာ တွေးပိုက်ခဲ့၍လား မသိ။

ဩော်– သက်မြတ်နိုးပဲ မိုင်တိုင်များစွာ နောက်ကျကျန်ရစ်ခဲ့လေသလား။ ဒါမှမဟုတ် သူတို့ကပဲ အလွန်



လျင်မြန်သောနှုန်းထားဖြင့် ရာစုနှစ်များကို ဖြတ်သန်းရောက်ရှိနှင့်ကြသလားဆိုတာ မဝေခွဲတတ်တော့ပါ။

"သီဂီရေ မနက်ဖြန်သွားရမယ့် မင်္ဂလာပွဲက အရေးကြီးတယ်နော်၊ သတို့သားအမေက တို့ ယောက်မလေး၊ သိပ်ကြီးကျယ်တဲ့ကောင်မပေါ့၊ တို့ကိုကြောတာ တို့က နည်းနည်းမှ ခံခဲ့ဖူးတာ မဟုတ်ဘူး၊ ဒါနဲ့ နိုင်ငံခြားသစ်ခွကို ဈေးအကြီးဆုံး အကောင်းဆုံး သေချာမှာပေးထားဦးနော်၊ ဆံထုံးမှာ ဝေနေအောင် ပန်သွားချင်လို့၊ နက်ဖြန်မနက် စောစောလာခဲ့မယ်၊ တို့ကို အလှဆုံးပြင်ပေးရမယ် သိလား၊ အခု စရံလာပေးတာ ဘယ်လောက်ပေးရမလဲဟေ့၊ ဘယ်လောက် ကုန်ကုန် အကောင်းဆုံးပန်းကို မှာပေးထားနော်၊ မေ့မနေနဲ့ဦး"

ဒေါက်တာသက်မြတ်နိုး၏ နောက်ကျိတွေဝေနေသော စိတ်အလျဉ်သည် တစ်ဖက်ခန်းရှိ အလှပြင်ဆိုင်မှ ရူးရူးရှရှ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသော အသံကြောင့် လန့်ဖျတ် လွင့်စင်သွားရတော့သည်။ ဒီအသံ သူမနှင့် အလွန်ရင်းနှီးသောအသံပါ။ ကြားဖူးနေကျ အသံတစ်ခုပါပဲ။

"ဆရာမကို အရင်ပေးစရာရှိတဲ့အကြွေးတွေ ပေးမလို့ပါပဲ၊ ကလေးအဖေ ခရီးထွက်သွားလို့ လက်ထဲငွေမလည်

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး ဆရာမရယ်၊ ဒီတစ်ခါလည်း အကြွေးမှတ်ထား လိုက်ပါဦး၊ နောက်တစ်ခါ ပေါင်းရှင်းပါ့မယ်"

နောက်တစ်ခါ နောက်တစ်ခါ....။ ဘယ်တော့မှ ဆုံးနိုင်မည် မထင်သော နောက်တစ်ခါများကို တွင်တွင် သုံးရင်း ဒေါက်တာသက်မြတ်နိုး ဆေးခန်းသို့ မနေ့ကတင် အကြွေး ဆေးလာထိုးသူ ဒေါ်ကျင်ကြူးကြီးပါလား။ ဒီမိန်းမကြီး ဆေးခန်းသို့ လာပြီဆိုလျှင် လူမမြင်ရသေးခင် ဦးစွာ ကြားရတတ်သည်မို့ ဒီအသံကြီးကိုတော့ သက်မြတ်နိုး ကောင်းစွာ ကျက်မိနေပြီ။ ဒီမိန်းမကြီး ဆေးလာထိုးသည့် အခါတိုင်း လေဖြတ်၍ အိပ်ရာထဲလဲနေတာကြာပြီဖြစ်သော သူမ၏ အဖေ ဦးအေးကြူးတစ်ယောက် ခေါင်းကိုက်နေ၍၊ ခေါင်းမူးနေ၍ စသည်ဖြင့် အကြောင်းတစ်ခုခုပြကာ သောက် ဆေးလေးတစ်ပြားလောက် ပေးပါဦးဟု အဆစ်လည်း တောင်းတတ်သေးပြင်။ သြော် အခုတော့လည်း သက်မြတ်နိုး အသေအချာ ကြားလိုက်ရသည့် ဒေါ်ကျင်ကြူးကြီး၏ အသံမှာ ဒီဇိုင် အသစ်နှင့်ပါတကား။

သက်မြတ်နိုး၏ ဆေးခန်းထဲက အကြွေးစာရင်း စာအုပ်ကလေး မျက်နှာငယ်နေရှိန်ဝယ် တစ်ဖက်ခန်း အလုပြင်ဆိုင် စားပွဲပေါ်သို့ ဆံထုံး၊ မိတ်ကပ်၊ အလှပြင်ခ စရံငွေအဖြစ် ဒေါ်ကျင်ကြူး ပစ်ချပေးသော ငွေစက္ကူများ က အထပ်လိုက်။



သူမ၏ ဒေါသတရားများကိုပင် နိုင်နင်းစွာ ချွန်းအုပ် ထားပြီးဖြစ်သော သူမ ရင်ထဲမှ ဆရာဝန်တစ်ယောက်၏ ကရုဏာ၊ အကြင်နာတရားများ ကို သက်မြတ်နိုးက နောင်ကြိုးမရှိ အကြွင်းမဲ့ သက်ဝင်နေခဲ့ဖြစ်သည်။

"လူတစ်ယောက်၏ ပျော်ရွှင်မှု အစစ်အမှန်သည် ကျေနပ်မှုပင်ဖြစ်သည်"

လောက၌ မိမိလိုချင်သောအရာ ရနေသမျှကာလ ပတ်လုံး ချမ်းသာကြွယ်ဝခြင်းများ ပြည့်စုံနေမည်သာ ဖြစ်၏။

၃

ဆွတ်ဆွတ်ဖြူနေသော ခွဲစိတ်ခန်းသုံး လူနာဝတ်စုံနှင့် သူမကို လက်တွန်းလှည်းဖြင့် တရွေ့ရွေ့ သယ်ဆောင် သွားကြသည်ကို ငေးကြည့်မိရင်း အတိုင်းအဆမရှိသော အံ့သြတုန်လှုပ်မှုက ဒေါက်တာသက်မြတ်နိုးကို ဖိစီးနှိပ်စက် နေသည်။

ခွဲစိတ်ခန်း၏ စပရိန်တပ် တံခါးမကြီး ထပ်ခနဲ ပြန်ပိတ်သွားသည့်တိုင်အောင် အဲဒီ တံခါးမကြီးကို ဖောက် ထွင်း မြင်နေရသည့်အလား ငေးကြည့်နေမိသေးသည်။

ဆေးရုံသို့ သူမ ရောက်ရှိလာပုံက ပုံပျက်ပန်းပျက် ...င်လှသည်။ သူမနှင့် သက်တူရွယ်တူမိန်းကလေးသုံးဦးက

www.burmeseclassic.com

www.burmeseclassic.com



နွမ်းလျပျော့ခွေနေသော သူမကို မနိုင်မနင်း သယ်ဆောင်လာပုံကပင် အားမရချင်စရာ။

"ဗိုက်ထဲကနာတယ်လို့ပြောပြီး မူးလဲသွားတာ ဆရာမ ရဲ့၊ သူက ဒီလိုပါပဲ၊ ခဏ ခဏမူးပြီး အန်တတ်တယ် ခဏ ခဏ သွေးအားနည်းလို့ အားဆေးပုလင်း သွင်းရတယ် အားနည်းပြီး ရာသီမလာတာလည်း နှစ်လရှိပြီ ပြောတယ် ခုလည်း ရုတ်တရက်ကြီး"

"မနက်ကတည်းက ဗိုက်ထဲမှာ နေလို့မကောင်းဘူး လို့ ပြောနေရင်းက တအားနာလာတယ်လို့ ပြောတယ် ဆရာမ၊ နောက် ဖြုန်းဆို သတိလစ်သွားတာပဲ'

"ဗိုက်ထဲက တအားနာတယ်ဆိုတော့ သူရာသီသွေး မပေါ်တာကလည်း ကြာပြီမို့ သွေးခဲနေလို့ဖြစ်မှာပေါ့နော် ဆရာမ"

သူမ၏ သူငယ်ချင်းများက ထင်ရာမြင်ရာ ကောက်ချက် ဆွဲနေကြသည်။ သူမတို့အားလုံးသည် ဘွဲ့ရပြီးနောက် ကြုံရာ ရရာ မြေပွဲစား၊ တိုက်ပွဲစား ကျောက်ပွဲစားအလုပ်ဖြင့် ကြီးပွားချမ်းသာမှုကို ရှာဖွေနေကြသူများ ဖြစ်ကြောင်း ပြောပြသည်။ အိမ်ထောင်မရှိသေးသော အပျိုစင်များပင်....၊ သူငယ်ချင်းတစ်တွေ စုဝေးပြီး အဆောင်ငှားရမ်းနေထိုင်၍ အလုပ်လုပ်နေကြသူများဟု သိရသည်။



သူမကို ခုတင်ပေါ်တင်စေပြီး သက်မြဲတိန်းသေချာစွာ စမ်းသပ်စစ်ဆေးကြည့်သည်။ လူနာ၏ အမည်ကို ခေါ်ကြည့် သည်။

"ကြူကြူဝင်း၊ ညီမလေး ကြူကြူဝင်း၊ ဘာဖြစ်သလဲ ညီမလေး"

လူနာထံမှ ပြန်ထူးသံ မရပါ။

"အား....၊ နာတယ် နာတယ်"

ဆီးစပ်ကို ထိတွေ့စမ်းသပ်လိုက်တိုင်း လူနာက အထိမခံပါ။ နာလွန်းသဖြင့် တွန့်လိမ် လူးလိမ့်နေသည်။ အေးစက်စေးထန်းနေသော ခြေဖျားလက်ဖျားများနှင့်အတူ လူနာ၏ တစ်ကိုယ်လုံးသည် ဖြူဖတ် ဖြူလျော်။ သူမ၏ မျက်နှာ ဖြူလွလွပေါ်တွင် ချွေးတွေသီးနေသည်။ ဖူးဖူးစုစု နှစ်ခမ်းနှစ်မွှာသည် တဆတ်ဆတ်တုန်ယင်နေသည်။

"ပစ်မထားခဲ့ပါနဲ့၊ ကျွန်မကို ပစ်မထားကြပါနဲ့၊ အား– ကြောက်တယ်၊ ကြောက်တယ်၊ အမလေး သေပါပြီ၊ အား...."

ကယောင်ကတမ်း အော်ဟစ်နေသော လူနာ မိန်းကလေး၏ လက်ကောက်ဝတ်မှ သွေးခုန်နှုန်းကလည်း ပရမ်းပတာ။ သွေးပေါင်ချိန်က ဝိုင်းလို့မရ။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျ လက်ထောက်ဆရာဝန်မလေး သက်မြတ်နိုး၏ ဦးခေါင်းထဲမှာ ချော်နံ့တွေ တထောင်းထောင်း ထလာသည်။ သွေးခေါ်ဆက်စပ်နေရသော အက်ဆစ်ရည်များကြောင့် သက်မြတ်နိုး ဦးနှောက်သားများ တဖြည်းဖြည်း လှိုက်စားခံနေရ၏။

နောက်ဆုံး သက်မြတ်နိုး၏ ဦးနှောက်ထဲသို့ အတွေးတစ်ခု ဖျတ်ခနဲဝင်လာသည်။

လူနာခံစားနေရသော ဝေဒနာနှင့် တွေ့ရှိရသော လက္ခဏာများအရ ဖြစ်နိုင်ခြေအရှိဆုံးနှင့် အနီးစပ်ဆုံး ရောဂါတစ်ခု။

လူ့လောက၏ တည်ဆောက်ဖွဲ့စည်းမှု သဘောအရ မဖြစ်နိုင်ဆုံးနှင့် အဝေးဆုံးရောဂါတစ်ခု။ သက်မြတ်နိုး ထင်မြင်ထားသော Provisional Diagnosis (ဖြစ်နိုင်ခြေအရှိဆုံး ရောဂါအမည်)ကို ပို၍ စေ့စပ်သေချာသွားအောင် တာဝန်ကျ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန် (On call O.G) မမကိုခေါ်ပြီး ဝမ်းဗိုက်တွင်းအရည်ကို အပ်ဖြင့်ဖောက်၍ ကြည့်ရှုစစ်ဆေးခြင်း (P.O.D. puncture) ပြုလုပ်ကြည့်လိုက်တော့....၊

ပထမတစ်ချက်....၊ ဆေးထိုးအပ်နှင့် ပြွန်ထဲတွင် ဘာမှပါမလာ။ Negative Pressure (လေဖိအားမဲ့ စုပ်ယူမှု)။



"သက်မြတ်နိုး နည်းနည်းလေး အပေါ်မြှင့်ပြီး ဖောက်ကြည့်လိုက်၊ အေး အေး၊ ဟုတ်ပြီ"

ဒုတိယတစ်ချက်....။ သွေးစမည်းမည်းတွေ ပါလာသည်။ သွေးဟောင်းတွေ။

သေချာသွားပြီ။ လူနာခံစားနေရသော ဝေဒနာမှာ သက်မြတ်နိုး ခန့်မှန်းထားခဲ့သော 'အက်တိုးပစ်ကိုယ်ဝန်' (Ectopic Pregnancy =သားအိမ်ထဲတွင် မဟုတ်ဘဲ နေရာလွဲမှား သန္ဓေတည်ခြင်း) ပင် ဖြစ်သည်။ သားအိမ်ပြွန်ထဲတွင် သန္ဓေတည်နေရ၍ သန္ဓေသား ကြီးထွားလာသည်နှင့်အမျှ ပါးလွှာသော သန္ဓေအိမ် ပေါက်ကွဲခြင်း၊ ပြတ်တောက်သွားသော သွေးကြောများမှ ဝမ်းခေါင်းတွင်း သွေးထွက်ခြင်း။ အရေးပေါ်။

အချိန်မီ သွေးပုလင်းတွေ လုံလောက်အောင် ရှာဖွေရတော့မည်။ အမြန်ဆုံး ခွဲစိတ်ကုသပေးရလိမ့်မည်။ ကဲတဲလေးကျန်တော့သော ချောက်ကမ်းပါးစွန်းက သူမကို အမြန်ဆွဲတင်ပေးမှ ဖြစ်မည်။ အမြန်ဆုံး၊ မြန်နိုင်သမျှ အမြန်ဆုံး။

"Staff (အပြာဝတ်သူနာပြုဆရာမကြီး)ရေ၊ G& M (Blood Grouping and Matching = သွေးအုပ်စု ခွဲခြားစစ်ဆေးခြင်း)လုပ်ဖို့ သွေးဖောက်ပြီးပြီလား၊ ဒေါ်အုန်းကြိုင်

www.burmeseclassic.com

www.burmeseclassic.com



ကို သွေးဘဏ်မြန်မြန်လွှတ်လိုက်ဦးနော်၊ သွေးနှစ်ပုလင်း မြန်မြန်ယူလာခဲ့လို့၊ နောက်ထပ် Reserve (အပိုဆောင်းထား ခြင်း) သုံးပုလင်းပြင်ထားဖို့လည်း သေချာမှာခဲ့ပါ၊ သွေး စာအုပ်မှာ ပုံစံဖြည့်ထားပြီးပြီ၊ ယူသွား၊ သက်မြတ်နိုးရေ- O.T (Operation Theater = ခွဲစိတ်ခန်း)ကို ကိုယ်တိုင် သွားပြီး O.T. Staff (ခွဲစိတ်ခန်း တာဝန်ကျသူနာပြု ဆရာမကြီး) နဲ့ မေ့ဆေးဆရာဝန်ကြီးကို အမြန်ဆုံး ခွဲစိတ် နိုင်ဖို့ ပြင်ဆင်ဖို့သွားပြော၊ Staff ရေ၊ လူနာကို Pre-Op (မခွဲစိတ်မီ ကြိုတင်ပြင်ဆင်ခြင်း)တွေ လုပ်ထားပြီးပြီလား ဟဲ့ သက်မြတ်နိုး၊ လူနာရဲ့ အနီးစပ်ဆုံး ဆွေမျိုးဆီက Concent (အသက်အန္တရာယ်ရှိမှန်း သိပါလျက် သင့်တော် သော မေ့ဆေး၊ ထုံဆေးဖြင့် ခွဲစိတ်ကုသရန် သဘောတူပါ သည်ဟု လက်မှတ်ရေးထိုးခြင်း) ယူပြီးပြီလား"

"ဟုတ်ကဲ့ မမ"

သက်မြတ်နိုး နေ့လယ်ကတည်းက ဘာမှမစားရသေး သောကြောင့် ဝမ်းထဲမှာ ဟာနေသည်။ သို့သော် အဲဒီ ဆာလောင်မှုတွေထက် ပိုပြီး ဒုက္ခပေးနေသော ပူပန်မှု ပူလောင်မှုတွေ။ ပျာယာခတ် လှုပ်ရှားနေကြသော တာဝန်ကျ ဆရာမ၊ ဆေးရုံဝန်ထမ်းများ။



ခွဲစိတ်ခန်းတွင်းမှ ဆရာဝန်၊ ဆရာမများ၏ နဖူးမှာ ချွေးစတွေ သီးနေသည်။ သွေးသွင်းထားသည့်ကြားမှ သွေးပေါင်ချိန် ကျလွန်းသောကြောင့် မေ့ဆေးပေးပြီး ခွဲစိတ်မှု စတင်ချိန်မှာပင် တစ်ချက်တစ်ချက် ပြာနှမ်းနှမ်းဖြစ်သွား လိုက်၊ ပုံမှန်ပြန်ဖြစ်လိုက်နှင့် ရင်ထိတ်စရာ ကောင်းလှသည်။

ဗိုက်ကိုခွဲပြီး ဝမ်းဗိုက်ထဲမှာ ပြည့်လျှံနေသည့် သွေးတွေ ကို စုပ်ထုတ်ပစ်လိုက်ချိန်မှာလည်း သွေးပေါင်ချိန် ထိုးကျ သွားပြန်သည်။ ပေါက်ကွဲပြတ်တောက်သွားသော သားအိမ် ပြွန်၏ အစနှစ်ဖက်ကို ညှပ်ဖြင့် ဖမ်းပြီးချည်၊ သွေးကြောတွေ ပိတ်လိုက်နိုင်ချိန်မှာတော့ လှေကားထစ်တစ်ထစ် ခုန်တက် လိုက်နိုင်ပြီဖြစ်ပြီး သွေးပေါင်ချိန် တရိပ်ရိပ် ပြန်တက် လာတော့မှပင် အားလုံး သက်ပြင်းချနိုင်ကြသည်။

"သက်မြတ်နိုးရေ၊ လူနာ သတိပြန်ရတဲ့အထိ လူနာ အနားမှာ စောင့်ပေးဦးနော်၊ Condition (အခြေအနေ) က ကောင်းကောင်း စိတ်မချရသေးလို့"

"ဟုတ်ကဲ့ပါ မမ"

သားဖွားမီးယပ် အထူးကုဆရာဝန်မမက သက်မြတ် နိုး ပခုံးသားကို ဆုပ်ညှစ်မှာကြားခဲ့ပြီး ပြန်သွားသည်။

ဗိုက်ကဆာဆာ၊ လူက နွမ်းလျလျနှင့် သက်မြတ်နိုး တစ်ယောက် လူနာ၏ မေ့ဆေးပြယ်ချိန်ကို စောင့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



လူနာ၏မျက်နှာကို စေ့စေ့ကြည့်နေမိသည်။ ဟင်– သူမ။ သည်လူနာ၏ မျက်နှာကို သက်မြတ်နိုး လုံးဝ မစိမ်းပါ။ ဘယ်မှာ မြင်ဖူးတာပါလိမ့်။ ဟုတ်ပြီ။ သူမကို ရင်းရင်းနှီးနှီး မြင်ဖူးထားပြီး ရုတ်တရက် စဉ်းစားမရ ဖြစ်နေခြင်းပင်။ အင်း– သိပြီ။ သက်မြတ်နိုး သတိရပြီ။ အမှတ်ရလိုက်ပါပြီ။

လွန်ခဲ့သောနှစ်က သက်မြတ်နိုး၏ ကိုယ်ပိုင်ဆေးခန်းသို့ သူမ မကြာ မကြာ ရောက်လာခဲ့ဖူးတာပဲ။ သုံးလခံ ကိုယ်ဝန်တားဆေး (Depo- 3 month) လာထိုးနေကျ ခပ်ချောချော ခပ်တောင့်တောင့် ကောင်မလေး။ သိပ်ဟုတ်တာပေါ့။ သူမ၏ ရုပ်သွင်က မမေ့နိုင်စရာ။ "နှာသီးဖျားပေါ်မှ မှဲ့နက်ကလေး"က သူမကို မှတ်မိပြီလားဟု သက်မြတ်နိုးကို မေးရင်း ပြုံးကြည့်နေသယောင်။

၄

သစ္စာကြီးစွာ စောင့်မျှော်နေသော အိမ်တံခါးသော့ခလောက်ကို ဖွင့်ဝင်ပြီး အိပ်ရာထက်မှ သက်မြတ်နိုး ခြေပစ်လက်ပစ် လှဲချလိုက်မိသည်။ နေ့လယ်က လူနာမိန်းကလေး သင်ကြားပေးလိုက်သော သင်ခန်းစာတစ်ရပ်ကို သက်မြတ်နိုး၏ ဘဝတစ်ခုလုံးနှင့် ရင်းနှီးပြီးမှ နားလည်သဘောပေါက်လိုက်ရသလိုပါပဲ။



မကြာခင် အဲဒီ မိန်းကလေး ဆေးရုံမှ ကျန်းမာရွှင်လန်းစွာ ဆင်းသွားနိုင်လိမ့်မည်။ အနာလိပ်ကြွေမွှသွားသော လူမှုရေးအပိုင်းအစများကို ခွဲစိတ်ဖြတ်တောက်လိုက်ပြီးနောက် (သူမတစ်စုံတစ်ယောက်နှင့် တရားဝင် လက်မထပ်သေးမချင်း) သူမသည် လူမှုရေးနယ်ပယ်မှာ 'တရားဝင် အပျိုစင်' တစ်ယောက်အဖြစ် ရပ်တည်နေနိုင်ပါသည်။ သူမအား 'တစ်ခုလပ်' တစ်ယောက်အဖြစ် မည်သူတစ်ဦးတလေကမှ တရားဝင် ပြောပိုင်ခွင့်မရှိပါ။ ထို့အတွက်ကြောင့် တစ်ခုလပ်တစ်ယောက်၏ လူမှုရေးဒုက္ခများကိုလည်း သူမ ခံစားရမည် မဟုတ်ပါ။

'တရားဝင်'ဆိုသော စကားရပ်သည် ဘက်လိုက်တတ်သော အမှန်တရား မဟုတ်ခဲ့လျှင် ပင်လယ်လိပ်ကြီးတစ်ကောင်၏ ဦးနှောက်ထဲက အဖုံးအကာတစ်ခုပဲ ဖြစ်ပေလိမ့်မည်။

သက်မြတ်နိုးကတော့ ဆရာဝန်တစ်ယောက် ဖြစ်နေပါလျက် ဘာဖြစ်လို့ တစ်ချိန်သောအခါက လူလည်ကြီးမိသားစုရဲ့ ပိုက်ကွန်တွင်းမှာ အမိခံခဲ့ရတာလဲ။ ဘာကြောင့်များ တစ်ကြိမ်တစ်ခါမျှသော လုယက်ဖမ်းစားမှု ခံလိုက်ရသည် ဆိုရုံလေးနှင့် လက်မြှောက်အရှုံးပေးခဲ့ရတာလဲ။ 'တရားဝင်' စည်းဝိုင်းအပြင်ဘက်က မြောက်မြားလှစွာ

www.burmeseclassic.com



သော မျက်လုံးများ၏ ချောက်လှန့်ဖမ်းစားမှုကို ဘယ့်အတွက်ကြောင့် ကြောက်ရွံ့ထိတ်လန့်ခဲ့ရလေသနည်း။ ပင်ကိုဗီဇက ထက်မြက်စူးရှခဲ့ပါလျက် တစ်ချက်ကလေး ခြေချော်လဲကျသွားခဲ့ရုံမျှဖြင့် ဘဝပျက်ခဲ့ခြင်းသည် သံသရာ ဝဋ်ကြွေးတွေပဲလား။

ထိုစဉ်အချိန်က မျက်လုံးများစွာ၏ အကြည့်စူးစူးတွေကို စိုးရိမ်ကြောက်လန့်မှု မရှိခဲ့ဘူးဆိုလျှင်....၊ မိသားစုဂုဏ်သိက္ခာ မငဲ့ကွက်မိဘူးဆိုလျှင်....၊ ပင်ကို သန့်ရှင်းစင်ကြယ်နေသော အားနာတတ်မှုကို ခေတ္တသိမ်းဆည်းထားနိုင်ခဲ့မယ်ဆိုလျှင်....၊ ချစ်သူဘုန်းမြင့်မော်နှင့် ကွဲသွားရသည့်တိုင်အောင် ယနေ့အချိန်အထိ သက်မြတ်နိုးဆိုသော မိန်းမတစ်ယောက်သည် တရားဝင် အပျိုစင်တစ်ယောက်အဖြစ် ရှင်သန်နေနိုင်သေး၏။

ယခုတော့ မချစ်မနှစ်သက်သောသူနှင့် လက်ထပ်ခဲ့ရသော....၊ ချစ်ဦးသူ၏ နှာကျင်စွာ စွန့်ပယ်ခြင်းခံခဲ့ရသော....၊ အချစ်မဲ့ သုညကမ္ဘာထဲမှာ လပေါင်းများစွာ အကျဉ်းခံနေခဲ့ရသော....၊ သက်မြတ်နိုးသည် သူမကိုယ်သူမ အပြစ်တင်ထိုက်ပါသလား။

အချစ်မပါသော ပေါ့ပျက်ပျက် ရေခဲစိမ် အိမ်ထောင်ရေးသည်လည်း သက်တမ်းဘယ်လောက်ကြာရှည်ခံမှာတဲ့လဲ။



မုန်းတီးစက်ဆုပ်မှုများကို ဘယ်လောက်အထိ ခံနိုင်ရည်ရှိပါမလဲ။ မိုက်မဲမှုများအတွက် နောင်တတရား၏ သက်ညှာထောက်ထားမှုကရော မျက်နှာသာပေးဦးမှာတဲ့လား။

နာကျင်ကြေကွဲမှုများ၊ ဆုံးရှုံးနစ်နာမှုများကို လျော်ကြေးပေး၍ ခင်ပွန်းသည်နှင့် လမ်းခွဲခဲ့ပြီးနောက် သူနှင့်သူမတို့၏ ခေါက်ရိုးကျိုးနေသော ပေါင်းစပ်မှုဘဝကို အဆုံးသတ်လိုက်ရ၍ ပေါ့ပါးလွတ်လပ်သွားခဲ့သော်လည်း သူမရင်ထဲက အထီးကျန်ဆန်ခြင်း၊ အပစ်ပယ်အထင်သေးခံရခြင်း၊ ဝမ်းနည်းသိမ်ငယ်ရခြင်းများကိုတော့ ဖျောက်ဖျက်လို့ မရနိုင်သေးပါ။

ပြီးတော့ မျက်နှာချင်းဆိုင် စာမျက်နှာနှစ်ဖက်၏ ကွာဟသွားသော အတိုင်းအတာ ပမာဏကိုလည်း ဘယ်တော့မှ ညှိနှိုင်းလို့ ရနိုင်မှာ မဟုတ်တော့ပါ။

၅

ဆန်းစစ်တွေးတောခြင်းနှင့်အတူ ဝေဖန်သုံးသပ်ကြည့်လိုက်ပြန်တော့....၊

အရာရာသည် အလွန်နောက်ကျသွားသော သင်ခန်းစာတစ်ရပ်၏ မင်နီမျဉ်းသားချက်များအဖြစ်သာ ကျန်ရစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်း ဆရာဝန်တစ်ယောက်ဘဝမှာ အဲဒီ ခံစားမှုရေစီးကြောင်းထဲ၌ တလိမ့်လိမ့်စီးမျော တမ်းတနေရုံနှင့် မပြီးသေးပါ။ အချိန်တန်တော့လည်း မဖြစ်မနေ ဂျူတီဝင်ရဦးမည်။ ရင်ထဲမှ အရာအားလုံးကို သော့ခတ်သိမ်းဆည်းထားရစ်ခဲ့ပြီး လုပ်ငန်းထဲရောက်လျှင်တော့ တာဝန်ပိုင်းမှာ စုန်းစုန်းနစ်မြုပ်ပစ်လိုက်ရတော့သည်။

ဆရာဝန်များ၏ ရုံးခန်းထဲဝင်ရန် ဆင်နွှာရွက်တံခါးလေး တွန်းဖွင့်ဖို့ လက်အလှမ်းမှာ အခန်းတွင်းမှ လျှံကျလာသော တီးတိုးစကားသံတချို့ကြောင့် တုန့်ခနဲ ရပ်ဆိုင်းသွားသည်။

"မနေ့ညနေက ကျွန်တော်နဲ့ ဂျူတီတွဲကျတဲ့ ခပ်ချောချော A.S အမျိုးသမီးက ဘယ်သူလဲဗျ၊ မဆိုးဘူး၊ အတော်မိုက်တယ်"

"မနေ့ညနေက ဘယ်သူပါလိမ့်၊ သြော်–သက်မြတ်နိုးကို ပြောတာထင်တယ်"

သူမ နာမည်ကို အတိုင်းသားကြားလိုက်ရသည့်အတွက် နားစွင့်ထားလိုက်မိသည်။

"သက်မြတ်နိုးက ကိုယ့်ထက် တစ်တန်းငယ်တယ်ကွ၊ ကိုယ်တို့ရဲ့ ဂျူနီယာဘက်(ချ်) (Junior Batch) ကပေါ့ကွာ၊ ဆေးကျောင်းရဲ့ စတားလေးတစ်ပွင့်ပေါ့၊ ဘုန်းမြင့်မော်



ရဲ့ ရည်းစားလေ၊ အဲ ဟောက်ဆာဂျင် (အလုပ်သင်ဆရာဝန်) ဖြစ်တော့ ဘယ်လိုက ဘယ်လို ဘုန်းမြင့်မော်နဲ့ ကွဲသွားကြလဲ မသိဘူး၊ နိုင်ငံခြားသဘောသား သူဌေးသားတစ်ယောက်နဲ့ လက်ထပ်သွားတယ်လို့ ကြားလိုက်တယ်၊ ဒါပေမဲ့ သိပ်မကြာပါဘူး၊ ကွဲသွားတယ်လို့ ပြောကြတာပဲ"

"ဘာလဲ၊ ဆရာက ကြိုက်လို့လား"

"ဟုတ်တယ်၊ ကျွန်တော် လိုက်ကြည့်မလားလို့"

အလို–! ဘုရား– ဘုရား....။ နယ်ကပြောင်းလာတာ မကြာသေးသော A.S (လက်ထောက်ဆရာဝန်) အသစ်ကိုထွန်းအောင်ခန့်၏ အသံ။ လမ်းဘေး ပျံကျဈေးခင်းထဲက ကန်စွန်းရွက်တွေ အရောင်းအဝယ်လုပ်နေကြသလို။

"ဆရာတို့ ပြောနေကြတာတွေ ကျွန်မ အကုန်ကြားတယ်နော်၊ သက်မြတ်နိုးကို ပြောနေကြတာ မဟုတ်လား၊ သူ့ကိုကြိုက်ရင် သိပ်ခက်ခဲမှာ မဟုတ်ပါဘူး၊ တစ်ခုလပ်ပဲဟာ"

အို– ပြောရက်လိုက်တာ။ တစ်ဖက်စားပွဲမှ ထလာပြီး ထွန်းအောင်ခန့်တို့ စကားဝိုင်းထဲ ဝင်လာသော ဆေးပညာမဟာသိပ္ပံ (M. Med. Sc. (Int. Med)) အောင်ပြီးစ လက်ထောက်ဆရာဝန် ဒေါ်ဌေးဌေးအောင်ကို သက်မြတ်နိုးအတိုင်းသား လှမ်းမြင်နေရသည်။ ရစ်ဝဲလာသော မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



များနှင့်အတူ ဖာဆတ်ဆတ်တုန်ယင်နေသော ခန္ဓာကိုယ်ကို သက်မြတ်နိုး ဘယ်လို ထိန်းချုပ်ရပါမလဲ။

"ဆရာကလဲ အပျိုတွေရှိပါတယ်၊ ကြိုက်စရာရှားလို့ တစ်ခုလပ်ကိုမှ"

"ဩော်- သိပ်တာဝန်မကြီးဘူးပေါ့၊ မဟုတ်ဘူးလား၊ ဟား ဟား ဟား ဟား"

"အင်း- ဒါလည်း ဟုတ်တာပဲ"

လက်ကအလိုလို တံခါးရွက်ကို လွှတ်လိုက်မိသည်။ တံခါးရွက်က တကျွီကျွီမြည်လျက် လှုပ်ယမ်းကျန်ရစ်ခဲ့သည်။ ဟာတတ တံခါးကြားမှ အလွန်တိုးညင်းစွာ ထွက်ပေါ်လာခဲ့သော စကားလုံးများ၏ ရက်စက်ကြမ်းကြုတ်မှုတွေ၊ အနည်းဆုံး ဒီနေ့တစ်ရက်တော့ ဒီအခန်းကို သက်မြတ်နိုး ရှောင်ရှားနေမိမှာပဲ။

လောကဥ္စ တစ်ခုလပ် မိန်းမတစ်ယောက်၏ လွတ်လပ်ပိုင်ခွင့်များ ရှားပါးလှကြောင်းနှင့် မျက်နှာဖုံးစွပ် တိမ်တိုက်များ၏ မာယာမှ စက်ကွင်းလွတ်အောင်ရှောင်တိမ်းရတာ မလွယ်ကူလှကြောင်းကို လက်တွေ့နားလည်စပြုလာသည်။ ဘာပဲဖြစ်ဖြစ် သမားရိုးကျ ပေတံကြီးဖြင့် အတိုင်းအတာခံနေရသော ဘဝတစ်ခုကို အလိုအလျောက် ရလာသည့်အတွက် သက်မြတ်နိုး ရင်နာမိတာ အမှန်။



အဖော့ယူသင့်တဲ့၊ ထူးခြွန်ပြောင်မြောက်တဲ့ အနုပညာ စွမ်းရည်တွေကိုတော့ အလေးမထားဘဲ "ဟောလီးဝုဒ်ရုပ်ရှင်လောက"ရဲ့ သမွတ်အူအိမ်ထောင်ရေး သိဝရီတွေကို အားကျလို့ဆိုပြီး ပြဋ္ဌာန်းချက်တစ်ရပ်လို မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ ထုတ်လုပ်သူတချို့ကိုပဲ ကြည့်စမ်းပါဦးလေ။

သိသာသိပြီး မမြင်လိုက်ရသော မှောင်ခိုနှစ်ခုလပ်၊ သုံးခုလပ်၊ လေးခုလပ်၊ ဆယ်ခုလပ်တွေက 'အပျို လူပျို'ပါလို့ လက်မထောင်၊ ရင်ကော့လျက် ပြုံးရယ်နေကြ၊ ဟားတိုက်နေကြ၊ နောက်ဆုံး တရားဝင်အိမ်ထောင်ကျသွားသော တရားဝင် တစ်ခုလပ်ဖြစ်သွားသော သူများကိုပင် မတူမတန်သလို လက်ညှိုးတွေ ဝိုင်းထိုးနေကြတဲ့ သတင်း မြင်ကွင်းတွေ၊ အထင်းလင်းဆုံး ဥပမာတွေ။

အဲဒါ လောကပါလတရားရဲ့ ဥပဒေပုဒ်မ ဘယ်လောက်လဲဆိုတာ သက်မြတ်နိုး မသိချင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၄

www.burmeseclassic.com

www.burmeseclassic.com

# ၁

အလွန်ပါးလွှာသော အုတ်တံတိုင်းတစ်ခု၏ ဟိုဘက် သည်ဘက် ဘ၀များကို အနည်ထိုင် တည်ငြိမ်နေသော အသိတရားဖြင့် ကြိုးစားဖြတ်သန်းနေဆဲ ဖြစ်သည်။

နေ့စဉ်လမ်းလျှောက်ခြင်း ဒဿနများကို ကိုယ်တိုင်ခံစားကြည့်မြို။

ဂျူတီစည်းဝိုင်းထဲက ပူလောင်ရှုတာ အကြည့်စိမ်းတွေ၊ သကော်တနိမိတ်ပုံ လက္ခဏာတွေ၊ ဥပေက္ခာ၀တ်ရုံကို ဖြတ်သန်းရောက်ရှိလာသည့် ထိခိုက်မှု ဝေဒနာတွေ၊ ပြီးတော့ နံရံတစ်ဖက်ခြားကာ အထီးကျန်ဆန်မှုနှင့် သိမ်ငယ်မှုတွေ၊ လွင့်မျောနေသော ခေတ်ပညာတတ် တစ်ခုလပ် မိန်းမတစ်ယောက်၏ ပန်းချီကားထဲက ဆေးရောင်တွေ။

www.burmeseclassic.com

www.burmeseclassic.com



ချောက်လှန့်ဖမ်းစားတတ်သော အတိတ်ကတော့ အခွင့်သာတိုင်း မညှာမတာ ညှဉ်းဆဲတတ်ဆဲ။

အလယ်ဂိတ်ပေါက်က ဝင်ရောက်ခဲ့တိုင်း မျက်ရည်များ ရစ်ဝိုင်းလာတတ်မြဲ။ အဲဒီခုံတန်းလေးနားမှ ဖြတ်သန်းနေချင်စိတ်ကိုလည်း ဖျောက်ဖျက်ပစ်လို့ မရနိုင်သေး။

တကယ်တော့ လှောင်ချိုင့်ထဲက ထွက်ပြေး လွတ်မြောက်လာခဲ့သော ငှက်ကလေးတစ်ကောင်၏ လွတ်လပ်ပျော်ရွှင်ခွင့်များထက် အတိတ်ကာလမှ ဒဏ်ရာဒဏ်ချက်များက ပိုမို ဖိစီးနှိပ်စက်နေတတ်ကြောင်းကို အဲဒီ ငှက်ကလေး၏ နှလုံးသားကသာ နားလည်သဘောပေါက်နိုင်ပေလိမ့်မည်။ ဘယ်လိုပြဌာန်းချက် ဥပဒေကမှ စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိသော ကိုယ်ပိုင်ခံစားခွင့်တစ်ရပ်သာ ဖြစ်၏။

စိတ်ဆိုသည်က ခက်ပါသည်။ ဘယ်လိုပင် ငြင်းပယ်ရှောင်တိမ်းဖို့ ကြိုးစားပေမယ့်လည်း ပတ်သက်နေသော အကြောင်းအရာ တစ်ခုခုကို ထိတွေ့မိ၊ ကြားမိ၊ မြင်မိသည့် အခါတိုင်း အဲဒီကတစ်ဖန် ဆက်နွယ်ပြီး သတိရမိ တမ်းတမိတတ်ပြန်သည်။

အခုတလော သက်မြတ်နိုး၏ အာရုံ အတော်များများကို ချစ်သူဘုန်းမြင့်မော်က နေရာယူလွှမ်းမိုးနေတတ်သည်။ အိပ်မပျော်သည့်ညတွေ များလာသည်နှင့်အမျှ...၊ အဲဒီလို



ညတွေမှာ ဘုန်းမြင့်မော်၏ပုံတူပန်းချီကားနှစ်ချပ်ကို ဖုံးကာထားသည့် ပဝါစများ ဖယ်ရှားပြီး တမ်းတလွမ်းမောစွာ တွေကြည့်နေမိသည့် သက်မြတ်နိုး။ 'ပဲပြုတ်ယူကြဦးမလား၊ ပဲပြုတ်'ဟု စူးစူးရှရှ ကျယ်လောင်စွာ အော်လိုက်သော အသံကြားမှ ဖျတ်ခနဲသတိဝင်လာတတ်ပြီး ဂျူတီချိန်အမီ ဆေးရုံသွားနိုင်ဖို့ ကသုတ်ကရက် လှုပ်ရှားရပြန်သည်။

ဆေးရုံကြီး၏ အလယ် ဂိတ်ပေါက်နားမှာ ဟိုတုန်းက မှတ်မှတ်ရရ အတူသွားခဲ့ကြတာတွေကို ပြန်မြင်ယောင်နေမိသလို သက်မြတ်နိုး ကိုထွင့်ခေါင်နှင့် လက်ထပ်ပြီးစ ရက်ပိုင်းအတွင်းက ဒီနေရာလေးမှာပဲ ဘုန်းမြင့်မော်နှင့် မမျှော်လင့်ဘဲ တွေ့ဆုံရင်ဆိုင်ခဲ့ရတာကိုလည်း မမေ့နိုင်သေးပါ။

အဲဒီတုန်းက သက်မြတ်နိုးက အရင်လှမ်းမြင်လိုက်ခြင်း ဖြစ်သည်။

"ဟင်– ကိုကို၊ ကိုဘုန်းရေ၊ ကိုဘုန်း"

ပထမတော့ သူ့ ရှောင်ထွက်ပြေးဖို့ကြိုးစားသေးသည်။ ဒါပေမဲ့ ပတ်ဝန်းကျင်မှ လှေလာစူးစမ်းနေသော အကြည့်များကြောင့် ရုပ်ပျက်ဆင်းပျက် မဖြစ်ရအောင် သူ ရပ်စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုးနိုးကို ဘာလို့ရှောင်နေတာလဲ ကိုကိုရယ်၊ နိုးနိုး ကိုကို့ကို ရှင်းပြချင်လို့ လိုက်ရှာပါသေးတယ်၊ ကိုကိုက"

"ရှင်းနေပြီးသားကို ရှုပ်ထွေးအောင် ရှင်းပြမနေပါနဲ့တော့ဗျာ၊ တော်ပါတော့"

သူ့ရင်ထဲက မီးတောက်တွေ၊ မျက်ဝန်းထဲက နာကျင်မှုတွေ၊ သူ့ရဲ့ နှုတ်ဖျားက ပွင့်အန်လာတဲ့ ချော်ရည်ပူတွေ။

"မဟုတ်သေးဘူး ကိုကိုရယ်၊ နိုးနိုး အစအဆုံးရှင်းပြမှ ကိုကို သဘောပေါက်လာမှာမို့ပါ၊ ခဏလေး စိတ်ရှည်ရှည်ထားပြီး သည်းခံနားထောင်ပေးပါနော်"

"တော်ပါတော့ဗျာ၊ တော်ပါတော့၊ ရက်စက်တယ်ဆိုတဲ့ စကားရဲ့ သက်ရောက်မှုအားဟာ ဘယ်လောက် ပြင်းထန်စူးရှတယ်ဆိုတာ ကျွန်တော် လက်တွေ့သိလိုက်ရပါပြီ ဆရာဝန်မကြီး ဒေါ်သက်မြတ်နိုးရယ်၊ အဲဒီအတွက် လောင်ကျွမ်းကျန်ရစ်ခဲ့တဲ့ ပြာပုံလေးကိုကြည့်ပြီး ခင်ဗျား ကျေနပ်ပါ၊ ပျော်ပါ၊ ပျော်ရွှင်မှုတွေနဲ့ တည်ဆောက်လိုက်တဲ့ ခင်ဗျားတို့ရဲ့ အိမ်ထောင်ရေး သာယာချမ်းမြေ့ပါစေလို့ ကျွန်တော် ဆုတောင်းပေးခဲ့ပါတယ်"

ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်သွားသော ဟုန်းမြင့်မော်၊ သက်မြတ်နိုး ဆုပ်ကိုင်ဆွဲထားဆဲ သူ၏ ညာဘက်



လက်ကို ဆောင့်ရုန်းထွက်သွားသဖြင့် သက်မြတ်နိုး ယိမ်းယိုင်ကျန်ရစ်ခဲ့သည်။

နာကျင်မှုများမှ အသွင်သဏ္ဌာန်ပြောင်းလဲသွားသော နာကျည်းမှုများသည် ပို၍ ပြင်းထန် ကြောက်စရာကောင်းလှ၏။

တုန်ခါလှိုင်းတစ်ခုထဲမှာ ကြေမွသွားခဲ့သော ချစ်ခြင်းများကို တစ်စစီကောက်ယူ ဆက်စပ်ကြည့်ပေမယ့်လည်း ဘယ်လိုမှ ပီပြင်လာမည် မဟုတ်တော့ပါ။

ကျောခိုင်းသွားတဲ့ ကိုကို့ရဲ့ ကျောပြင်ကို နောက်ဆုံး မြင်လိုက်ရတဲ့ ဒီနေရာလေး။ ဒီဂိတ်ပေါက်ကဝင်၊ ဒီနေရာလေးကိုရောက်တိုင်း မျက်ရည်တစ်ပေါက်ကို အမြဲတမ်း ဂိတ်ကြေးပေးခဲ့ရပေမယ့်လည်း ဒီနေရာလေးကပဲ ဖြတ်သန်းနေချင်မိသည့် ဆန္ဒကိုတော့ ဘယ်လိုမှ တားဆီးလို့ မရနိုင်ပါ။

ဆေးပညာမဟာသိပ္ပံတန်း [M.Med. Sc. (Int. Med)] ဝင်ခွင့် (Entrance) စာမေးပွဲအောင်စာရင်း ထွက်သည့်နေ့က လှေကားတစ်တစ်၏ နူးညံ့နွေးထွေးမှုကို ခံစားရင်း ပျော်ရွှင်ကြည်နူးမှုတွေထဲမှာ တမ်းတခြင်းတွေ ပါလာခဲ့ပြန်သည်။ ကြော်ငြာ သင်ပုန်းကြီးပေါ်တွင် ကပ်ထားသော အောင်စာရင်းစာရွက်ကို ဖောက်ထွင်းလျက် ရွှန်းလဲ့ရီဝေနေသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများနှင့် (Congratulation) ဟု ပြောလိုက်သော သူ့မျက်နှာလေးကို မြင်ယောင်နေမိသည်။ ဒီအချိန်မှာ သူမ၏ချစ်သူ ဘယ်ရောက်နေသလဲ။ ဘယ်မြို့ ဘယ်ရွာမှာ Posting (တာဝန်ချထားခြင်း) ကျနေသလဲ။

ဟိုတုန်းက 'ကိုယ့်ရည်မှန်းချက်ကလေ Further study (နိုင်ငံခြားပညာတော်သင်) အဖြစ် သွားနိုင်ဖို့က ပထမအဆင့်၊ ကိုယ်တတ်တဲ့ အဆင့်မြင့်ပညာရပ်တွေနဲ့ လူနာတွေကို အလုပ်အကျွေးပြုနိုင်ဖို့က ဒုတိယအဆင့်၊ အခု ကိုယ်တို့အောင်တဲ့ (M.B.,B.S.) ဘွဲ့ဟာ ဆယ်တန်းအောင်သလိုပဲ၊ လှေကားထစ်ပေါ်ကို ပိုင်ပိုင်နိုင်နိုင် ခြေမချနိုင်သေးတဲ့ Pre: (အကြို) အဆင့်လောက်ပဲရှိသေးတယ် နိုးနိုးရဲ့' လို့ ရည်မှန်းချက်ကြီးစွာ အားခဲထားသော ဘုန်းမြင့်မော်။ စိတ်တောလေ ဟင်းလင်းပြင်ထဲမှာ လွင့်မျောပျောက်ဆုံးနေခဲ့ပြီလား။ တကယ်တော့ သူမ၏ ချစ်သူသည် မျက်ရည်မြစ်ထဲမှာ အချစ်လှေတစ်စီးနှင့် ရေစုန်မျောတတ်သော အခြေယိုင်သည့် ခပ်ညံ့ညံ့ လူစားမျိုးတော့ မဟုတ်နိုင်ပါ။

ဆေးပညာမဟာသိပ္ပံသင်တန်း စရတက်ရသည့် ရက်တွေမှာ သူ့ကိုပဲ စူးစူးနစ်နစ် သတိရနေဖြစ်၏။



၂

တစ်သက်တာ ဘယ်လိုမှ ပြန်လည် ဆုံတွေ့နိုင်တော့မည် မဟုတ်ဟု ထင်မှတ်ထားခဲ့သော ချစ်သူကို မမျှော်လင့်ဘဲ မျက်နှာချင်းဆိုင် ဘွားခနဲ ဆုံတွေ့မိကြသောအခါ....။

ရင်တစ်ခုလုံး ပွင့်ထွက်သွားမတတ် အံ့ဩတုန်ခါသွားရသလို....၊

အိပ်မက်ထဲမှာ လမ်းလျှောက်ခဲ့ရသလို....၊

မျက်ရည်စလေးတွေထဲက အလင်းရောင်တစ်ချက် ပြက်ခနဲလင်းလက်ဝင်းပသွားသလိုလို....။

ကာလကြာမြင့်စွာ ပျောက်ဆုံးနေခဲ့သော အမြတ်နိုးဆုံး ပစ္စည်းလေးတစ်ခုကို ရုတ်တရက် ကောက်ရလိုက်သည့် ကလေးငယ်တစ်ယောက်၏ ဝမ်းသာပီတိမျိုး၊ သက်မြတ်နိုး၏ နှလုံးသားမှာ ရိုက်ခတ် ခံစားလိုက်ရသည်။

ဆေးရုံအုပ်ကြီးရုံးခန်းသို့ လကုန်ရက်က တာဝန်များနှင့် ပိပြား မအားမလပ်ဖြစ်နေရသဖြင့် ယနေ့မှ လစာထုတ်ရန်အသွား၊ ဓာတ်ရောင်ခြည်ဌာန ပေါ်တီကိုအောက်သို့အဝင်၊ အထဲမှ ထွက်လာသော 'သူ' နှင့် မျက်နှာချင်းဆိုင် ရင်ချင်းတိုက်မိမတတ် ဖြစ်သွားရသည်။ အဲဒီ နေရာလေးမှာ အတော့်ကို မှောင်နေသော်လည်း 'သူ' မှ 'သူ'။ သိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်။ သူမ ရင်းနှီးကျွမ်းဝင်ပြီးသား ကိုယ်သင်းရနံ့နှင့် ဗိုအားပြင်းသော လျှပ်စီးလှိုင်းတစ်ခုက သူမ၏ နှလုံးသားအား ရုတ်ခြည်း ဆုပ်ဆွဲ ခါယမ်းပစ်လိုက်၏။

သူမ တုန်လှုပ်ချောက်ချားစွာ၊ စိုးရွံ့ထိတ်လန့်စွာ၊ ပြီးတော့ ဝမ်းသာ တုန်ယင်စွာ။

"ကိုကိုရေ ကိုကို၊ အဲ- ကိုဘုန်း၊ ဟိုလေ ကိုဘုန်းမြင့်မော်"

"ဟာင် နီးနီး၊ ကိုယ့်စိတ်ထဲမှာ တွေ့လိမ့်မယ်လို့ထင်တော့ ထင်သား၊ နီးနီး ဘာလာလုပ်တာလဲ၊ နေကောင်းရဲ့လား၊ တော်တော်ပိန်သွားတယ်နော်"

"နီးနီး နေကောင်းပါတယ်၊ နီးနီးလေ ကိုဘုန်းမြင့်မော်ကို ဟို ဟို"

ရက်ရှည်လများ မျိုသိပ်သိမ်းဆည်းထားခဲ့ရသော စကားလုံးများက လည်ချောင်းဝမှာ တစ်နေ၏။ ရင်ထဲမှာတော့ တင်းကျပ်ဆို့နင့်လျက်။ ဘယ်ကစပြီး ဘယ်လိုပြောရမှန်း မသိ။

"ကဲပါ နီးနီးရယ်၊ ချယ်ရီမှာ အအေးသွားသောက်ရင်း စကားပြောကြတာပေါ့၊ နီးနီး ခဏလေး အချိန်ရတယ်မဟုတ်လား၊ နီးနီးပြောပြချင်တာတွေ ပြော၊ အကုန်သာပြော၊



ကိုယ်နားထောင်မယ်၊ ကိုယ့်မှာလည်း ပြောချင်တာတွေ အများကြီးရှိတယ် နီးရယ်'

ဆေးရုံကြီးအလယ်ပေါက်ကထွက်၊ လမ်း ၃၀ တစ်လျှောက်....၊ ဆေးရုံကြီးဘက် ပလက်ဖောင်းပေါ်မှာ သူနှင့်ယှဉ်တွဲလျက်....။ (အမှတ်ရစရာ) ဆေးကျောင်းရှေ့ကိုဖြတ်သန်း....၊ ကျော်လွန်သွားပြီး....။ 'ထိုင်လေ နီးနီး' ဆိုမှပဲ 'ချယ်ရီ' အအေးဆိုင်ထဲ ရောက်နေကြောင်း သတိထားမိသည်။ ကိပ်တိုက်နုနုရွရွပေါ်မှာ ဖွဖွလေး လျှောက်လှမ်းလာမိဘာ။ ဘုန်းမြင့်မော်က သူမ၏ လက်ဖဝါးကို တင်းကျပ်စွာ ဆုပ်ကိုင် ခေါ်ယူခဲ့တာ။ တိမ်ချိုင့်တွေထဲမှာ ခြေအချိုးပ်ခနဲ ရိုပ်ခနဲ ရင်ထဲမှာ လှိုက်ဖိုခဲ့ရတာ။ ဝေဝေဝါးဝါး မိုးသားထုက လျှင်မြန်သောနှုန်းထားဖြင့် သူမအား ထိုးဖောက်ဖြတ်သန်း သွားခဲ့ ဘာ။ သူမ အိပ်မက်ထဲမှာ လမ်းလျှောက နေတာလား။ ဇဝေဇဝါအတွေး၊ မှုန်ဝါးဝါးမြင်ကွင်း။

"ကဲ၊ ပြောတော့ နီး"

"နီးနီးလေ၊ အဲ- ဟို- ကျွန်မ ဘယ်ကစပြောရမှန်းတောင် မသိတော့ပါဘူး၊ ကျွန်မ ရင်ထဲက သိပ်ကို ပြောပြချင်ခဲ့မိတာ၊ အခု 'ပြော' ဆိုတော့လည်း ဟို၊ ဘာပြောရမှန်းတောင် မသိတော့ဘူး၊ အားလုံးဟာ ကျွန်မရဲ့ အပြစ်တွေပါပဲရှင်၊ ကျွန်မကိုခွင့်လွှတ်ပါလို့ တောင်းပန်ခဲ့ရင် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မတရားဘူးဆိုတာ သိပေမယ့် ဟိုလေ၊ ကိုဘုန်းရဲ့ ခွင့်လွှတ်မှုဟာ ကျွန်မ ရင်ထဲက အလိုအပ်ဆုံး ဆန္ဒတစ်ခုပါပဲ”

“ဟင် ....၊ ကိုယ် နိုးနိုးကို ခွင့်လွှတ်ပြီးသားပါ၊ တကယ်တော့ နိုးနိုးတစ်ယောက်တည်းရဲ့ အပြစ်ချည်းလည်း မဟုတ်ပါဘူး၊ ဒီကိစ္စမှာ ကိုယ့်တာဝန်လည်း မကင်းပါဘူးကွာ၊ ပတ်ဝန်းကျင်က ရိုက်ခတ်လာတဲ့ တွန်းအားပေးမှုတွေကို ကိုယ် တကယ်ယုံခဲ့မိတာကိုး၊ ကိုယ် မှတ်မိနေပါတယ်၊ ‘ဘယ်လိုလဲ’ဆိုတဲ့ ပြောင်ချော်ချော် အကြည့်တွေကြောင့် ကိုယ့်ရင်ထဲမှာ မီးလောင်နေတဲ့အချိန် နိုးနိုး ချိန်းဆိုထားတဲ့ အတိုင်း အဆောင်ရှေ့မှ ကိုယ်ထိုင်စောင့်နေခဲ့တာ နိုးနိုး ရောက်မလာခဲ့ဘူး၊ အဲဒီမှာ သန်းခေါင်ကျော်အထိ ကိုယ် တစ်ယောက်တည်း ငုတ်တုတ်”

ဘုန်းမြင့်မော်မှာကြားထားသော လိမ္မော်ရည်ပုလင်းများနှင့် ကြက်ဥပုတင်း စားပွဲပေါ်လာချပေးသည်။ ဘုန်းမြင့်မော်က နိုးနိုးရှေ့သို့ တိုးပေးလိုက်ရင်း သူကလည်း လိမ္မော်ရည်တစ်ပုလင်း လှမ်းယူပြီး တစ်ငုံစုပ်ယူလိုက်သည်။ ပြီးမှ သူ၏ စကားကို ပြန်ဆက်သည်။

“နိုးနိုးတို့ အဆောင်ရှေ့မှာ တစ်ယောက်တည်းစောင့်နေခဲ့ရတဲ့ အဲဒီအချိန်တွေဟာလေ ကိုယ့်ဘဝမှာ စိတ်ဓာတ် အကျဆင်းဆုံး၊ ဝမ်းနည်းကြေကွဲရဆုံး၊ စိတ်



အထိခိုက်ရဆုံးပါပဲ၊ နောက်တစ်နေ့မနက်မှာ ဂျူတီချိန်အမီ ရောက်မလာခဲ့တဲ့ နိုးနိုးအတွက် ကိုယ်တို့အားလုံး စိတ်ပူပြီး လည်ပင်းရှည်နေရတာ၊ ရောက်မယ့်ရောက်လာတော့ နိုးနိုးက ဗိုသီဖတ်သီ ပုံပျက်ပန်းပျက်၊ မျက်နှာမှာ သနပ်ခါးမရှိ၊ နှုတ်ခမ်းဆိုးဆေးမရှိနဲ့ ပြီးတော့ အဲဒီလူက ညနေပြန်လာကြိုမယ်လို့ ပိုင်စိုးပိုင်နင်း အော်သွားသေးတယ်၊ ကိုယ် ဘယ်လောက်ထိ ခံစားရမလဲဆိုတာ နိုးနိုး စဉ်းစားကြည့်၊ ဆက်ပြီးရင်ဆိုင်ဖို့ အင်အားမရှိတော့လို့ ကိုယ်အလောသုံးဆယ် ထွက်ပြေးခဲ့တာ၊ အဖြစ်မှန်ကို ဂဃနဏသိရအောင် ကြိုးစားဖို့အထိ သတ္တိမရှိခဲ့တာ ကိုယ့်အမှားပါပဲ နိုးရယ်၊ House Surgeon အပြီးမှာ ရန်ကုန်ကို သူငယ်ချင်းတွေစုပြီး ဆ.မ (ဆေးကုသခွင့်လက်မှတ်) သွားထုတ်ကြတော့ ဆွေဆွေဦးက ကိုယ့်ကို အကြောင်းစုံပြောပြတယ်၊ နိုးနိုးသူ့ဆီ မကြာမကြာလာပြီး ရင်ဖွင့်ရင်း ဝမ်းနည်းမျက်ရည်ကျတတ်ကြောင်း၊ နောက်ပြီး နိုးနိုးတို့ အိမ်ထောင်ရေး အဆင်မပြေဘဲအကြောင်း အကုန်ပြောပြပါတယ်ကွာ၊ ကိုယ် နိုးလေးကို သနားပြီး သိပ်ကို စိတ်ဆင်းရဲခဲ့ရပါတယ်”

သြော်– ကိုကိုရယ်၊ တစ်ချိန်တုန်းကသာ ပူလောင်ပြင်းပြသော ခံစားချက်တွေကို မျိုသိပ်ပြီး ပွင့်လင်းမှု ရှိခဲ့ကြမည်ဆိုလျှင်– အခုလိုမျိုး ....။ အို– အံရာရာသည် ပြီးဆုံးလွန်မြောက်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အခု ကိုဘုန်းက ဒီဆေးရုံကို ဘာလာလုပ်တာလဲ ဟင်"

"ကိုယ် ဘယ်မှာ Posting ကျနေသလဲ၊ အိမ်ထောင်ကျနေပြီလား ဆိုတာတွေ မမေးတော့ဘူးလား နိုးနိုး"

သူမ ရင်ခုန်သွားသည်။ လမင်းကြီး၏ ရင်ခုန်သံများကိုလည်း ကြားနေမိသည်။ ပျောက်ဆုံးသွားသော အကြည့်လေးများကို ဒီနေ့ ပြန်တွေ့ရ၏။

"ဒါက ကိုဘုန်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ ကျွန်မက အိမ်ထောင်သည်တစ်ယောက်မို့ ဒါတွေ မမေးသင့်ပါဘူးလေ"

"အိမ်ထောင်သည် မဟုတ်တော့ဘူး ဆိုရင်တော့ မေးလို့ ရနိုင်တယ်ပေါ့"

"ပိုပြီး မမေးသင့်တော့ဘူးလို့ ကျွန်မ ထင်ပါတယ်၊ ဘဝကပေးလာတဲ့အသိကြောင့် ပိုပြီး ထိန်းချုပ်ဖို့လိုအပ်နေပြီလေ၊ အခုလို နှစ်ယောက်တည်းအအေးဆိုင်ထဲမှာ အတူထိုင်နေကြတာကို တစ်ယောက်ယောက်ကများ မြင်သွားရင် နှစ်ယောက်လုံးအတွက်သိက္ခာကျစရာတွေ ဖြစ်လာဦးမှာ ကိုဘုန်းရဲ့၊ အဲကိုဘုန်းက အခုထိ အိမ်ထောင်မပြုရသေးတဲ့ လူပျိုတစ်ယောက်ပဲ ဖြစ်နေဦးမယ်ဆိုရင်တော့ ကိုဘုန်းအတွက် ပိုနစ်နာတာပေါ့ရှင်"



"တော်ပါတော့ နိုးနိုးရာ၊ အဲဒီ ကျဉ်းမြောင်းတဲ့ ပတ်ဝန်းကျင်ရဲ့ မျက်လုံးတွေကို သိပ်ဂရုစိုက်ခဲ့မိလို့ ကိုယ်တို့နှစ်ယောက် ကွဲကွာခဲ့ရတာ နိုးနိုးတို့ရဲ့ ကွာရှင်းပြတ်စဲခြင်းကြေညာချက်ကို သတင်းစာမှာ ကိုယ်ဖတ်လိုက်ရပါတယ်၊ ကိုယ်ကတော့ နိုးနိုးကို နှလုံးသားတစ်ခုလုံး ပေးလိုက်ပြီးသား၊ နောက်ထပ် ဘယ်သူ့ကိုမှ ချစ်လို့မရတော့ဘူး၊ ကိုယ် ခုချိန်ထိ လူပျိုပဲ၊ လွတ်လပ်တဲ့ယောက်ျားတစ်ယောက်နဲ့ လွတ်လပ်တဲ့ မိန်းမတစ်ယောက်ဟာ ကိုယ်ပိုင်ခံစားခွင့်နဲ့ လုပ်ပိုင်ခွင့် အပြည့်ရှိရမှာပေါ့ နိုးနိုးရဲ့"

"အမှန်တရားဆိုတာ တစ်ခါတလေ လူမှုရေးလောကထဲမှာ တိုင်းတာသုံးစွဲလို့ မရနိုင်ပါဘူး ကိုဘုန်းရယ်"

သူမ ခေါင်းငုံ့ပစ်လိုက်သည်။ သူမကိုယ်တိုင် နာကျင်စွာ လက်ခံခဲ့ရသော လောကကြီး၏ အစဉ်အလာ ပြဋ္ဌာန်းချက်တွေကို သူမ နှုတ်မှ မပြောချင်ဘဲပြောနေရသည်။

"ဟာ အဲဒီ လူမှုရေးလောကကြောင့်ပဲကိုယ့်ဘဝမှာ အကြီးမားဆုံး လက်လွှတ်ဆုံးရှုံးခဲ့ရတာ နိုးနိုး သိပါတယ်၊ ကဲပါ၊ ဒါတွေထားလိုက်ပါတော့၊ နိုးနိုးက မမေးလည်း ကိုယ့်အကြောင်းတွေ ပြောပြချင်လို့ ဒီကိုခေါ်လာတာ သိလား"

www.burmeseclassic.com

www.burmeseclassic.com



အခုလို ကိုကိုနှင့် ဒုတိယအကြိမ်မြောက် ပြန်လည်ဆုံဆည်းခွင့်ရခြင်းအတွက် သူမ ရင်မခုန်ရက်တော့ပါ။

"ကိုယ် ပဲခူးဆေးရုံမှာ Posting ကျတယ် နိုးနိုးရဲ့၊ အဲဒီကနေ ရန်ကုန် ဆေး (၁)မှာ M.Med.Sc. (Int. Med) အတွက် Entrance ဝင်ဖြေတာ အောင်သွားတယ်၊ ကိုယ့်ဖေဖေက မန္တလေးတိုင်းရုံးကိုပြောင်းရတာ ငါးလလောက်ရှိပြီ၊ အဲဒါကြောင့် ကိုယ်လည်း မန္တလေးမှာ M.Med.Sc Course ဆက်တက်ဖို့ transfer(ပြောင်းရွှေ့စာ) တင်လိုက်ရတာပေါ့၊ ခု ကိုယ်တို့မိသားစုအားလုံး မန္တလေး ပြောင်းလာကြပြီ၊ ကိုယ် M.U.I (ဖျားနာဆောင် ၁) မှာ ဂျူတီစဝင်ရမှာ၊ အဲဒီက ဆရာဝန်တွေစာရင်းမှာ နိုးနိုး နာမည်လည်း တွေ့ခဲ့တယ်၊ ကိုယ်နဲ့ နိုးနိုးအတွက် ဒီတစ်ခါတော့ ကံကြမ္မာက သဘောကောင်းသွားပြီနော်"

"ဟင်- တကယ်၊ ဟုတ်ရဲ့လား"

သက်မြတ်နိုး၏ ရင်ထဲက လျှံထွက်လာသော ပီတိအဟုန်ကို ဘယ်လိုမှ ဖုံးဖိ မရနိုင်ပါ။ ဒါပေမဲ့ တစ်ခုခုကို သတိရသွားသလို....၊ ခံစားလာရမည့် ဝေဒနာတွေကို အနီးကပ် ခေါ်ယူမိသလိုဖြစ်မှာ စိုးထင့်မိသည်။

"ဘာဖြစ်လို့ မျက်နှာပျက်သွားရတာလဲ နိုးနိုး"

"ဟို ဘာမှ မဖြစ်ပါဘူး၊ ဝမ်းသာလို့ပါ ကိုဘုန်းရယ်"



အမှန်တကယ်လည်း သူမစိတ်တွေ ယောက်ယက်ခတ် လှုပ်ရှားနေမိ၏။

သူမတို့၏ ပြန်လည်တွေ့ဆုံခြင်းသည် ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလား သူမ မဝေခွဲတတ်တော့ပါ။ ကြည်နူးရိပ်ပြေးနေတဲ့ နှုတ်ခမ်း နှစ်လွှာကိုတော့ သူမ မပြုပြင်နိုင်တော့ပါလေ။

'ကိုကိုရယ်'လို့ လှိုက်မောစွာ ရေရွတ်မြည်တမ်းမိလိုက်သည့် နှုတ်ခမ်း၏ အမှတ်တမဲ့နိုင်မှုအတွက် သူမ အချိန်မီ မထိန်းသိမ်းနိုင်ခဲ့ပါ။

အရာရာတိုင်းသည် နူးညံ့သိမ်မွေ့သောသဘောကိုဆောင်နေကြလေသလား၊ ကြည်ပြာရောင်အလင်းတန်းများနှင့် စိုလွင်သော အရောင်နုနုကလေးများကို သူမ ပို၍ကြည့်မြင်ခံစားတတ်လာသည်။ အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ ရှင်သန်နိုးထလာသော ရောင်နီသစ်များက သူမ တစ်ကိုယ်လုံးကို လွှမ်းခြုံရစ်ပတ်နေ၏။

## ၃

"နိုးနိုး ကင်တင်းမှာ ထမင်းသွားစားရင် ကိုယ့်ကို ခေါ်ဦးနော်၊ တစ်ယောက်တည်း ထွက်မသွားနဲ့ဦး ကလေးမ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်းမှာ ထမင်းဘူးပါလာတယ် မဟုတ်လား၊ ဘာဖြစ်လို့လိုက်နေဦးမှာလဲ"

"ဪ– နိုးနိုးနဲ့ အတူတူစားရအောင်ပေါ့၊ ဒီနေ့ နိုးနိုး သိပ်ကြိုက်တဲ့ ငါးခူစင်းကောဟင်း ပါလာတယ်၊ နိုးလေး ဖြစ်သလိုစားနေရတာ ကြာပြီ မဟုတ်လား၊ ဒါကြောင့် မေမေ့ကို ငါးခူစင်းကော စားချင်လိုက်တာဆိုပြီး ကိုယ် အတင်းချက်ခိုင်းခဲ့တာ နိုးရဲ့"

'အို'

မွေးညင်းဆံစလေးများ လူးလွန့်သွားသည်အထိ ဖျန်းခနဲ ကြက်သီးထသွားရသည်။

"ရပါတယ် ကိုဘုန်းရယ်၊ ကျွန်မ ဘဝကို ဒေါင်ကျကျ ပြားကျကျ ဘယ်လိုပဲ ဖြတ်သန်းရ ဖြတ်သန်းရ ခံနိုင်ရည် ရှိလာသလို ထမင်းနှစ်နပ်ကို ဝတ္တရားအရစားနေရတယ်လို့ အောက်မေ့ပြီး သိပ် မက်မက်စက်စက် မရှိတော့ပါဘူးရှင်"

"နိုးနိုးက မက်မက် မမက်မက် ကိုယ်ကတော့လေ နိုးနိုးကြိုက်တဲ့ အစာလေးများစားရတဲ့အခါ နိုးနိုးကို သတိရ တမ်းတပြီး သိပ်ကျွေးချင်တာပဲ၊ နိုးလေး မြိန်ရည်ယှက်ရည် စားနေတာကြည့်ပြီး ကိုယ့်ရင်ထဲမှာ တကယ် ချမ်းမြေ့တယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ ထမင်းအတူစားရအောင်နော်"



ချစ်သူအား ချစ်မြတ်နိုးစွာ ပြုံးကြည့်ရင်း သူမ ခေါင်းညိတ်ပြလိုက်မိသည်။ ကိုကိုရယ်....၊ ဟိုတုန်းက နှစ်ပေါင်းများစွာ စားအတူ၊ သွားအတူ၊ ဘဝဟောင်းကို လွမ်းမော တမ်းတမိသည်။ သူမက ချစ်သူပန်းကန်ထဲ ဟင်းတစ်ဖက် အမြဲဦးချတတ်သလို သူကလည်း သူမ ပန်းကန်ထဲအကောင်းဆုံး ဟင်းတစ်ဖတ်ကို ရွေးချယ်ထည့်ပေးတတ်မြဲ။ တစ်ခါတစ်ရံ အားမလို အားမရဖြစ်ကာ ပါးစပ်ထဲထိ အတင်းလိုက်ခွံ့ကျွေးသည့်အခါ အရှက်သည်းလျက် သူမ တွန်းဖယ်ပစ်တတ်သည်။ တယုတယ ဂရုစိုက်ခဲ့သော သူ၏ အကြင်နာလေးများ၊ ပြုံးစစနှင့် သူ၏ ပီတိမျက်နှာ၊ ယခုထိတိုင် သူမရင်မှာ နွေးထွေးလို့ကိုဖိုဆဲ။

"ဟင် ဘာလို့ မျက်ရည်ကျရတာလဲ နိုးနိုးရယ်"

"ဟို– ဘာမှ မဟုတ်ပါဘူး"

အတိတ်၏ ပုံရိပ်များက တစ်နေ့ထက်တစ်နေ့ သက်မြတ်နိုး၏ နှလုံးသားမှာ ပီပြင်ထင်ရှားလျက်။ ဘုန်းမြင့်မော်ကတော့ ပစ္စုပ္ပန် ရုပ်ပုံလွှာများကို နှစ်နှစ်ကာကာ ခြယ်မှုန်းလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ဒေါက် ဒေါက် ဒေါက်'

"မနက်စောစောစီးစီး ဘယ်သူများပါလိမ့်၊ ဘယ်သူ နေမကောင်းဖြစ်သလဲမသိဘူး"

နံနက်တိုင်းပြုနေကျ ဘုရားရှိခိုး၊ မေတ္တာပို့၊ ပုတီး စိပ်နေစဉ် (နားထဲမှာ စိမ်းနေသော) တီးတိုးညင်သာ တံခါးခေါက်သံကို ကြားလိုက်ရခြင်း ဖြစ်၏။ ခါတိုင်း ရပ်ကွက်ထဲမှ လူမမာများအတွက် ဆရာဝန်လာပင့်လျှင် ကြားနေကျ တံခါးခေါက်သံမှာ ဤသို့မဟုတ်ဘဲ အဆက် မပြတ် စူးရှကျယ်လောင်စွာ....။

သက်မြတ်နိုး တွေးတွေးဆဆနှင့် တံခါးကို အသာ ဖွင့်ကြည့်လိုက်သောအခါ။

"ဟင်– ကိုဘုန်း၊ ဘာဖြစ်လို့လဲ၊ စောစောစီးစီးကြီး ဘာဖြစ်လို့လဲဟင်"

"ဩော် စိတ်အေးအေးထားပြီး ဖြည်းဖြည်းမေးပါ နိုးရယ်၊ ကိုယ် ဘာမှမဖြစ်ပါဘူး၊ ဒီနေ့ ကိုယ်တို့နှစ်ယောက် လုံး Duty off လေ၊ ပြီးတော့ လပြည့်နေ့၊ အဲဒါ ကိုယ်တို့ ဘုရားကြီးသွားဖူးရအောင်၊ ပြီးတော့ မန္တလေးတောင် သွားမယ်၊ အင်ဒိုနီးရှားဒန်ပေါက် ၁င်ဝယ်သွားမယ်လေ၊ ရန်ကင်းတောင်မှာပဲဖြစ်ဖြစ် ကိုယ်တို့နှစ်ယောက် ဒန်ပေါက်နဲ့ ပျော်ပွဲစားကြတာပေါ့၊ အပြန်မှာ လမ်း ၈၀ က Green



Eye ဝင်ပြီး ဒိုမိနိုစားကြစို့၊ ပြီးရင် ညဈေးတန်းမှာ နိုးနိုး စိတ်ကြိုက် စာအုပ်အဟောင်း ဝင်မွှေလေ၊ ကိုယ် စိတ်ရှည် လက်ရှည် စောင့်ပေးမယ်၊ ဟုတ်ပြီလား"

"အမလေး၊ ကိုဘုန်း အစီအစဉ်တွေက များလှချည် လား၊ ဒါများ မနေ့ညနေကတည်းက မှာလိုက်ရင် နိုးနိုး အဆင်သင့်စောင့်နေနိုင်တာပေါ့၊ အခုတော့ နိုးနိုး ရေတောင် မချိုးရသေးဘူး၊ အဝတ်တွေလည်း လျှော်ရဦးမယ် ကိုဘုန်းရဲ့"

"ဟာ– နိုးနိုးကလဲအဝတ်လျှော်တာ အသာထား၊ အခု ရေသွားချိုးချည်၊ ကိုယ် ဒီမှာထိုင်စောင့်နေမယ်၊ ရတယ်နော်"

"အို– ကိုဘုန်းကလဲ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ဟိုလေ၊ ဝင်းသီတာ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် သောက်ရင်း စောင့်နေပါနော်၊ ကျွန်မ မြန်မြန်ရေမိုးချိုး၊ သနပ်ခါးလိမ်းပြီး လာခဲ့ပါ့မယ်"

"ဩော်– နိုးနိုးရယ်၊ မနေ့ညနေက ကိုယ့်မားသားကြီး (Mother) က ဈေးဝယ်လာရင်း ကိုယ့်ကို ဝင်ခေါ်သွားတာနဲ့ ကိုယ် စောပြန်သွားခဲ့ရတာ၊ ဒါကြောင့် နိုးကို ဘာမှ မမှာခဲ့နိုင်ဘူး၊ ကဲပါ နိုးနိုးပြောသလိုပဲကိုယ် ဝင်းသီတာ ကနေ သွားစောင့်ပေးပါ့မယ်၊ သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်စဉ်က တွေ့လိုက်ရသော ပြုံးပျော်ရွှင်မြူးလျက် တက်ကြွမှုအပြည့်ဖြင့် ချစ်သူ ကိုကို့မျက်နှာလေး ပျက်ယွင်းအိုစာသွား ရသည့်အတွက် စိတ်မကောင်းဖြစ်ရသည်။ သူမ၏ ချစ်သူမှာ- ဟိုတုန်းက နှစ်ပေါင်းများစွာ သူမတို့ ချစ်သူနှစ်ဦး ရင်ခုန်ကြည်နူး အတူလည်ပတ်ခဲ့ဖူးသော နေရာများကို တစ်ပတ်ကျော့လိုခြင်းပင်။ သူမမှာတော့ သူနှင့် ဒုတိယအကြိမ်မြောက် ဆုံဆည်းခွင့်ရခြင်းအတွက် လွတ်လပ်ပေါ့ပါးစွာ ရင်မခုန်နိုင်တော့ပါ။ ကိုကို့အတွက် သူမ ရင်မခုန်ရက်တော့ပါ။ ကိုကို့ကို အားနာနေပါလျက် ကိုကို၏ အချိန်ပြည့် ချဉ်းကပ်မှုကို သူမ ဥပေက္ခာမပြုနိုင်ခဲ့ပါ။ အချစ်ဆုံးနှင့် အချစ်ဦးဖြစ်သူကိုကို့အတွက် သူမ၏ နွမ်းကြေကုလုဘဝကို ပြန်လည်ပြုစု ပေးသင့်သေးတာပါပဲ။ ကိုကို့ကို သူမ ဘယ်လိုရှောင်ဖယ်နိုင်ပါ့မလဲ။ မိမိတစ်ဦးတည်းနေထိုင်သော အိမ်ခန်းလေးထဲမှာမှတစ်ပါး ကိုကိုဟာ သူမ နှုတ်ကွဲမထွက်လာစေဖို့ ထိန်းချုပ် ပိတ်ဆီးထားရသည်မှာ ပင်ပန်းဆင်းရဲလိုက်သည့်ဖြစ်ခြင်း။

သက်မြတ်နိုးကို နာရီတကြည့်ကြည့်နှင့် လည်တဆန့်ဆန့် မျှော်ငေးနေရင်းက ဘုန်းမြင့်မော်တစ်ယောက် (ကိုယ့်ကိုယ်ကို အလွန်တန်ဖိုးထား ထိန်းသိမ်းကတ်သော) ချစ်သူကို စိတ်မဆိုးရက်ပါ။ သူကိုယ်တိုင်က ချစ်သူအတွက်



ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချခဲ့ပြီးဖြစ်သလို အဲဒီ ဆုံးဖြတ်ချက်တစ်ခုကို ဘာနဲ့ပဲလဲရ လဲရ၊ ဘယ်လိုပဲရင်းနှီးရ ရင်းနှီးရ၊ ပေးဆပ်ဖို့ အသင့်ဖြစ်နေပြီ။

သူ၏ မျက်စိလည်နေသော မျှော်လင့်ခြင်းများကို သူ့အမှန်တကယ် အကောင်အထည်ဖော်ရတော့မည်။ အဲဒီအတွက် သူ၏ ဆုံးဖြတ်ချက် ခိုင်မာနေရန်နှင့် သူ့မှာ သတ္တိအင်အားများ ပြည့်ဝနေရန်လိုအပ်ကြောင်း သူ ကောင်းကောင်း သိပါသည်။

အဲဒီနေ့က သက်မြတ်နိုးကို သူတော်တော်နှင့် ပြန်ခွင့်မပေးခဲ့။ ပေးမပြန်စေချင်ပါ။ ထို့ကြောင့် ဈေးချို ညဈေးတန်းမှာ ဝက်သားတုတ်ထိုး သွားစားကြရင်း နာရီစင် အရှေ့ဘက်တန်း ပလက်ဖောင်းပေါ်၌ ဖြန့်ခင်းရောင်းချနေကြသော စာအုပ်အဟောင်းဆိုင်များသို့ လျှောက်ကြည့်ကြသည်။ သက်မြတ်နိုးကတော့ သူမ၏ ဆေးခန်းမှာ စောင့်မျှော်နေကြတော့မည့် လူနာများအတွက် နောက်ဆံတငင်ငင်နှင့်။ ဒါပေမဲ့ သူ ငြိုငြင်သွားမှာ စိတ်အနှောင့်အယှက်ဖြစ်သွားမှာကိုလည်း သူမ စိုးရိမ်ပုံရသည်။ တို့အတွက် ချစ်ဦးသူလေး နိုးနိုးကို အလွန်ကျေးဇူးတင်မိ၏။

ဟိုအရင် လွန်ခဲ့သော နှစ်ပေါင်းများစွာကလည်း ဤနေရာလေးသို့ သက်မြတ်နိုးကို သူ မကြာ မကြာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးဖြစ်သည်။ ရှားပါးလှသော တန်ဖိုးမဖြတ်နိုင်သော စာအုပ်အဟောင်းလေးတွေကို တစ်ခါတစ်ရံ ရတတ်သည်။

ယခုလည်း 'အက်ဂါအယ်လင်ပိုး'၏ ကဗျာစာအုပ် တစ်အုပ်ကို သက်မြတ်နိုး တွေ့ရှိသွားသည်။ ဈေးမေးကြည့်တော့ ငါးကျပ်တန်တဲ့။ ဘုန်းမြင့်မော်ကလည်း ပြင်သစ်စာရေးဆရာတစ်ယောက် ရေးသားပြုစုထားသော 'ကမ္ဘာကျော် ပန်းချီဆရာကြီးများအကြောင်း' စာအုပ်ကို ကောက်တွေ့သွားသည်။ ဈေးကလည်း တစ်ရာအစိတ်သာ ဆိုရှာသည်။ ပန်းချီမြတ်နိုးသော သက်မြတ်နိုးကို သူအမှတ်တရ လက်ဆောင်ပေးလိုသဖြင့် လုံးဝ ဈေးမဆစ်တော့ဘဲ ဝယ်လိုက်၏။ အဲဒီအမှိုက်ပုံဘေးက စာပေဖြန့်ဖြူးရေး လမ်းကြောင်း တစ်ခုကို ငယ်စဉ်ကတည်းက နှစ်သက်ခဲ့မိသည်။ အဟောင်းဆိုင်ထဲက 'ရှားပါးတန်ဖိုးရှိ' စာပေတွေကို ဈေးပေါပေါနှင့် ဝယ်လို့ရတတ်ကြောင်း အသိတစ်ခု ခေါင်းထဲမှာ ရှိနှင့်ပြီး ဖြစ်သော်လည်း စာအုပ်အဟောင်းတစ်အုပ် ဝယ်ခါနီးတိုင်း သူ ဘယ်တော့မှ ဈေးမဆစ်ရက်ခဲ့ပါ။

စာအုပ်တစ်အုပ်၏ စာရွက်များ ကျိုးကြေနေရုံမျှနှင့် တန်ဖိုးထား မြတ်နိုးကောင်းသော အဲဒီစာအုပ်၏ မူသေ တန်ဖိုးတစ်ခုဟာ ဘယ်လိုမှ လျော့ကျသွားမှာမဟုတ်ဟု သက်မြတ်နိုးက သူမ၏ ယုံကြည်ချက်ကို ဖော်ပြဖူးသည်။



ဘုန်းမြင့်မော်ကလည်း စတိုးဆိုင်ကြီးများမှ မှန်ဘီရိုထဲမှာ အလှပြထားသော ထောင်နှင့်သောင်းနှင့်ချီ၍ ဈေးခေါ်တတ်သလို လူအများနှစ်နှစ်ခြိုက်ခြိုက် ဝယ်ယူလေ့ရှိသော (စကားမပြောတတ်သော) ကော်ပတ်ရုပ်များထက် တန်ဖိုးမြင့်မားသော စကားများစွာပြောတတ်သည့် အဲဒီ စာအုပ်အဟောင်းလေးတွေကိုပဲ တန်ဖိုးထား လိုချင်မိ၏။ သူနှင့် အတွေးအခေါ်၊ အယူအဆ ထပ်တူကျလေ့ရှိသော သက်မြတ်နိုးကို သူလက်လွှတ်ဆုံးရှုံးမခံနိုင်ပါ။ သက်မြတ်နိုးကဲ့သို့ ရှားပါးတန်ဖိုးရှိ မိန်းမတစ်ယောက်ကို အဟောင်းဆိုင်မှ အဟောင်းဈေးနှင့် ဝယ်ယူဖို့ သူ ကြိုးစားနေတာမဟုတ်ကြောင်း ပတ်ဝန်းကျင်သို့ ဘယ်လိုနားလည်စေရပါ့မလဲ။

သက်မြတ်နိုးကို သူ အသက်တမျှ ချစ်မြတ်နိုးသည်။ ဘယ်သူတွေကပဲ ငြိုငြင်မာန်ဖွဲ့နေပါစေ သူကတော့ သက်မြတ်နိုးမှ သက်မြတ်နိုး။သက်မြတ်နိုးကို သူ လက်ထပ်ယူမည်။ ဘယ်လို အခြေအနေမျိုးနဲ့ပဲဖြစ်ဖြစ်၊ သက်မြတ်နိုးကို လက်ထပ်မည်။ သူ၏ ဆုံးဖြတ်ချက်က တစ်နေ့တခြား ခိုင်မာစွာ။

၄

"တော်တော်လေးတော့ ရယ်ဖို့ကောင်းတယ်၊ ကိုယ့်ရည်းစားကို ကိုယ်ပြန်ပြီး ရည်းစားစကားပြောရတယ်လို့ မှန်ထဲကြည့်ပြီး ကိုယ့်ကိုယ်ကို စကားပြောနေရသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ ကိုဘုန်းရဲ့၊ ကိုဘုန်း ဘာဖြစ်နေတာလဲ"

"ကိုယ် နိုးနိုးကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ နိုးနိုး သိမှာပါ၊ နိုးလေးကို သိပ်ချစ်ခဲ့တဲ့ ကိုယ့်ရဲ့အချစ်တွေဟာ ခုချိန်ထိ တစ်စက်ကလေးမှ လျော့မသွားတဲ့အပြင် တိုးတိုးလာတယ်၊ အရင်တုန်းကတော့ အိမ်ထောင်ရေးဆိုတာကို တရားသေ မူတစ်ခုနဲ့ သတ်မှတ်ပြီး ကိုယ်တိုင်ရှာဖွေစုဆောင်းလို့ရတဲ့ ငွေကြေးဥစ္စာနဲ့ပဲ ထိုက်ထိုက်တန်တန် တည်ထောင်ကြမယ်လို့ မျှော်မှန်းခဲ့မိတယ်၊ ဒါပေမဲ့ လောကကြီးမှာ ကိန်းဂဏန်းတစ်ခုရဲ့ ခွင့်ပြုချက်၊ ကာလတစ်ခုရဲ့ အနေ့အမြန်ဆိုတာ ကိုယ်တို့မပိုင်တဲ့ ကိစ္စတွေပဲ၊ ခုတော့ ကိုယ်သဘောပေါက်သွားပါပြီ၊ နိုးနိုးကို ကိုယ် လက်ထပ်ပါရစေ"

"အို ကိုကိုရယ်"

ဘုန်းမြင့်မော်၏ ပခုံးစွန်းလေးပေါ် ခေါင်းလေးမှီတင်ထားသော သက်မြတ်နိုးမှာ သူမ၏လက်နှစ်ဖက်ဖြင့် ချစ်သူ၏ ညာလက်မောင်းကို ဆုပ်ယူဖျစ်ညှစ်ရင်း ရတ်တရက် ရှိုက်ကြီးတငင် ငိုချလိုက်တော့၏။ မျက်ရည်များက ဖြေမဆည်နိုင်....။ ဘုန်းမြင့်မော်က ချစ်သူ၏ မျက်ရည်စများကို တယုတယ သုတ်သင်ဖယ်ရှားပေးသည်။

"နိုးနိုး သိပ်ဝမ်းသာတာပဲ ကိုကိုရယ်၊ နိုးနိုး ဘယ်လောက်ပဲ တမ်းတခဲ့၊ တမ်းတခဲ့၊ ဘယ်လောက်ပဲမျှော်လင့်ခဲ့



မျှော်လင့်ခဲ့၊ ဘယ်တော့မှ ပြန်မရနိုင်တော့ဘူးလို့ ထင်မှတ်ထားခဲ့တဲ့ ကိုကို့ရဲ့ မေတ္တာကို နိုးနိုး တကယ်ပဲပြန်ရတယ်နော်၊ နိုးနိုး ရင်ထဲမှာ ဟို- ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး ကိုကိုရယ်"

ဝမ်းသာကြည်နူးမှု လှိုင်းထဲမှာ မူးမေ့လွင့်မျောသွားရင်း သူမ ရပ်တည်နေရသော လောကားတစ်ထစ်၏ တန်ဖိုးနှင့် သိက္ခာကို ပြန်လည် အမှတ်ရလိုက်မိသည်။ အကာအရံမဲ့၊ လေပြင်းတွေထန်နေသော အဲဒီ လှေကားထစ်ပေါ်သို့ သူမ၏ ချစ်သူကို ဆွဲခေါ်ခဲ့လျှင်....။

"ဟင့်အင်း မဖြစ်နိုင်တော့ပါဘူး ကိုကိုရယ်၊ ကျွန်မက အရင်နိုးနိုးမှ မဟုတ်တော့တာ၊ အခု နိုးနိုးက တစ်ခုလပ်မ ဖြစ်နေပြီ၊ အမှန်အတိုင်းပြောရရင် ကိုကိုနဲ့ပတ်သက်ပြီး ကျွန်မ ရင်ခုန်မိတာတောင် အားနာဖို့ကောင်းနေပါပြီရှင်"

"အလကား အတွေးတွေ ခေါင်မနေစမ်းနဲ့ နိုးနိုး၊ အရင်တုန်းက အခြေအနေမှန်ကို မသိရဘဲခွဲခွာသွားကြရတာအတွက် ကိုကို စိတ်ထိခိုက်ခဲ့ရပြီးပြီနော်၊ ဒီတစ်ခါ တန်ဖိုးရှိတဲ့အချိန်တွေကို အကုန်မခံနိုင်တော့ဘူး နိုးနိုးရယ်၊ ကိုကိုတို့ အမြန်ဆုံး လက်ထပ်ကြရအောင်ကွာ"

ကိုကို့ရင်ခွင်မှာ သူမ နားခိုခွင့်ရရေးအတွက် ကိုကို အားထုတ် ကြိုးပမ်းနေတာတွေ သိမြင်နေရလေ....၊ သူမ

www.burmeseclassic.com

www.burmeseclassic.com



ရင်နင့်လေ....၊ အတွေးတွေက သူမကို ရစ်ပတ်တုတ်နှောင်နေဆဲ....။

"ဖြည်းဖြည်း စဉ်းစားကြတာပေါ့ ကိုကိုရယ်"

"အို ပြောနေကြာတယ်၊ ကိုယ် ဒီညပဲ အိမ်ကို ဖွင့်ပြောလိုက်တော့မယ်၊ ဖေဖေနဲ့ မေမေကို နိုးနိုး မိဘတွေဆီမှာ လူကြီးစုံရာနဲ့သွားပြီး တောင်းရမ်းပေးဖို့ စီစဉ်လိုက်တော့မယ်"

သြော်– ကိုကိုကတော့ မျှော်လင့်တကြီးဖြင့် လျှင်မြန်စွာ ပြေးလွှားနေပြီ။ ကာလကြာမြင့်စွာ ရွှေ့လျားနေတဲ့ အချိန်တွေဟာ အသုံးမချတတ်ရင် အန္တရာယ်ရှိလာတတ်ကြောင်း ကုန်ဆုံးခဲ့တဲ့အချိန်များက သင်ခန်းစာ ပေးခဲ့ပြီပဲ၊ ဒါကြောင့်လည်း ဘုန်းမြင့်မော်မှာ ချစ်ဦးသူ သက်မြတ်နိုးအတွက် စက္ကန့်တိုင်းမှာ အားမာန်တွေအပြည့်။

## ၅

နောက်တစ်နေ့နံနက် ဘုန်းမြင့်မော် Ward ထဲတော်တော်နှင့် ရောက်မလာ။ နောက်မကျစဖူး နောက်ကျနေသဖြင့် သက်မြတ်နိုး စိတ်ပူနေမိသည်။ ပါမောက္ခ Round (လူနာဆောင်ထဲ လှည့်လည်စမ်းသပ်စစ်ဆေးခြင်း) ပြီးသည်အထိ သူ့ကို မတွေ့ရသေးပါ။ သူ ဘာဖြစ်နေပါလိမ့်။



အတော်လေး အချိန်နှောင်းမှ သူ ရောက်လာသည်။ ရောက်လာပြန်တော့လည်း သူ့မျက်နှာ မကောင်းလှပါ။

"ကိုဘုန်း ဘာလို့ နောက်ကျနေတာလဲဟင်၊ မျက်နှာလည်း မကောင်းဘူး၊ နေမကောင်းလို့လား၊ မှန်းစမ်း၊ ကိုယ်တော့ မပူပါဘူး"

"ဘာမှ မဖြစ်ပါဘူး နိုးနိုးရယ်"

သူက ဘာမှမဖြစ်ပါဘူးဟု ပြောလိုက်မှပင် သူ ဘာဖြစ် နေတယ်ဆိုတာ သက်မြတ်နိုးကောင်းစွာ သဘောပေါက်လိုက်သည်။

"မနေ့ညက ကိုဘုန်းအမေကို ဖွင့်ပြောမယ်ဆိုတာ ပြောဖြစ်လား"

"-----"

"ပြောပါဦး ကိုဘုန်းရဲ့၊ ကိုဘုန်းအမေကို ပြောဖြစ်သေးလား"

သူ ခေါင်းတစ်ချက် ညိတ်ပြသည်။ ပြီးတော့ ဘာစိတ်ကူးပေါက်သွားသည်မသိ သူ့ကို စူးစိုက်အကဲခတ်နေသော သက်မြတ်နိုး၏ လက်နှစ်ဖက်ကို ဆွဲယူဖျစ်ညှစ်လိုက်ပြီးမှ တဖြည်းဖြည်းချင်း ပြန်လွှတ်ပေးသည်။

'နိုးနိုး၊ ကိုယ်ပြောမယ် သေသေချာချာနားထောင်၊ ကိုယ်နဲ့နိုးနိုး နက်ဖြန် တရားရုံးမှာ လက်မှတ်ထိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ကြရအောင်၊ ပြီးရင် ကိုယ်တို့ အိမ်ခန်းလေးတစ်ခန်း ငှားနေကြမယ်၊ အချစ်အိမ်လေးပေါ့ကွာ၊ ကိုယ့်မှာ စုဆောင်းထားတဲ့ငွေက နိုးနိုးနဲ့ကိုယ် တစ်အိုးတစ်အိမ် ထူထောင်ဖို့အတွက် အထိုက်အလျောက်တော့ လုံလောက် ပါလိမ့်မယ်၊ ကိုယ်တို့"

"ခဏလေးနေပါဦး ကိုဘုန်းရယ်၊ ကိုဘုန်း မိဘတွေက ကျွန်မတို့ကို သဘောမတူနိုင်ဘူးလို့ ပြောလိုက်ပြီ မဟုတ်လားဟင်"

သူက ရုတ်တရက်အဖြေမပေးဘဲ သက်မြတ်နိုးနားသို့ သူ့ ကုလားထိုင်ကို အလွန်ပူးကပ်စွာ ရွှေ့ထိုင်လိုက်သည်။

"အဲဒါတွေက အရေးမကြီးပါဘူး နိုးနိုးရယ်၊ အဓိကက ကိုယ်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် တကယ်ချစ်ကြဖို့၊ အပြန်အလှန်သစ္စာရှိကြဖို့နဲ့ နားလည်မှုရှိကြဖို့ပဲလိုပါတယ်၊ ဒီတစ်ခါတော့ ကိုယ်တို့ သတ္တိရှိကြရအောင်နော်"

"ကိုဘုန်း အမေက အရမ်းစိတ်ဆိုးမှာပေါ့၊ တော်နေကြာ ပြဿနာတွေ တက်နေပါ့မယ်ရှင်"

"ပြဿနာမဖြစ်စေရပါဘူး နိုးလေးရဲ့၊ ကိုယ့်အမေက ကိုယ့်ကို သိပ်ချစ်တာ၊ လောလောဆယ် သွေးပူနေတုန်းမို့ မေမေက ပြောတာနေမှာပါ၊ နောက်တော့ မေမေ စိတ်ပြေ



သွားမှာပါ၊ ကိုယ်တို့ သားတွေ သမီးတွေ ရလာတဲ့အခါကျ ပိုနားလည် သဘောပေါက်လာပါလိမ့်မယ်ကွာ"

"အဲလိုဆိုလည်း ကိုဘုန်းရယ်၊ ကိုဘုန်းအမေ နားလည် သဘောပေါက်လာတဲ့အထိ စောင့်ကြတာပေါ့နော်၊ ဒီကြားထဲမှာ ကိုဘုန်းက ကိုယ့်အမေကို တဖြည်းဖြည်း ချော့မော့စည်းရုံးပေါ့၊ အားလုံးကျေကျေနပ်နပ်နဲ့ စိတ်ချမ်းချမ်းသာသာ ဖြစ်သွားတော့ ပိုကောင်းတာပေါ့၊ မဟုတ်ဘူးလား"

သူက ခေါင်းတခါခါ။ သက်မြတ်နိုး ငေးမောရပါသည်။

"မဟုတ်ဘူး နိုးနိုး၊ အချိန်ဆွဲလို့ လုံးဝမဖြစ်ဘူး၊ ကိုယ်တို့အမြန်ဆုံး လက်ထပ်ထားကြမှဖြစ်မှာ၊ မေမေတို့က သူတို့ မိတ်ဆွေရဲ့ သမီးတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်နေကြပြီ"

သက်မြတ်နိုး အံကို တင်းတင်းကြိတ်လိုက်သည်။ ပြီးတော့ အားယူ၍ တစ်ချက်ပြုံးလိုက်သည်။

"ကျွန်မ သိပါပြီ၊ ကိုဘုန်းအမေတို့က ကိုဘုန်းနဲ့ ပေးစားချင်တယ်ဆိုတဲ့ မိန်းကလေးက အပျိုစင်လေး မဟုတ်လား ဟင်"

'အင်း....၊ အပျိုပေါ့ နိုးနိုးရယ်၊ မန္တလေး တက္ကသိုလ်က မဟာသိပ္ပံ အောင်ပြီးစပဲ ရှိသေးတယ်တဲ့၊ သူ့ အမေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့် အမေက သူငယ်ချင်းတွေတဲ့၊ ကိုယ်တို့ မန္တလေးပြောင်းလာခါစမှာ သူ့အဖေက တော်တော်ကူညီခဲ့တာတဲ့ကွာ၊ မေမေကတော့ အဲဒီကောင်မလေးကိုပဲ အတင်းသဘောတူနေတော့တာပဲ”

“ကောင်းသားပဲကိုဘုန်းရဲ့၊ တော်တော်လှလားဟင်”

“ကိုယ် စိတ်မဝင်စားပါဘူးကွာ၊ နိုးနိုး ဓာတ်ပုံကိုကြည့်ပြီး ဖေဖေကတော့ ပြောပါတယ်၊ မေမေ့ ကောင်မလေးထက် သာတယ်တဲ့၊ သားနဲ့ ဆရာဝန်ချင်းတူတူဆိုတော့ ရှေ့သွားနောက်လိုက်ညီပြီး ပျော်စရာလည်း ကောင်းမှာပဲတဲ့၊ အင်း– တစ်ခုလပ်တစ်ယောက် မဟုတ်ဘဲအပျိုစင်သာဖြစ်ရင် သိပ်ကောင်းမှာပဲကွာတဲ့၊ ဖေဖေကတော့ သိပ်မထန်လှပါဘူး၊ မေမေလည်း နောက်တော့ ပျော့ပြောင်းသွားမှာပါ”

နာကျင်လှသော အပြုံးတစ်ချက်၏ နောက်ကွယ်မှ ပြတ်ရှချွန်ထက်သော ကောက်ချက်တစ်ခုတော့ သူမ ပေးဆပ်ရတော့မည်။

“ကဲပါ ကိုဘုန်းရယ်၊ သိပ်လဲ စိတ်မလောပါနဲ့ဦး၊ ဒီတစ်ညတော့ ကျွန်မစဉ်းစားဖို့ အချိန်ပေးဦးနော်၊ မနက်ဖြန်မှာ ကျွန်မတို့ ဆက်ပြီး ဆွေးနွေးကြတာပေါ့ ဟုတ်ပြီလား”

ညနေ ဂျူတီချိန်ပြီးလို့ နွမ်းလျပျော့ခွေ အိမ်အပြန်ခရီးမှာ လေဖြတ်ထားသလို လေးကန်ထိုင်းမှိုင်းနေကြသည့်



ခြေထောက်နှစ်ချောင်းကို မနည်း အားယူ ဒရွတ်ဆွဲလှမ်းရင်း ဂိတ်ပေါက်ဝကို ကျော်ဖြတ်လာကတည်းက ဝေ့သီဝဲကျလာသော မျက်ရည်စများကို လွှတ်လပ်ခွင့်ပေး ထားလိုက်မိ၏။ တစ်ပေါက်ပေါက် စင်ကျလာသော မျက်ရည်စများက တစ်စက်– နှစ်စက်–– သုံးလေးစက်–––– အတားအဆီး မရှိ ကြွေကျကျန်ရစ်သည်။ ကျချင်သလောက် ကျလိုက်စမ်းပါ။

အခုအချိန်မှာ လမ်းလျှောက်ခြင်း ဒဿနများကို သူမ မေ့လျော့သွား၏။ ဝန်ထုပ်ဝန်ပိုး တစ်ခု၏ ဖိစီးထားခြင်းကို သူမ တနင့်တပိုး လက်ခံနေရသည်။

ပန်းချီကားတစ်ချပ်၏ အနားသတ်များကို ဘာဆေးရောင် ခြယ်ပေးသင့်တယ်ဆိုတာ.... သက်မြတ်နိုး ရွေးချယ် ထားသင့်တာပေါ့။

၆

‘ဒေါက် ဒေါက် ဒေါက်’

အတွေးများနှင့် ရန်ဖြစ်နေရ၍ ညဟုန်းက တော်တော်နှင့် အိပ်မပျော်ခဲ့သော သက်မြတ်နိုးလည်း တံခါးခေါက်သံကြားမှ ဖျတ်ခနဲလန့်နိုးလာရသည်။ နေမင်းကြီးပင် အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ ကောင်းစွာ တက်မလာသေး။ အလင်းရောင်က ခပ်ပျပျပင်။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါက် ဒေါက် '

တီးတိုးညင်သာ တံခါးခေါက်သံကြောင့် သက်မြတ်နိုးရင်ထဲမှာ လှုပ်ခတ်သွားသည်။ သူပဲဖြစ်မည်။

"အို ကိုဘုန်း၊ စောစောစီးစီး ဘယ်လိုဖြစ်လာပြန်တာလဲ"

"ကိုယ် စိတ်တွေ သိပ်လှုပ်ရှားနေတယ် နိုးနိုးရယ်၊ တစ်ညလုံး နိုးနိုးနဲ့ အချစ်အိမ်လေးထဲမှာ သားတွေ သမီးတွေကို ဘယ်လို ပြုစုပျိုးထောင်ကြမယ်ဆိုတာ စိတ်ကူးတွေယဉ်ပြီး အိပ်လို့မပျော်ဘူး၊ စိတ်ထဲမှာလည်း တစ်ခုခုကို စိုးထင့်နေသလိုမျိုး ခံစားနေရတယ်၊ နိုးနိုး မျက်နှာမြန်မြန်သစ်ကွာ၊ ကိုယ် လက်ဖက်ရည်ဆိုင်က စောင့်နေမယ်"

"ဖြစ်ရလေ ကိုကိုရယ်"

သူမ၏ နှလုံးသားကို ဗဟိုပြု၍ တုန်ခါနှုန်းများသော လျှပ်လှိုင်းတစ်ခု ရိုက်ခတ်သွားသည်။

သက်မြတ်နိုး ပျာယီးပျာယာ မျက်နှာသစ်လိုက်ပြီး သူ့နောက်သို့ အမြန်ဆုံး လိုက်လာခဲ့သည်။ ဝင်းသီတာ လက်ဖက်ရည်ဆိုင်ရောက်တော့ လက်ဖက်ရည်နှစ်ခွက်ရှေ့မှာ ဘုန်းမြင့်မော်က ခေါင်းကြီးငိုက်စိုက်ချလျက်။

"ကိုဘုန်း လက်ဖက်ရည်သောက်လေ"



"နိုးနိုး ရောက်လာပြီလား၊ လက်ဖက်ရည်နဲ့ မုန့်မှာပေးထားတယ်၊ မြန်မြန်စား မြန်မြန်သောက်၊ ပြီးရင် တစ်နေရာ သွားစကားပြောရအောင်"

"အင်းပါ ကိုဘုန်းရယ်၊ ကိုဘုန်းလည်း သောက်ပါဦး"

တစ်ချက် တစ်ချက် ခိုးကြည့်ရင်း သက်မြတ်နိုး မျက်နှာပေါ်မှာ သူ့ အမြေရှာနေ၏။ လက်ဖက်ရည် သောက်ပြီးတာနှင့် သူမလက်ကို ခပ်သုတ်သုတ်ဆွဲခေါ်လာခဲ့သည်။

မင်္ဂလာတံတားအနီးရှိ ကျုံးဘေး ထိုင်ခုံလေးပေါ်မှာ သက်မြတ်နိုးကို ထိုင်စေပြီး သူကတော့ သူမအနားမှာ မတ်တတ်ရပ်လျက် အပေါ်စီးမှ မိုးကြည့်နေသည်။

"ကိုယ်တို့ ဘယ်နေ့ လက်ထပ်ကြမလဲ နိုးနိုး၊ ဘယ်တရားရုံးသွားမလဲ"

"ကိုဘုန်း၊ ကျွန်မပြောတာကို သေသေချာချာ နားထောင်ပါနော်၊ ကျွန်မ ကျွန်မ၊ ကိုဘုန်းကို ဘယ်တော့မှ လက်မထပ်ဘူး၊ ကိုဘုန်း မိဘတွေ စီစဉ်နေတဲ့ အပျိုစင်ကလေးကိုပဲ ကိုဘုန်း လက်ခံလိုက်ပါ"

'ဘာ–! ဘာပြောတယ် နိုးနိုး'

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်စွာ ပေါက်ကွဲမြည်ဟည်းသွားသော အသံကြောင့် သက်မြတ်နိုးကိုယ်လေး ဆတ်ခနဲတုန်သွားရသည်။ သူမ လန့်သွား၏။

"နိုးနိုး ကိုယ့်ကို လက်မထပ်လို့ ဘယ်ဖြစ်မလဲ၊ နိုးနိုး ကိုယ့်ကို လက်ထပ်ရမယ်၊ လက်ထပ်ကို လက်ထပ်ရမယ်ကွာ"

သက်မြတ်နိုး ခေါင်းကို တွင်တွင် ယမ်းနေမိသည်။ ဝေ့လည်လည် မျက်ရည်စက လျှောခနဲပါးပြင်ပေါ် လိမ့်ဆင်းစီးကျသွားတာ သိလိုက်သည်။

"ကျွန်မ.... ကိုဘုန်းကို သိပ်ချစ်ပါတယ်၊ အဲဒီလိုပဲ ကိုဘုန်းရဲ့ အချစ်ကိုလည်း ကျွန်မ အကြွင်းမဲ့ ယုံကြည်ပါတယ်၊ ဒါကြောင့် ကျွန်မ ကိုဘုန်းကို လက်မထပ်နိုင်ဘူးလို့ ငြင်းရတာပါ"

"အချစ်သူရဲကောင်း လုပ်တယ်ဆိုတာ လူကြားကောင်းပေမယ့် ကာယကံရှင်ကွေခံရတာ ရင်နဲ့အမျှပါ၊ အဓိပ္ပာယ် မရှိတာတွေ ခေါင်းထဲက ထုတ်ပစ်လိုက်ပါ နိုးနိုးရယ်၊ကိုယ် မင်းကိုပဲ လက်ထပ်ပါရစေ"

"မဟုတ်သေးဘူး ကိုဘုန်း၊ ကျွန်မ တစ်ညလုံးစဉ်းစားပြီးမှ ဒီအဖြေကို ပေးတာပါ၊ ကျွန်မသာ ကိုဘုန်းအမေနေရာမှာ ရှိခဲ့ရင်လည်း ကိုယ့်သားကို အိမ်ထောင်ပျက်ထားတဲ့



တစ်ခုလပ် မိန်းမတစ်ယောက်နဲ့ ပေးစားချင်မှာ မဟုတ်ပါဘူး၊ ဆရာဝန်မ, မကလို့ မိုးပေါ်ကကျလာတဲ့ နတ်သမီးလေးပဲ ဖြစ်စေဦးတော့၊ တစ်ခုလပ်မဆိုတာ သိတာနဲ့ ဘယ်မိဘမဆို ကိုယ့်ရဲ့သားနဲ့ ပေးစားဖို့ နောက်တွန့်သွားကြမှာပါပဲ၊ မိဘတိုင်းဟာ ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံတာကိုပဲ မြင်ချင်ကြတာပေါ့၊ ကိုယ့်သား လူပျိုနုနုထွတ်ထွတ်လေးကို တစ်ပတ်နွမ်း မိန်းမတစ်ယောက်နဲ့ ဘယ်သဘောတူနိုင်ပါ့မလဲရှင်၊ ဒါဟာ ဘယ်လိုမှ အပြစ်မဆိုသာတဲ့ တရားမျှတတဲ့ အယူအဆတစ်ခုပါ ကိုဘုန်း"

လောကသစ္စာကို လူတိုင်း ကိုးကွယ်ဆည်းကပ်ချင်ကြသည် ဆိုသည်မှာလည်း ခေါင်းမြီးခြုံ မင်းသားတစ်ပါးလို မလှည့်ဖြား၊ မလှည့်စားတတ်၍ပဲဖြစ်မည်။ အမှန်တရားမှာ ခေါင်းနှင့် ပန်းလိုပါပဲ။ မိမိရေးထားသော စာမျက်နှာကိုသာ မိမိက အမှန်ပါဟု တဇွတ်ထိုး ငြင်းဆို ဟစ်ကြွေးနေ၍ မရနိုင်စကောင်း။ ငိုင်တွေနေသော ချစ်သူ၏ ရင်မှာ ကြေကွဲနေမည်မှန်း သိပါလျက် နာကျင်နေသော နှုတ်ဖျားမှ သက်မြတ်နိုး ဘယ်လိုအားတင်း ရှင်းပြရပါ့မလဲ။

ကျုံးရေပြင်ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသော နံနက်ခင်းလေနုအေးသည် ဆံနွယ်ဆံစလေးများကို ထိခတ်

www.burmeseclassic.com

www.burmeseclassic.com



ဆောကစားနေ၏။ စိုစွတ်နေသော ပါးပြင်များကိုလည်း တိုးဝှေ့သွားကြသည်။

"ဒါက ကျွန်မနှလုံးသားထဲက မိခင်စိတ်နဲ့ ကိုဘုန်းအမေကို ကိုယ်ချင်းစာပြီး တွေးခဲ့မိတာပါ၊ နောက်တစ်ချက် ကျွန်မ ပြောချင်တာကတော့ ကျွန်မရဲ့ ချစ်သူ ကိုဘုန်းအတွက် ကျွန်မရဲ့ ကိုယ်ပိုင်ခံစားချက်ကို ပြောပါရစေ၊ ကိုဘုန်းကို ကျွန်မ နမြောတယ်၊ ကျွန်မလို တစ်ခုလပ်တစ်ယောက်နဲ့ ကိုဘုန်းကို ကျွန်မလုံးဝ သဘော မတူနိုင်ဘူး၊ ကိုဘုန်းလို လူပျိုဆရာဝန် တစ်ယောက်က အပျိုစင်တစ်ယောက်ကို ရနိုင်ပါလျက်နဲ့ ကျွန်မလို အိမ်ထောင်ပျက်မိန်းမတစ်ယောက်နဲ့ လက်ထပ်သွားတယ်ဆိုရင် ကိုဘုန်းရဲ့ သူငယ်ချင်းတွေ၊ ဆွေမျိုး အသိုင်းအဝိုင်းတွေက ကိုဘုန်းကို ဘယ်လိုအမြင်နဲ့ ကြည့်ကြမလဲ၊ စဉ်းစားစမ်းပါ ကိုဘုန်းရဲ့၊ ကျွန်မရဲ့ရင်တစ်ခုလုံး ပွင့်ထွက် သွားမတတ် စူးစူးနစ်နစ် မြတ်နိုးတွယ်တာရတဲ့ ကိုဘုန်းကို အဲဒီလို အဖြစ်မခံနိုင်ဘူး၊ ကျွန်မ သိပ်ချစ်ရတဲ့ ချစ်သူကို အပျိုစင် မိန်းကလေးတစ်ယောက်နဲ့ပဲ ရသွားစေချင်ပါတယ် ကိုဘုန်းရယ်၊ ကျွန်မရဲ့ ချစ်သူအတွက် ဘယ်တော့မှ မပြယ်နိုင်တဲ့ ကျွန်မရဲ့ စေတနာ၊ မေတ္တာတွေပါရှင်'

"မဆိုင်ပါဘူး နိုးနိုးရယ်၊ ပတ်ဝန်းကျင်ကို ဘာလို့ ဒီလောက်တောင် ဂရုစိုက်နေတာလဲ၊ ကိုယ်ကတော့ ဂရုမစိုက်ချင်တော့ဘူး"



"နေဦး ကိုဘုန်း၊ ကျွန်မစဉ်းစားထားတာ အချက်သုံးချက်ပါ၊ နောက်ဆုံး တစ်ချက် ကျန်သေးတယ်၊ ကျွန်မမှာ မိန်းမတစ်ယောက်ရဲ့ ရှိထိုက်တဲ့ မာနမိန်းမတစ်ယောက်ရဲ့ အတ္တဆိုတာလည်း ရှိပါသေးတယ်၊ ကျွန်မရဲ့ အတ္တစည်းဝိုင်း ကျိုးပေါက်ပြီး ကျွန်မရဲ့မာနအိမ်မှာ ဘယ်လိုပဲအရောင်ပြောင်းသွားသွား၊ ဘယ်လောက်ပဲ အရောင်မှိန်သွားသွား စူးရှထက်မြက်နေသေးတာကို ကိုဘုန်း နားလည်ပေးပါ၊ ကျွန်မကို လက်မခံနိုင်တဲ့ အသိုင်းအဝိုင်းထဲကို မျက်စိမှိတ်ပြီး ခွတ်တိုးမဝင်နိုင်တာအတွက် ကျွန်မကို ခွင့်လွှတ်ပါ ကိုဘုန်းရယ်"

အဆက်မပြတ်စီးကျလာသော မျက်ရည်စီးကြောင်းနှစ်ခုကို လက်နှစ်ဖက်ဖြင့် ခပ်ကြမ်းကြမ်း ဖိပွတ်သုတ်သင်ပစ်လိုက်သည်။

ဒုတိယအကြိမ်မြောက် ခေါင်းခါလိုက်ခြင်းအတွက်လည်း ဝေဒနာဖြတ်ပိုင်းလေးတစ်ခုသာ သူမအတွက် ကြွင်းကျန်ရစ်ခဲ့မှာပါပဲ။

"နိုးနိုးရယ်၊ ကိုယ့်ကို မရက်စက်ပါနဲ့ကွာ၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကို လက်ထပ်ပါနော်"

သူမ၏ လက်နှစ်ဖက်ကို မျှော်လင့်တကြီးဆုပ်ကိုင်ထားသော ချစ်သူ၏ ငိုလင့်နေသော မျက်လုံးများကို သူမ ရင်မဆိုင်ရဲပါ။ စိတ်အားထက်သန်စွာ တရားဝင်

www.burmeseclassic.com

www.burmeseclassic.com



စည်ရုံးနေသော ချစ်သူကိုကိုအား သူမ ခေါင်းမော့မကြည့်ဝံ့ပါ။ သူမရင်ထဲ နွမ်းလျပျော့ခွေလာ၏။ သူမ စိတ်လျှော့လိုက်မိဖို့ တဲတဲလေးသာ ကျန်တော့သည်။ သူမ၏ ချစ်သူကို အလိုတူအလိုပါ ခေါင်းမညိတ်မိစေဖို့ သူမ ပင်ပန်းကြီးစွာ ကြိုးစားနေတာသိရဲ့လား ကိုကို။

"နောက်ဆုံးအနေနဲ့ ကိုဘုန်းကို ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်၊ ကိုဘုန်းရဲ့ မိဘတွေကပေးစားမဲ့ မိန်းကလေးက ကိုဘုန်းအတွက် အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်လို့ ကျွန်မ ယူဆမိတာကြောင့် ကိုဘုန်း အဲဒီမိန်းကလေးနဲ့အမြန်ဆုံး လက်ထပ်ပါ"

"အို လုံးဝ လက်မထပ်နိုင်ဘူး နိုးနိုး၊ ကိုယ်သူ့ကိုမှ မချစ်တာ၊ သူ့ကို လုံးဝ စိတ်မဝင်စားဘူး'

"ဒါကတော့ ကိုဘုန်းရဲ့ သဘောဆန္ဒအတိုင်းပါပဲ၊ ကျွန်မ ဒီနေ့ ရုံးမှာ ခွင့်ရက်ရှည်သွားတင်မယ်၊ ကိုဘုန်း လက်မထပ်ပြီးမချင်း ကျွန်မ M.Med.Sc ပြန်မတက်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ကျွန်မဟာ ဟိုတုန်းကလို အားနာ တွေဝေတတ်တဲ့ နိုးနိုး မဟုတ်တော့ဘူးနော်၊ လောကဓံရဲ့ အတုအထောင်းကြောင့် ခိုင်မာ့ရဲရင့်တဲ့ မိန်းမတစ်ယောက် ဖြစ်နေပြီ၊ ဘဝမှာ ပြတ်သားသင့်တာတွေ ပြတ်သားဖို့အတွက် ဒီ M.Med. Sc ဘွဲ့ကို စွန့်လွှတ်ဖို့ မပြောနဲ့၊ အသက်နဲ့ရင်းရမယ်ဆိုရင်လည်း နိုးနိုး မကြောက်တတ်တော့ဘူးဆိုတာ ကိုဘုန်း ယုံပါ"



ဟင်– သူငိုနေတယ်။ နီရဲနေသော မျက်လုံးနှစ်ဖက်မှ တပေါက်ပေါက်စီးကျလာသော ချစ်သူ၏ မျက်ရည်စက်များသည် သူမရင်ကို ပူပြင်းလောင်မြိုက်စေသည်။ ကိုကို့ မိဘများ၏ သဘောတူသော အပျိုစင်သတို့သမီးဆိုသူနှင့်သာ လက်ထပ်လိုက်ဖို့ ကိုကို့ကို ချော့မော့ ဖျောင်းဖျပေးခဲ့တာ ကိုကို့ဘဝ 'နေနှင့်လ၊ ရွှေနှင့်မြ' ဖြစ်သွားခဲ့ရင် နိုးနိုး ဝမ်းသာကျေနပ်ရမှာပါ။

"ကျွန်မသွားတော့မယ် ကိုဘုန်း၊ ကိုဘုန်းကို ကျွန်မ နှုတ်ဆက်ခဲ့ပါတယ်"

ဆုပ်ကိုင်ထားဆဲ ဘုန်းမြင့်မော်၏ လက်တွင်းမှ ရုတ်တရက် ရုန်းထွက်လိုက်ပြီး သူမ ချာခနဲကျောခိုင်း ထွက်ခဲ့သည်။ အချစ်ကြီးချစ်ကြသူနှစ်ဦး ဝေးကြရပြန်ပြီ။ ချစ်သူ၏ မျက်ရည်စက်များဟာ နောက်ဆုံး နှုတ်ဆက်ခြင်းပါပဲ။

'ဝေးခဲ့ကြပြီ ကိုကိုရယ်'လို့ ပွဲတင်သံတွေ ရင်အနှံ့ ရိုက်ဖတ်တုန်ခါနေသလို၊ မျက်ရည်မြစ်ဖျားက တစ်ဟုန်ထိုး စီးဆင်းလာသော မျက်ရည်စများနဲ့ ....။

ဟန်ဆောင်ကောင်းသော ကျောက်ခဲတုံးလေးများသာလျှင် "လက်ဝတ်ရတနာ"အဖြစ် ဆင်မြန်းခံရတတ်သည့် လောကနိယာမ ပေတံကြီးကို ကိုကို မေ့နေဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင် - သုငိုနေတယ်။ နီရဲနေသော မျက်လုံးနှစ်ဖက်မှ တပေါက်ပေါက်စီးကျလာသော ချစ်သူ၏ မျက်ရည်စက်များသည် သူမရင်ကို ပူပြင်းလောင်မြိုက်စေသည်။ ကိုကို့ မိဘများ၏ သဘောတူသော အပျိုစင်သတို့သမီးဆိုသူနှင့်သာ လက်ထပ်လိုက်ဖို့ ကိုကို့ကို ချော့မော့ ဖျောင်းဖျပေးခဲ့တာ ကိုကို့ဘဝ 'နေနှင့်လ၊ ရွှေနှင့်မြ' ဖြစ်သွားခဲ့ရင် နိုးနိုး ဝမ်းသာကျေနပ်ရမှာပါ။

"ကျွန်မသွားတော့မယ် ကိုဘုန်း၊ ကိုဘုန်းကို ကျွန်မ နှုတ်ဆက်ခဲ့ပါတယ်"

ဆုပ်ကိုင်ထားဆဲ ဘုန်းမြင့်မော်၏ လက်တွင်းမှ ရုတ်တရက် ရုန်းထွက်လိုက်ပြီး သူမ ချာခနဲကျောခိုင်း ထွက်ခဲ့သည်။ အချစ်ကြီးချစ်ကြသူနှစ်ဦး ဝေးကြရပြန်ပြီ။ ချစ်သူ၏ မျက်ရည်စက်များဟာ နောက်ဆုံး နှုတ်ဆက်ခြင်းပါပဲ။

'ဝေးခဲ့ကြပြီ ကိုကိုရယ်'လို့ ပဲ့တင်သံတွေ ရင်အနှံ့ ရိုက်ဖတ်တုန်ခါနေသလို၊ မျက်ရည်မြစ်ဖျားက တစ်ဟုန်ထိုး စီးဆင်းလာသော မျက်ရည်စများနဲ့....။

ဟန်ဆောင်ကောင်းသော ကျောက်ခဲတုံးလေးများသာလျှင် "လက်ဝတ်ရတနာ"အဖြစ် ဆင်မြန်းခံရတတ်သည့် လောကနိယာမ ပေတံကြီးကို ကိုကို မေ့နေဟန်တူသည်။

# အပိုင်း ၅

www.burmeseclassic.com

www.burmeseclassic.com

၁

မြားမှန်ထားသော ငှက်တစ်ကောင်ဟာ မိဘရင်ခွင်မှာ တွေးသိပ် အနားယူခဲ့ရတာလောက် ဘယ်အရာကမှ အားပြည့်လန်းဆန်းစေမည် မဟုတ်ပါ။ ငြိမ်းချမ်းမှုနှင့် နွေးထွေးမှုများက သူမ၏ ခွန်အားများကို အသစ်တစ်ဖန် ပြန်လည်မွေးဖွားပေးခဲ့သည်။

'နိုးနိုးက ကိုကိုချစ်သလောက် မချစ်ပါဘူး'ဟု တစ်ဖက်သတ် စွဲချက်တင် နာကြည်းစကား ဆိုသွားခဲ့သော ချစ်သူ၏ တီးတိုးရေရွတ်သံ မပီပိုးတဝါးကို ကျောခိုင်း စွန့်ခွာခဲ့ပြီးသည့်နောက်....။

နောက်ဆုံးတော့ ကိုကို လက်လျှော့သွားလိမ့်မည်။ အနားလိတ် ကြွေမွနေသော အတိတ်သည် သူမကို လမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းသစ်ပေါ်သို့ ဘယ်တော့မှ ခြေချခွင့်ပေးလိမ့်မည် မထင်ပါ။ နှမြောတသမှုနှင့် ဆုံးရှုံးနစ်နာသွားမှုတို့၏ ချိန်ခွင်လျှာသည်လည်း ဘယ်တော့မှ ညီမျှသွားနိုင်မည် မဟုတ်တော့ပါ။

ဝန်ထမ်းဆရာဝန်နှင့် ဆေးပညာဘွဲ့လွန် သင်တန်းသူ တစ်ယောက်၏ ဘဝက ကိုယ်ပိုင်အသိတရားနှင့် တာဝန်ပိုင်း တွေမှာ သတ်မှတ်ချက်စည်းဝိုင်း ကျဉ်းမြောင်းလွန်းလှသည့် အတွက်....၊ ခွင့်ရက်စေ့လျှင် အလုပ်ပြန်ဝင်ခဲ့ရသည်။

ရင်ခုန်သံ ဗလုံးဗထွေးနှင့် လှုပ်ရှားနေသော ရင်အစုံကို အားတင်းထိန်းသိမ်းလျက် သူမ တာဝန်နှင့် ဝတ္တရားများရှိရာ ဖျားနာဆောင် (၁) ၏ ဆရာဝန်များ ရုံးခန်းအတွင်းသို့ သူမ အသာလှမ်းဝင်ခဲ့သည်။

ဆရာဝန်တွေ စုစုဝေးဝေးထိုင်နေကြသော စားပွဲ ပေါ်တွင် ဖိတ်စာကတ်ပြားတစ်စောင် ရှေ့မှာချထားပြီး တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသံကို တစ်စွန်းတစ်စ ကြားလိုက်ရသည်။ သူမ ပင်လာတာ မြင်လိုက်သည်နှင့် အားလုံး မျက်စိမျက်နှာပျက်ကုန်ကြသည်။ ဖိတ်စာလေးကို တစ်ယောက်က ဆတ်ခနဲဆွဲယူပြီး ဗိုင်တွဲတစ်ခုအောက်သို့ မသိမသာ ထိုးထည့်လိုက်သည်ကို သူမ မြင်ဖြစ်အောင် မြင်လိုက်ရ၏။



"ဩော် သက်မြတ်နိုး ပြန်ရောက်ပြီလား"

"ဟုတ်ကဲ့၊ ဘာတွေ တိုင်ပင်နေကြတာလဲဟင်၊ စောစောက ဖိတ်စာလေးတစ်စောင် မြင်လိုက်မိတယ်၊ ဘယ်သူ့ မင်္ဂလာဆောင်လဲ၊ စုပြီးလက်ဖွဲ့ကြဖို့ တိုင်ပင် နေကြတာလား"

သူမ၏ မေးခွန်းများကို ဘယ်သူကမျှ အဖြေမပေးနိုင် ကြပါ။ အားလုံးက သူမကို ကြောင်တောင်တောင် မော့ ကြည့်နေကြသည်။

"ဩော် ဖိတ်စာကမ်းဖို့ တစ်ယောက်ကျန်နေသေး တာပဲ"

အသံလာရာဆီသို့ အားလုံး လှည့်ကြည့်ကြသည်။ အပေါက်ဝမှာ သူ။ ဘုန်းမြင့်မော်။ သူမရှိရာသို့ တန်းတန်း မတ်မတ် လျှောက်လာနေ၏။

"ဒါ ကျွန်တော့်ရဲ့ မင်္ဂလာဆောင်ဖိတ်စာပါ ဒေါ်သက် မြတ်နိုး၊ မပျက်မကွက် တက်ရောက်ချီးမြှင့်ပေးပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်"

ကြေကွဲသံစဉ်တွေ....၊ နာကျင်မှုတွေ။

ရတ်ခြည်း ဝေ့ဝဲကျလာသည့် မျက်ရည်စများကို မျက်တောင်နှစ်ခု တဖျတ်ဖျတ်ပုတ်ခတ်လျက် ပင်ပန်းကြီးစွာ

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းထားရသည်။ ဖိတ်စာကို လက်ကမ်းယူချိန်မှာ လက်ချောင်းလေးများမတုန်ယင်စေဖို့အတွက်လည်း အသက်ကို အောင့်ထားလိုက်သည်။

"စိတ်ချပါ ကိုဘုန်းမြင့်မော်၊ ရှင့်ရဲ့ မင်္ဂလာပွဲကို အရောက်လာခဲ့ပါ့မယ်လို့ ကျွန်မ ကတိပေးပါတယ်၊ ဘယ်လို အကြောင်းကြောင့်မှ မပျက်ကွက်စေရပါဘူး"

ချစ်သူ၏ လက်ထပ်ခွင့် တောင်းခြင်းကို ခိုင်မာပြတ်သားစွာ ငြင်းပယ်ခဲ့ရသော ဘုန်းမြင့်မော်က သူမထံသို့ မင်္ဂလာဆောင် ဖိတ်စာကတ်ပြားလေးကို ကိုယ်တိုင်ကိုယ်ကျ လာပေးနေခြင်းအတွက် သူမ အထွေအထူး မအံ့သြချင်တော့ပါ။ အရာရာတိုင်းအတွက် အရင်းအနှီး မြောက်မြားစွာ ပေးဆပ်ခဲ့ရသည့် သူမ၏ ဘဝအစိတ်အပိုင်းများကို ရင်ထဲမှာပဲ ထာဝရ သိမ်းဆည်းထားလိုက်ပါတော့မည်။

အချိန်အတော်ကြာအောင် သူမအား စိုက်ကြည့်သွားသော ဘုန်းမြင့်မော်၏ မျက်လုံးတွေထဲမှာ နှမြောတသခြင်းလား၊ ဝမ်းနည်းကြေကွဲခြင်းလား၊ တစ်သက်စာ နှုတ်ဆက်ခြင်းလား၊ ဒါမှမဟုတ် နာကျည်းမုန်းတီးခြင်းတွေလား သူမ မဝေခွဲတတ်ပါ။

ဘာပဲဖြစ်ဖြစ် သူမ မှာကြားခဲ့သည့်အတိုင်း မင်္ဂလာကိစ္စကို သူ လိုလိုလားလား လက်ခံသွားခဲ့ပြီပဲ၊ သူမမှာလည်း



သူ၏ နိုးနိုး မဟုတ်တော့။ ဒေါ်သက်မြတ်နိုးဘဝသို့ ပြောင်းလဲသွားခဲ့ပြီ။

ဪ ခုတော့လည်း သူစိမ်းတွေအလယ်မှာ သူမ တစ်ဦးတည်း တစ်ယောက်တည်းပါလား။

၂

ခိုင်ခိုင်မာမာပေးခဲ့သော ကတိတစ်ခု တည်စေရန်နှင့် ဝတ္တရားတစ်ခု ကျေပွန်စေရန်အတွက် ကိုကို၏ မင်္ဂလာပွဲသို့ သူမ သွားရမည်။ တကယ်တော့ ပတ်ဝန်းကျင်ကို ဟန်ဆောင်လှည့်ဖျားနိုင်မည်ဟု ထင်မှတ်ထားခဲ့ခြင်းသည် ကိုယ့်ကိုယ်ကို လျှော့တွက်ခြင်းပဲ ဖြစ်ပေလိမ့်မည်။

ခမ်းနားထည်ဝါလှသော မင်္ဂလာခန်းမကျယ်ကြီးထဲသို့ ခြေတစ်လှမ်း ချမိတော့မှပင် သူမကိုယ် သူမ မှားမှန်းသိလိုက်ရတော့သည်။

ဖူးရှတောက်ပြောင် အရောင်တွေ တဖိတ်ဖိတ်လက်နေသော စိန်တွေ ရွှေတွေ ပြိုးပြိုးပြက်ပြက်။ ဖြူနီပြာဝါ အရောင်အသွေးစုံ အဆင်တန်ဆာတွေက လက်လက်ခါလျက်။ စင်မြင့်ပေါ်မှ တေးသံသာက အေးအေး ငြိမ့်ငြိမ့်။

မိမိကိုယ်မိမိ တဖြည်းဖြည်း ကျုံ့ဝင်သေးငယ်သွားသလို မင်္ဂလာခန်းမတစ်ခုလုံးအနှံ့ လွှင့်ပျံ့လာသော "ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



များနေ့" စုတ္တဲသီချင် များအောက်တွင် သူမ မြူမှုန်လေး လောက်ပင် ကျန်ရစ်ပါဦးမလား။

နှလုံးသားမှ လျှံကျလာသော မျက်ရည်စများကို မျက်တောင်နှစ်ခုဖြင့် ခက်ခဲပင်ပန်းကြီးစွာ ပုတ်ထုတ်နေရသည်၊ တုန်ယင်လှိုက်မောမှုများကို ပျာယီးပျာယာ ထိန်းသိမ်းနေရသည်။

နီးရာခုံလွတ်တစ်ခုတွင် ကမန်းကတန်း ဝင်ထိုင်လိုက်ပြီး သူမ ခေါင်းငုံ့ထားခဲ့သည်။ ချစ်သူ၏ လက်ထပ်မင်္ဂလာပွဲ အခမ်းအနားမှာ ကြောင့်ကြမဲ့ ငုတ်တုတ်ထိုင်နေသော သူမအား ရယ်မောပြောင်လှောင်နေကြမည့် မျက်နှာစိမ်းများ....။ သူမ ခေါင်းမဖော်ရဲခဲ့ပါ။ သီချင်းများ၏ ရစ်သမ်အကြားမှာ သူမ၏ နှလုံးသားတစ်ခုလုံး ပိုးစိုးပက်စက် ခုန်ပေါက်နေသည်။ သူမ၏ ရင်ထဲမှာ လက်တွေ့ဘဝ၏ ပူလောင်ခက်ထန်မှုကို တိုင်းဟာစမ်း သပ်ကြည့်နေမိ၏။

ဟင်....။ သူမရှေ့မှာ ခြေထောက်နှစ်စုံ။ မီးခိုးရောင်ဘောင်းဘီအောက်က အရောင်တောက်နေသော ကြောင်ကမ္ဘာ (CAT GLOBE) ရှူးဖိနပ် တစ်ရံ၊ သူနှင့်တွဲလျက် ဇာဂါဝန် ပန်းပွင့်ဖြူများအောက်က ခြေအိတ်အဖြူ၊ ပြီးတော့ တဖိတ်ဖိတ်တောက်နေသော ပင်ဆယ်ဟီးလ် ဒေါက်ဖိနပ် တစ်ရံ။



အို၊ ဒါဟာ သတို့သားနဲ့ သတို့သမီး။

"ကြူလေးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ်တို့ ဆေးရုံကြီးရဲ့ 'ကွင်း' ဒေါက်တာသက်မြတ်နိုးတဲ့၊ မှတ်ထားနော် ကြူကြူ"

ဘုရားရေ။ သူမ ယဉ်ကျေးမှု ချိန်ခွင်လျှာပေါ်မှာ အတင်ခံထားရပြီ။ အံကို တင်းတင်းကြိတ်လိုက်သည်။ ပြတ်ထွက်လုမတတ် ဖိကိုက်ထားသော အောက်နှုတ်ခမ်းလွှာက နာကျင်လှ၏။ သူမ၏ အားတင်းထားသော မျက်ဝန်းအကြည့်များကို ညင်သာအေးဆေးစွာ မော့လိုက်နိုင်ချိန်တွင် သူမအား ငုံ့ကြည့်ပြုံးပြနေသော ကိုကို့ကို တွေ့လိုက်ရသည်။ ပြီးတော့ ကိုကို၏ ဘယ်ဘက်လက်မောင်းကို ဖက်တွယ်လျက် မှိန့်မှိန့်စွာရပ်နေသော သတို့သမီး၏ လှပချောမွေ့သော မျက်နှာလေး။

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် မမ"

သာယာချိုအေးလှသောသတို့သမီးလေး၏ အသံ...၊ ပြီးတော့ နှုပျိုတက်ကြွနေသော သူမ၏ မျက်နှာကလေး။

ဩော်- ချစ်သူကိုကို၏ မိဘအသိုင်းအဝန်းက လိုလားမြတ်နိုးစွာ လက်ခံကျေနပ်ခဲ့သော အပျိုစင် သတို့သမီးလေး။

သူမ၏ ရင်ထဲမှာ ဒိန်းခနဲပေါက်ကွဲမြည်ဟည်းသွားသည်။ ပူလောင်စူးရှသွားရသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများ မှေးစင်းလျက် ရီဝေစွာ ငေးစိုက်ကြည့်သွားသော ကိုကို့ မျက်နှာလေးကို ဖတ်ရှုဘာသာပြန်ချိန် မရလိုက်ပါ။ ချော်ရည်ပူများ၊ ချော်တုံးချော်ခဲအပိုင်းအစများသည် မီးတောင်ကြီးကို တွန်းကန်လျက် လျှပ်တစ်ပြက်ပြင်းထန်သော အဟုန်ဖြင့် ဟုန်းခနဲ ပေါက်ကွဲလွင့်စင်၊ တစ်စစီ။

တားဆီးဟန့်တားချိန် မရလိုက်ပါ။

အရာရာသည် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် ဖြစ်ပျက်သွားကြသည်။

BURMESE CLASSIC .com

၃

ခါယမ်းနေသောလက်ဖြင့် သော့ခလောက်ထဲသို့ သော့တံကို အခါခါ ထိုးထည့်နေရသောသက်မြတ်နိုး၏ ခန္ဓာကိုယ်က အနည်းငယ်ယိမ်းထိုးလျက် တဆတ်ဆတ်တုန်ခါနေသည်။

စည်းချက်မမှန် မြန်လွန်းသော နှလုံးခုန်သံကို အဖော်ပြုလျက် တုန်ယင်လှိုက်မောစွာ သူမ အိမ်ပြန်လာခဲ့သည်။ အပြန်လမ်းတစ်လျှောက်လုံး သူမ၏ နှလုံးသားကိုဖိစီးနှိပ်စက်လာခဲ့သော သတို့သမီး၏ မျက်နှာလေး။ သူမ၏ အိပ်မက်ထိအထိ လိုက်လံချောက်လှန့် နေဦးတော့မည့် မျက်နှာလေး။



ဤမျက်နှာလေးက သူမ၏ အိမ်ခန်းထဲမှာ ရယ်မောရွှင်မြူးစွာ ကခုန်လျက် သူမကို စောင့်ကြိုနေပြန်ပြီ။

သတို့သမီးလေး၏ ကျယ်လောင်လှသော ရယ်မောလိုက်သံ။

သက်မြတ်နိုး၏ ဘဝနှင့်ချီ၍ ဘယ်တော့မှ မေ့ပျောက်လို့ ရနိုင်မည် မဟုတ်တော့ပါ။ ထိုမိန်းကလေးကတော့ သက်မြတ်နိုးကို မမှတ်မိသည့်ပုံ။ တစ်စုံတစ်ခုအတွက်မမှတ်မိချင်ယောင် ဆောင်နေတာများလား၊ ဟန်ဆောင်မှုများနှင့် ခြယ်သမွှမ်းမံတတ်သော ထိုသတို့သမီးလေးစိုးထင့်မနေစေဖို့ သက်မြတ်နိုးရင်ထဲမှစကားများ ဖွင့်အန်ပြလိုက်ချင်ပါ၏။ (ဂီလာနတို့၏အတွင်းရေးကို ဖွင့်ဆိုအပ်သည်မှလွဲ၍ သူမအသက်နှင့်အမျှ လျှို့ဝှက်ထားပါမည်။)

ဟား ဟား ဟား ဟား အော်ဟစ် လှောင်ပြောင်ရယ်မောသံများ....။

ချာချာလည်နေသောအခန်း။ မူးယစ်ရီဝေနေတဲ့ခုတင်၊ ယိုင်တိယိုင်ထိုး ကုလားထိုင်။ နံရံကြီးကစောင်းရွဲ့လျက်၊ နံရံပေါ်မှချစ်သူ၏ ပုံတူပန်းချီကားချပ်တွေလည်းခုန်ပေါက်နေကြပြီ။

'ဖြစ်မှဖြစ်ရလေကိုကိုရယ်' လို့ရင်ကွဲမတတ်အော်ဟစ်ညည်းညူလိုက်သော ရင်ခေါင်းသံ။ ပြီးတော့ ဓားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်မွှန် ပစ်လိုက်သော မျက်ရည်မြစ်ထဲက ပန်းချီကားများ။ ရှိုက်ကြီးတငင် ငိုကြွေးလိုက်သော ပေါက်ကွဲသံစဉ်။ လှိုက်ခါနေသော ရင်အစုံမှ ကိုကို့အတွက် လှိုက်လှိုက် လှဲလှဲ ယူကျုံးမရ ဖြစ်ရလွန်း၍....။

သူမ၏နှလုံးသားနှင့်အတူ သူမချစ်သူကိုကို၏ဘဝတစ်ခုလုံးကို 'အပျိုစင်' ဟူသာဝိသေသဖြင့် သိမ်းပိုက်ယူငင်သွားသော ထိုသတို့သမီးသည် (သူမကောင်းစွာမှတ်မိနေခဲ့သော) ထူးခြားသည့် မျက်နှာပိုင်ရှင်လေးပဲဖြစ်သည်။

ဒေါက်တာသက်မြတ်နိုး စွဲလမ်းစွာ မှတ်မိနေသော ထိုသတို့သမီး၏ နှာသီးဖျားပေါ်က မှဲ့နက်ကလေး။

ယဉ်မင်းဦး (ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

www.burmeseclassic.com